# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၅ ခုနှစ် ၊ ကဆုန်လဆန်း (၂) ရက် ၊ ကြာသပတေးနေ့ ၊ (20-4-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၃၄၉)


**ဒို့တာဝန်အရေးသုံးပါး**

- ❖ ပြည်ထောင်စုမပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန်ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



ကချင်ပြည်နယ် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်းရှိ တည်ဆောက်ပြီးစီးခဲ့ပြီဖြစ်သည့် တန်ချာ(၂)တံတားကို တွေ့ရစဉ်။

# ကချင်ပြည်နယ်တွင် တံတား ၄၉ စင်း တည်ဆောက်ပေးနေပြီး တံတား ၄၄ စင်းထိ ဆောင်ရွက်ပြီးစီး

**နေပြည်တော် ဧပြီ ၁၉**

ကချင်ပြည်နယ်တွင် တံတား ၄၉ စင်းထိ တည်ဆောက်ပေးနေပြီး တံတား ၄၄ စင်းထိ ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း ဆောက်လုပ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

ထိုသို့ တည်ဆောက်ပေးရာတွင် မြစ်ကြီးနား-ဆွမ်ပရာဘွမ်-ပူတာအိုလမ်းပိုင်းတွင် တံတား ၁၄ စင်း၊ နမ္မတီး-တနိုင်း-ပန်ဆောင်း လမ်းပေါ်တွင် တံတား ၁၁ စင်း၊ ရွှေဘို-မြစ်ကြီးနား လမ်းပေါ်တွင် တံတားရှစ်စင်း၊ မချမ်းဘော-ဖရူးခ-ရပ်ဘော့-နောင်မွန်လမ်းပေါ်တွင် တံတား သုံးစင်း၊

**စာမျက်နှာ ၂၁ ကော်လံ ၁ သို့**




ရတနာပုံ
၂၀၂၃ ခုနှစ် မေ ၂၀ ရက်
အယ်ဒီတာ့အာဘော်

# စင်ကြယ်စွာအသက်မွေးခြင်း

မည်သူမဆို ဘဝရပ်တည်ရှင်သန်မှုပြုနိုင်ရန်အတွက် အသက်မွေးဝမ်းကျောင်းအလုပ်တစ်ခုကို လုပ်ဆောင်ကြရမြဲဖြစ်သည်။ ထိုသို့ အသက်မွေးဝမ်းကျောင်းအလုပ်ကို လုပ်ကိုင်ဆောင်ရွက်ကြရာတွင် သမ္မာအာဇီဝဖြစ်ရန် တစ်နည်းအားဖြင့် စင်ကြယ်သောအသက်မွေးမှုဖြစ်ရန် လိုအပ်သည်။ မိမိတို့၏ မိရိုးဖလာလုပ်ငန်းကို ဆက်ခံလုပ်ကိုင်ဆောင်ရွက်ခြင်း၊ မိမိဝါသနာပါရာ ကျွမ်းကျင်တတ်မြောက်ရာအလုပ်ကို လုပ်ကိုင်ဆောင်ရွက်ခြင်း၊ ဝင်ငွေရရှိမှုအပေါ် မူတည်၍ လုပ်ကိုင်ဆောင်ရွက်ခြင်း စသည်ဖြင့် လုပ်ငန်းအမျိုးအစားနှင့် လုပ်ငန်းခွင်အသီးသီးတို့တွင် လုပ်ကိုင်ဆောင်ရွက်လေ့ရှိကြပြီး မိမိတို့လုပ်ငန်းပမာဏအလိုက် လုံ့လဝီရိယစိုက်ထုတ်လုပ်ဆောင်ကြရသလို မိမိတို့လုပ်ငန်းအောင်မြင်ရန်၊ ဝင်ငွေတိုးတက်ရရှိရန်လည်း အမြဲမပြတ်ကြံဆလုပ်ကိုင်ကြရမြဲဖြစ်သည်။

မိမိတို့၏ အသက်မွေးဝမ်းကျောင်းအလုပ်ကို သမ္မာအာဇီဝကျကျလုပ်ကိုင်တတ်သည့် အလေ့အကျင့်ရှိသူသည် ရေရှည်တွင် အခြားသူများထက် ပိုမိုထိရောက်အောင်မြင်ကာ မိမိလုပ်ငန်း၏ ဂုဏ်သတင်းလည်း ပျံ့နှံ့ထင်ရှားလာမည်ဖြစ်သည်။ ဤနေရာတွင် မိမိလုပ်ငန်း၏ အရည်အသွေးကို ကောင်းမွန်နေစေရန်၊ စားသုံးသူ၊ ဝယ်ယူအသုံးပြုသူ စိတ်ကျေနပ်မှုရစေရန်နှင့် သင့်လျော်မျှတသည့် ဈေးနှုန်းသတ်မှတ်ထားရှိနိုင်ရန်တို့ကို အမြဲမပြတ် ဆန်းစစ်နေရမည်ဖြစ်သည်။

ဆောက်လုပ်ရေးလုပ်ငန်းများတွင် အရည်အသွေးပြည့်မီသည့် ကုန်ကြမ်းပစ္စည်းများကိုသာ စနစ်တကျအသုံးပြုခြင်းသည် မိမိလုပ်ငန်းဂုဏ်သတင်းကိုဆောင်နိုင်မည်ဖြစ်သလို အသုံးပြုသူအတွက် စိတ်ချလုံခြုံ၍ အန္တရာယ်ကင်းစွာ အသုံးပြုနိုင်မည်ဖြစ်ရာ ၎င်းသည် သမ္မာအာဇီဝကျသော စင်ကြယ်စွာအသက်မွေးမှု၏ ကောင်းကျိုးရလဒ်လည်းဖြစ်ကြောင်း သိရှိနိုင်သည်။

စားသောက်ကုန်လုပ်ငန်းများတွင် အရောအနှောကင်းခြင်း၊ အမျိုးအစားကောင်းမွန်သော ကုန်ပစ္စည်းအမည်များကို အသုံးပြုခြင်း၊ တာရှည်ခံရန် အရောင်လှပရန်အတွက် ခွင့်ပြုထားခြင်းမရှိသည့် ဆိုးဆေးနှင့် ဓာတုပစ္စည်းများ သုံးစွဲထားမှုမှ ရှောင်ကြဉ်ခြင်း၊ သက်တမ်းကုန်ဆုံးရက်ကို သိသာမြင်သာအောင် ရိုက်နှိပ်ဖော်ပြထားခြင်းတို့သည် မိမိလုပ်ငန်းကို ရေရှည်အကျိုးပြုနိုင်မည့် နည်းစနစ်များဖြစ်သလို ရောင်းသူလည်း အကျိုးအမြတ်ရရှိကာ စားသုံးသူအတွက်လည်း အာဟာရတန်ဖိုးရရှိနိုင်သည်ဖြစ်ရာ ကျေနပ်နှစ်သက်ဖွယ်ဖြစ်သည်ကို သိအပ်ပေသည်။

ဤနေရာတွင် စင်ကြယ်သောအသက်မွေးမှုက စင်ကြယ်စွာအကျိုးဖြစ်ထွန်းနိုင်ကြောင်းနှင့် ရေရှည်တွင် မိမိလုပ်ငန်းအောင်မြင်ဖြစ်ထွန်းမှုကို ဆောင်ကြဉ်းနိုင်မည်ဖြစ်ကြောင်းကို အတွေ့အကြုံများမှ သိရှိနိုင်မည်ဖြစ်သည်။ အရည်အသွေးသည် စားသုံးသူဘက်မှ စဉ်းစားခြင်းဖြစ်သည်။ ဈေးနှုန်းမှာ ထုတ်လုပ်သူ၏ လုပ်အားတန်ဖိုးဖြစ်သည်။ ဈေးနှုန်းနှင့် အရည်အသွေးညီညွတ်မျှတအောင် ဆောင်ရွက်နိုင်ခြင်းသည် လုပ်ငန်းအောင်မြင်မှုသို့ ရှေးရှုနိုင်မည်ဖြစ်သည်။

မိမိအကျိုးအမြတ်ရရှိလိုမှုသက်သက်ကို ဦးတည်၍ အရည်အသွေးစံမမီသော ကုန်ပစ္စည်းအသုံးပြုထုတ်လုပ်ခြင်းနှင့် သက်တမ်းကုန်ဆုံးနေပြီဖြစ်သော ကုန်ပစ္စည်းများကို ဈေးကွက်၌ ရောက်ရှိစေခြင်းမျိုးမှာ သမ္မာအာဇီဝကျကျ အသက်မွေးခြင်းမျိုးမဟုတ်ကြောင်း တွေ့နိုင်သည်။

ဘဝရပ်တည်ရှင်သန်မှုအတွက် အသက်မွေးဝမ်းကျောင်းအမှုပြုလုပ်ရာတွင် လက်ငင်းဘဝလည်း အကျိုးရှိကာ ရေရှည်တွင်လည်း ကောင်းသောဂုဏ်သတင်းမွေးပျံ့စေမည့် သမ္မာအာဇီဝကျကျ စင်ကြယ်စွာအသက်မွေးမှုပြုအပ်ကြောင်း အကြံပြုရေးသားလိုက်ရပေသည်။

# မန္တလေးကုန်စည်ဒိုင်အတွင်း ကုန်စည်များကို မေ ၁၉ ရက်မှစ၍ ပုံမှန်အတိုင်း အရောင်းအဝယ်ပြုလုပ်လျက်ရှိ



**မန္တလေး မေ ၁၉**

မန္တလေးကုန်စည်ဒိုင်အတွင်း ကုန်စည်များကို ယနေ့မှစ၍ ပုံမှန်အတိုင်း ပြန်လည်အရောင်းအဝယ်ပြုလုပ်လျက်ရှိကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

သင်္ကြန်ပွဲတော်ကာလတွင် မန္တလေးမြို့ရှိ ပဲ၊ ပြောင်း၊ နှမ်း စသည့် ကုန်စည်များကို အရောင်းအဝယ်ပြုလုပ်နေသည့် မန္တလေးကုန်စည်ဒိုင်ကို အရောင်းအဝယ်ရပ်နားထားပြီး ယာယီပိတ်ထားခဲ့ကြောင်း၊ အဆိုပါ မန္တလေးကုန်စည်ဒိုင်ကို ယနေ့တွင် ပုံမှန်အတိုင်း ပြန်လည်ဖွင့်လှစ်ကာ အရောင်းအဝယ် ပြုလုပ်လျက်ရှိကြောင်း သိရသည်။

"မန္တလေးကုန်စည်ဒိုင်ကို မေ ၁၂ ရက် (ဥပုသ်နေ့)၊ မေ ၁၃ ရက် (သင်္ကြန်အကြိုနေ့)၊ မေ ၁၄ ရက် (သင်္ကြန်အကျနေ့)၊ မေ ၁၅ ရက် (သင်္ကြန်အကြတ်နေ့)၊ မေ ၁၆ ရက် (သင်္ကြန်အတက်နေ့)၊ မေ ၁၇ ရက် (နှစ်ဆန်းတစ်ရက်နေ့)၊ မေ ၁၈ ရက်(ဥပုသ်နေ့)ထိ ယာယီပိတ်ထားခဲ့ပါတယ်။ ဒီနေ့မှာတော့ပုံမှန်အတိုင်းပဲပြန်လည်ဖွင့်လှစ်ထားပြီး အရောင်းအဝယ်ပြုလုပ်နေပါတယ်" ဟု ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်)အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြသည်။

အဆိုပါ ကုန်စည်ဒိုင်အတွင်း ပဲ၊ ပြောင်း၊ နှမ်း စသည့်ကုန်စည်များကို အရောင်းအဝယ်ပြုလုပ်မည့် လုပ်ငန်းရှင်များ အဆင်ပြေစေရေးအတွက် ၎င်းကုန်စည်ဒိုင်ကို နေ့စဉ်နံနက် ၈ နာရီမှ ညနေ ၄ နာရီထိ ပုံမှန်အတိုင်း ဖွင့်လှစ်ပေးထားမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးစျေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့်ကြက်သွန်နီများ တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ ခန့် ပေါက်ဈေးရှိ

**မန္တလေး မေ ၁၉**

မန္တလေး ဈေးကွက်အတွင်း ပခုက္ကူဘက်မှထွက်ရှိသည့် ကြက်သွန်နီများ အရောင်းအဝယ်ကောင်းလာပြီး တစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ ခန့် ပေါက်ဈေးရှိကြောင်း မန္တလေးမြို့ အောင် ကြက်သွန်နှင့် အာလူးပွဲရုံပိုင်ရှင် ဒေါ်မေသဲဆွေက ပြောပြ၍ သိရသည်။

မန္တလေး ဈေးကွက်အတွင်း သင်္ကြန်ကာလအပြီး ပခုက္ကူဘက်မှ ထွက်ရှိသော ကြက်သွန်နီများကို ဆက်တိုက်အဝယ်လိုက်လျက်ရှိပြီး ဈေးကောင်းရရှိလာကြောင်း၊ ပြည်တွင်းဈေးကွက်အပြင် ပြည်ပကလည်း ကြက်သွန်နီများကိုဝယ်ယူမှု များပြားနေခြင်းဖြစ်ကြောင်း သိရသည်။

"မန္တလေးဈေးကွက်ထဲမှာ အခုလက်ရှိ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေကို ကုန်သည်တွေ တော်တော်များများ ဝယ်ယူနေကြတယ်။ ပြည်တွင်းဈေးကွက်ထဲမှာ ပခုက္ကူဘက်ကထွက်တဲ့ ကြက်သွန်နီတွေ အခုတစ်လော အရောင်းအဝယ် ပြန်ကောင်းနေပါတယ်။ မန္တလေး ဈေးကွက်ထဲ အဝင်များတဲ့အထဲ မြစ်သားနဲ့ ဆိပ်ဖြူဘက်ကထွက်ရှိတဲ့ ကြက်သွန်နီတွေလဲ ပါပါတယ်။ အဲဒီဘက်ကထွက်တဲ့ ကြက်သွန်နီတွေလဲ ပုံမှန်အတိုင်း အရောင်းအဝယ်ဖြစ်နေပါတယ်"ဟု ဒေါ်မေသဲဆွေက ပြောပြသည်။

မန္တလေးဈေးကွက်အတွင်း မေလ ဒုတိယပတ်က ပခုက္ကူဘက်မှ ထွက်ရှိသည့် ကြက်သွန်နီဈေးနှုန်းမှာ တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀ သာ ပေါက်ဈေးရှိခဲ့သော်လည်း မေ ၁၉ ရက်ပေါက်ဈေးအရ ကြက်သွန်နီတစ်ပိဿာလျှင် ငွေကျပ် ၁၃၀၀ ခန့်ထိပေါက်ဈေးရှိပြီး ဈေးကောင်း ပြန်လည်ရရှိလာကြောင်း ၎င်းက ဆက်လက်ပြောပြ၍ သိရသည်။

(၁၈၄)

# မန္တလေးတိုင်းဒေသကြီးအတွင်း အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက်နည်းသင်တန်းများ သင်ကြားပေးသွားမည်

**မန္တလေး မေ ၁၉**

မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူများအတွက် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်ခြင်းနည်းသင်တန်းများ ဖွင့်လှစ်သင်ကြားပေးသွားမည်ဖြစ်ကြောင်း မန္တလေးတိုင်းဒေသကြီး သရက်ကုန်းငါးလုပ်ငန်းစခန်းမှတာဝန်ခံ ဦးစီးအရာရှိ ဦးထွန်းနောင်ဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ နည်းပညာရပ်နှစ်မျိုးကို ငါးမွေးမြူရေး စိတ်ပါဝင်စားသည့် ငါးမွေးတောင်သူများကို ငါးမွေးမြူရေးနည်းစနစ်များ သိရှိနားလည်စေရေးအတွက် အဓိကထားပြီး သင်တန်းပေးသွားရန် စီစဉ်ထားကြောင်း၊ ၎င်းသင်တန်းများကို ယခုဘဏ္ဍာနှစ်အတွင်း၌ သုံးကြိမ် ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းပေးမည့်ကာလအနေဖြင့် ဇွန်လမှ ဩဂုတ်လအတွင်းဖြစ်ပြီး ရွှေဝါငါးကြင်း အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုး သားဖောက်သင်တန်းကို သရက်ကုန်းငါးလုပ်ငန်းစခန်းတွင် ဖွင့်လှစ်၍ အခမဲ့သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

"ငါးမွေးမြူရေးကို စိတ်ပါဝင်စားတဲ့ ငါးမွေးတောင်သူတွေကို သင်တန်းပေးသွားမှာပါ။ စနစ်တကျမွေးမြူနိုင်ရေးအတွက် သင်တန်းပို့ချပေးတာပါ။ တိုင်းဒေသကြီးအတွင်းရှိ ငါးမွေးတောင်သူတွေအတွက်ပါ။ သင်တန်းပေးတဲ့အခါမှာလဲ တိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနရဲ့ ညွှန်ကြားချက်တွေအတိုင်း ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ သင်ကြားပေးရာမှာလဲ သင်တန်းတစ်ခုကို အယောက် ၂၀ ကနေ ၂၅ ယောက်ထိ လက်ခံပြီး ငါးမွေးတောင်သူတွေကို စာတွေ့၊ လက်တွေ့နည်းနဲ့ သင်ကြားပေးသွားမှာပါ။ နည်းပညာရပ်တွေပေးတာကြောင့် အခြေခံငါးမွေးမြူရေးကို နည်းစနစ်မှန်မှန်ကန်ကန်နဲ့ မွေးမြူနိုင်မဲ့ အကျိုးကျေးဇူးတွေ ရရှိမှာပါ"ဟု ဦးထွန်းနောင်ဝင်းက ပြောပြသည်။

ငါးမွေးတောင်သူများ ငါးမွေးမြူသည့်အခါတွင် ကျန်းမာသန်စွမ်းသည့် ငါးသားပေါက်၊ ငါးမျိုးစိတ်များကို မွေးမြူနိုင်စေရေးနှင့် ငါးမျိုးကောင်းမျိုးသန့်များကို ထုတ်လုပ်ဖြန့်ဖြူးနိုင်စေရေးအတွက် အခြေခံငါးမွေးမြူရေးနှင့် ငါးဆေးထိုးသားဖောက်သင်တန်းများကို သင်ကြားပေးသွားမည်ဖြစ်ကြောင်း၊ ငါးမွေးတောင်သူများ ရေချိုငါးမွေးမြူရေးကို စနစ်တကျမွေးမြူနိုင်စေရေး၊ ငါးအစားအစာဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် မိမိတို့ကိုယ်တိုင် ငါးသားဖောက်ထုတ်လုပ်နိုင်စေရေးကို ရည်ရွယ်၍ ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။

(၁၈၅)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၄၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ၈၀ရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တောင်တွင်းကြီးမြို့နယ် သဲကျွန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး ကွင်းဆင်းစစ်ဆေး

**တောင်တွင်းကြီး မေ ၁၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သဲကျွန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး မြေတိုင်းတာခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို မေ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်နှင့် အင်ဂျင်နီယာဝန်ထမ်းများက ကုန်ထုတ်လမ်းဖြစ်မြောက်ရေး ကော်မတီဝင်များနှင့်အတူ သဲကျွန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေးအတွက် လမ်းအရှည်ပေ၊ အကျယ် သတ်မှတ်ထားသည့် စံနှုန်း၊ မြေပြင်အခြေအနေကိုက်ညီမှုရှိ၊ မရှိ၊ ကိုက်ညီသည့်လမ်းအမျိုးအစားဖြစ်စေရေး မြေပြင်အနိမ့်၊ အမြင့် တိုင်းတာခြင်း၊ လမ်းအူကြောင်းရှာဖွေခြင်း၊ ရေပြွန်နှင့် တံတားလိုအပ်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လုပ်ငန်းများနှင့်ပတ်သက်၍ ဆွေးနွေးမှာကြားသည်။

တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် သဲကျွန်းကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်နိုင်ရေး လျာထားတင်ပြဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါကုန်ထုတ်လမ်း ဖောက်လုပ်ပေးမည်ဆိုပါက သဲကျွန်းကျေးရွာရှိ အိမ်ခြေ ၂၈၂ အိမ်၊ လူ ၁၃၂၈ ဦးတို့၏ လယ်ယာမြေများမှထွက်ရှိသော ထုတ်ကုန်၊ ထွက်ကုန်များကို ဈေးကွက်သို့ အချိန်မီတင်ပို့ရောင်းချနိုင်မည်ဖြစ်ကြောင်း၊ ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ယခင်ကထက်ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း တောင်တွင်းကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခုတ်မွန်းလျှန်က ပြောပြ၍ သိရသည်။

**နှံ့ယဉ်**



မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် မန္တလေးမြို့ ၃၉ လမ်းနှင့် ၁၀၃ လမ်းနေ ဦးဝင်းထွန်း-ဒေါ်မာမာစိုး မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၃၅၀၀၀၀ လှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးတင်ဝင်းနှင့် ရုံးအဖွဲ့မှူး ဦးသန့်ဇင်တို့က လက်ခံရယူစဉ်။

# စစ်ကိုင်းမြို့နှင့် မင်းကွန်းဒေသသို့ ယခုနှစ် ဇန်နဝါရီလမှ မတ်လထိ ပြည်တွင်း၊ ပြည်ပခရီးသွားဦးရေ ၂၀၀၀၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့



**မုံရွာ မေ ၁၉**

စစ်ကိုင်းမြို့နှင့်မင်းကွန်းဒေသသို့ ယခုနှစ် ဇန်နဝါရီလမှ မတ်လထိ ပြည်တွင်း၊ ပြည်ပ ခရီးသွားဦးရေ ၂၀၀၀၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့ကြောင်း မြန်မာနိုင်ငံ ဟိုတယ်လုပ်ငန်းရှင်များအသင်း စစ်ကိုင်းတိုင်းဒေသကြီးမှ ဗဟိုအလုပ်အမှုဆောင် ဦးမိုးအောင်ကျော်ထံမှ သိရသည်။

စစ်ကိုင်းမြို့ဝန်းကျင်ရှိ ရာဇမဏိစူဠာကောင်းမှုတော်၊ ဆွမ်းဦးပုညရှင်၊ ဥမင်သုံးဆယ် အစရှိသည့် စေတီပုထိုးများသို့လည်းကောင်း၊ မင်းကွန်းဒေသရှိ ပုထိုးတော်ကြီး၊ မြသိန်းတန်စေတီ၊ ခြင်္သေ့ကြီးနှစ်ကောင်ဆိပ်ကမ်း အစရှိသည့် ဒေသများသို့လည်းကောင်း ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြည်တွင်း၊ ပြည်ပခရီးသွားများ အများဆုံးလာရောက်လည်ပတ်ကြကြောင်း သိရသည်။

“စစ်ကိုင်းတိုင်းဒေသကြီးအတွင်း မှာရှိတဲ့ စစ်ကိုင်းမြို့နဲ့ မင်းကွန်းဒေသတွေကို ခရီးသွားဝင်ရောက်မှုကတော့ အခုနှစ် ဇန်နဝါရီလကနေ မတ်လထိ ပြည်တွင်းခရီးသွားအယောက် ၁၉၀၀၀၀ ကျော်နဲ့ ပြည်ပခရီးသွားအယောက် ၉၀၀၀ ကျော် ဝင်ရောက်လည်ပတ်ခဲ့ပါတယ်”ဟု ဦးအောင်မိုးကျော်က ပြောပြသည်။

အဆိုပါဒေသသို့ လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားများအနက် မသန်စွမ်းခရီးသွားများအတွက် အတားအဆီးမရှိသော ခရီးသွားပတ်ဝန်းကျင်ကောင်းများရှိလာစေရေး ရှေ့ပြေးစီမံကိန်း Pilot Project ဖော်ဆောင်ရန် စစ်ကိုင်းမြို့ ရာဇမဏိစူဠာကောင်းမှုတော်နှင့် မင်းကွန်းဒေသရှိ မြသိန်းတန်စေတီတို့ကို လျာထားဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ပြင် ခရီးသွားများ စိတ်လက်အပန်းဖြေကြရာတွင် သန့်ရှင်းသပ်ရပ်ပြီး ဘေးအန္တရာယ်ကင်းရှင်းစေရန်နှင့် ခရီးသွားများယုံကြည်စိတ်ချစွာ တည်းခိုနေထိုင်နိုင်ရန် အဓိက ထားဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ ASH

# မိုင်းပန်မြို့နယ် ဟိုပိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**မိုင်းပန် မေ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ဟိုပိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်း၊ စီမံကိန်းတာဝန်ခံနှင့် ဝန်ထမ်းများက ဟိုပိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် စိုက်ပျိုးရေးလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံကာ မြစိမ်းရောင်ကျေးရွာစီမံကိန်း လည်ပတ်မှုနှင့် ရန်ပုံငွေဆုံးရှုံးမှုလျော့နည်းသက်သာစေရေး ဆွေးနွေးမှာကြားသည်။

မိုင်းပန်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဒေသထုတ်ကုန်များဖွံ့ဖြိုးတိုးတက်ရေး နည်းပညာများ၊ ချေးငွေများပံ့ပိုးကာ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဟိုပိုင်လုံကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်က စတင်ဆောင်ရွက်ခဲ့ရာ လက်ရှိတွင် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးရေ ၄၀ ကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ်သိန်း ၄၀၀ ထုတ်ချေးပေးထားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်ဦးစီးမှူး ဦးမိုင်းမြင့်နိုင်ထွန်းက ပြောပြ၍ သိရသည်။

**အေးသူ**

# ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း အရည်အသွေးကောင်းသီးနှံများထွက်ရှိစေရန် စပျစ်နှင့် ငရုတ်သီးနှံများကို GAP အသိအမှတ်ပြုလက်မှတ်ရရှိရေး ဆောင်ရွက်သွားမည်

**ရမည်းသင်း မေ ၁၉**

၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ရမည်းသင်းမြို့နယ်ရှိ တောင်သူများ စိုက်ပျိုးကြသည့်သီးနှံများကို ဘေးအန္တရာယ်ကင်းရှင်းပြီး အရည်အသွေးကောင်းသီးနှံများထွက်ရှိစေရန်အတွက် စပျစ်နှင့် ငရုတ်သီးနှံနှစ်မျိုးကို GAP စနစ်ဖြင့်စိုက်ပျိုးပြီး အသိအမှတ်ပြုလက်မှတ်ရရှိစေရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ရမည်းသင်းမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးသန်းဝင်းက ပြောပြ၍ သိရသည်။

အဆိုပါ လယ်ယာထွက်ကုန်သီးနှံများကို GAP စနစ်ဖြင့် စိုက်ပျိုးမှုများပြုလုပ်သည့်အပြင် မြန်မာ့ GAP အသိအမှတ်ပြုလက်မှတ်များကို ဘဏ္ဍာနှစ်အလိုက် ထုတ်ပေးနေကြောင်း၊ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင်လည်း အရည်အသွေးကောင်းသီးနှံများ ထွက်ရှိလာစေရန်နှင့် GAP အသိအမှတ်ပြုလက်မှတ်ရရှိစေရန် စပျစ်သီးနှံနှင့်ငရုတ်သီးနှံများကို စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရသည်။

“အဓိကသီးနှံတွေဖြစ်တဲ့ စပျစ်နဲ့ ငရုတ်သီးနှံတွေကို GAP အသိအမှတ်ပြုလက်မှတ်ရရှိအောင် ဆောင်ရွက်ပေးသွားမှာပါ။ စပျစ်က ဓာတုဆေးသုံးစွဲမှုပမာဏများပါတယ်။ စားသုံးသူတွေဘေးအန္တရာယ်ကင်းရှင်းအောင် ဆောင်ရွက်ပေးသွားမှာပါ။ တောင်သူတွေအနေနဲ့ GAP နည်းစနစ်ကို လိုက်နာကျင့်သုံးပြီးတော့ အာဟာရပြည့်ဝတဲ့ ဘေးအန္တရာယ်ကင်းရှင်းတဲ့ သီးနှံတွေထုတ်လုပ်ကာ ဝင်ငွေတိုးပြီးအကျိုးအမြတ်တွေလဲ ရရှိစေမှာဖြစ်ပါတယ်။ ပြည်သူလူထုကလဲ အာဟာရပြည့်ဝတဲ့၊ ဘေးအန္တရာယ်ကင်းရှင်းတဲ့အစားအစာတွေကို ရွေးချယ်စားသောက်တတ်လာပြီး ကျန်းမာသက်ရှည်တဲ့ အကျိုးကျေးဇူးတွေကို ရရှိစေမှာဖြစ်ပါတယ်”ဟု ဦးသန်းဝင်းက ပြောပြသည်။

GAP နည်းစနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ပါက ထွက်ရှိလာသည့်သီးနှံများသည် အရည်အသွေးကောင်းမွန်လာသည့်အပြင် အစားအစာလည်း ဘေးအန္တရာယ်ကင်းရှင်းမည်ဖြစ်ကြောင်း၊ အခြားနှစ်ရှည်သီးနှံများကိုလည်း GAP စနစ်ဖြင့် စိုက်ပျိုးနိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၁၈၅)



# စန္ဒကုမ္မာလင်္ကာသစ်နှင့်စာဆိုသစ်

ပိုလ်ရှိတ်(ရတနာပူရ)

စန္ဒကုမ္မာလင်္ကာဟုဆိုလိုက်သည်နှင့် အများသိကြမည်မှာ ရွှေကျောင်း ဦးပုရေးသားခဲ့သော စန္ဒကုမာရပျို့ဖြစ်သည်။ စန္ဒကုမာရပျို့ကို ဆရာဦးမြင့်ကြည်နှင့် ဆရာ ရာဇာစိုးညွန့်တို့တည်းဖြတ်၍ ၁၉၉၄ ခုနှစ်တွင် စာပေဗိမာန်က ထုတ်ဝေခဲ့သည်။ ထိုသို့ပုံနှိပ်ထုတ်ဝေခဲ့သောကြောင့် စန္ဒကုမာရပျို့သည် ထင်ရှားသိသူများခဲ့သည်။ စန္ဒကုမာရပျို့သည် ပိုဒ်ရေ ၁၉၆ ပိုဒ်၊ နိဂုံး ၁၅ ပိုဒ်၊ စုစုပေါင်း ၂၁၁ ပိုဒ်ရှိ ပျို့ကြီးတစ်စောင်ဖြစ်သည်။ စန္ဒကုမာရပျို့သည် ၁၁၄၃ ခုနှစ် တပေါင်းလပြည့်ကျော် ၁၅ ရက်(၁၇၈၁ ခုနှစ် မတ် ၂၅ ရက်)ဗဒုံမင်းအင်းဝ၌ နန်းတက်စအချိန်တွင် ရေးသားပြုစုပြီးခဲ့သည်။

စန္ဒကုမာရပျို့သည် ပုံနှိပ်မူဘဝသို့ရောက်ရှိပြီးသောကြောင့် သိသူများထင်ရှားခဲ့သလို စန္ဒကုမာရပျို့ကို ရေးခဲ့သူ ရွှေကျောင်းဦးပု၏ အကြောင်းမှာလည်း စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်းအသီးသီးတွင် ဖော်ပြပါရှိသောကြောင့် သိသူများထင်ရှားသည်။ ရွှေကျောင်းဦးပု၏ဘဝအကြောင်းကို ဗိုလ်မှူးဘသောင်း၏ စာဆိုတော်များ အတ္ထုပ္ပတ္တိကျမ်းတွင် တွေ့နိုင်သည်။ ထို့ကြောင့် စန္ဒကုမာရပျို့နှင့် စာဆိုတော်ရွှေကျောင်းဦးပုသည် သိသူများထင်ရှားသည်။

**စန္ဒကုမ္မာလင်္ကာသစ်နှင့် စာဆိုသစ်**

စန္ဒကုမာရပျို့နှင့် စာဆိုရွှေကျောင်းဦးပုသည် သိသူများထင်ရှားသော်လည်း စန္ဒကုမာရဇာတ်တော်ကိုပင် လင်္ကာအဖြစ်ရေးဖွဲ့ခဲ့သည့် စန္ဒကုမ္မာလင်္ကာသစ်ကို သိသူနည်းကြသည်။ ထို့အတူ ထိုလင်္ကာသစ်ကို ရေးဖွဲ့ခဲ့သော ဆရာတော်ရှင်အဂ္ဂမေဓာကိုလည်း သိသူနည်းကြသည်။ စန္ဒကုမ္မာလင်္ကာသစ်ကို ရေးဖွဲ့ခဲ့သော ဆရာတော်ရှင်အဂ္ဂမေဓာအကြောင်းကို ပုံနှိပ်ပြီး စာဆိုတော်များအတ္ထုပ္ပတ္တိကျမ်းတို့တွင် လုံးဝတွေ့လိမ့်မည်မဟုတ်ပေ။ သို့ဖြစ်သောကြောင့် တိမ်မြုပ်နေသည့် စန္ဒကုမ္မာလင်္ကာသစ်နှင့် စာဆိုတော်အသစ်အကြောင်းကို ရေးသားဖော်ပြပါမည်။

စန္ဒကုမ္မာလင်္ကာသစ်သည် အသစ်ထပ်တွေ့လင်္ကာဖြစ်သလို စန္ဒကုမ္မာစာဆို ရှင်အဂ္ဂမေဓာသည်လည်း အသစ်တွေ့စာဆိုတစ်ဦးပင်ဖြစ်သည်။ စန္ဒကုမာရပျို့နောက်အသစ်ရေးသည့်လင်္ကာဖြစ်သောကြောင့် စန္ဒကုမ္မာလင်္ကာသစ်ဟု ကမ္ပည်းတင်လိုက်ရသလို စာဆိုမှာလည်း အသစ်တွေ့စာဆိုဖြစ်သောကြောင့် စာဆိုသစ်ဟု ကမ္ပည်းတင်လိုက်ရပေသည်။

**စန္ဒကုမာရဇာတ်တော်**

စန္ဒကုမာရဇာတ်တော်သည် သာမန်ပုံပြင်ဒဏ္ဍာရီလာဇာတ်တော်တစ်ခုမဟုတ်ပါ။ ဗုဒ္ဓမြတ်စွာဘုရားဟောကြားခဲ့သည့် ခုဒ္ဒကနိကာယ်ဝင်ဇာတ်တော်ကြီးဖြစ်သည်။ ဗုဒ္ဓဘာသာဝင်မြန်မာလူမျိုးတို့နှင့် အလွန်ရင်းနှီးသောဇာတ်တော်ကြီးဆယ်ဇာတ်ရှိသည်။ မြန်မာတို့က ဇာတ်တော်ကြီးဆယ်ဘွဲ့ဟု ခေါ်သည်။ အတိုကောက်ဖြင့် "တေ၊ ဇ၊ သု၊ နေ၊ မ၊ ဘူ၊ စန်၊ နာ၊ ဝိ၊ ဝေ"ဟူ၍ အတိုကောက်မှတ်သားကြသည်။ ထိုအတိုကောက်ကို အစဉ်အတိုင်းမှတ်လျှင်-

၁။ တေမိဇာတ် ၂။ ဇနကဇာတ်၊ ၃။ သုဝဏ္ဏသာမဇာတ်၊ ၄။ နေမိဇာတ်၊ ၅။ မဟောသဓာဇာတ်၊ ၆။ ဘူရိဒတ်ဇာတ်၊ ၇။ စန္ဒကုမာရဇာတ်၊ ၈။ နာရဒဇာတ်၊ ၉။ ဝိဓူရဇာတ်၊ ၁၀။ ဝေဿန္တရာဇာတ် တို့ဖြစ်သည်။ ဇာတ်တော်ကြီးဆယ်ဘွဲ့တွင် စန္ဒကုမာရဇာတ်သည် ခုနစ်ဇာတ်မြောက်ဇာတ်တော်ဖြစ်သည်။ စန္ဒကုမာရပျို့သည် ဤစန္ဒကုမာရဇာတ်တော်ကို ပျို့အဖြစ် လေးလုံးစပ်ကဗျာဖြင့် ရေးခဲ့သလို စန္ဒကုမ္မာလင်္ကာသစ်သည်လည်း စန္ဒကုမာရဇာတ်တော်လို လေးလုံးစပ်လင်္ကာဖြင့် ရေးသားခဲ့ခြင်းဖြစ်သည်။

**စန္ဒကုမ္မာလင်္ကာသစ်**

စန္ဒကုမ္မာလင်္ကာသစ်သည် ရွှေကျောင်းဦးပု၏ စန္ဒကုမာရပျို့ရေးပြီး ၄၂ နှစ်ကြာမှ ရေးသားပြုစုခဲ့သောလင်္ကာသစ်ဖြစ်သည်။ စန္ဒကုမာရပျို့သည် ဘိုးတော်ဗဒုံမင်းနန်းတက်စတွင် ရေးသားပြုစုခဲ့သောပျို့ဖြစ်ပြီး စန္ဒကုမ္မာလင်္ကာသစ်သည် ဘိုးတော်ဗဒုံမင်းမြေးတော် ဘကြီးတော်စစ်ကိုင်းမင်း နန်းတက်ပြီးလေးနှစ်အကြာ၌ ရေးသားပြုစုခဲ့သောလင်္ကာဖြစ်သည်။ စန္ဒကုမ္မာလင်္ကာသစ်ပေမူသည် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မဟာမုနိဗုဒ္ဓဝိဟာရကျောင်းဆရာတော် ရမ္မာဝတီပညာစာရကထိန်းသိမ်းထားသည်။ မူလရရှိခဲ့သော နေရာမှာ ရမ်းဗြဲမြို့နယ် ကလပုန်းမြို့ ချိန်ရွာဖြစ်သည်။ ပေမှာ ရှစ်ကြောင်းရေးပေဖြစ်ပြီး ကအစ ဆဲအဆုံး ခြောက်အင်္ဂါနှင့် ရှစ်ချပ်ရှိသည်။ ပေအမျိုးအစားမှာ မျဉ်းနီပေဖြစ်သည်။ လင်္ကာကို "မဟာဗုဒ္ဓမြတ်စိန္ဒ" ဟု အစချီထားသည်။ စုစုပေါင်းစာပိုဒ်ရေ ၁၇၄ ပိုဒ်ပါရှိသည်။

စန္ဒကုမ္မာလင်္ကာသစ်ရေးပြီးသောနှစ်မှာ ၁၁၈၅ ခုနှစ် တန်ခူးလဆန်း ၃ ရက်(၁၈၂၃ ခုနှစ် မတ် ၁၄ ရက်)ဖြစ်သည်။ ထိုအကြောင်းကို "ဤစာပေါ်လိုက်၊ သက္ကရာဇ်မူ၊ အစ်ကားနှစ်ဆ၊ အဋ္ဌအလယ်၊ ဆုမ်းဝယ်ပဥ္စ၊ ဂိမ္ဘဥတူ၊ ခါချိန်ကျူးသား၊ တန်ခူးဆန်းတက်၊ သုံမ်းရက်အစေ့၊ နေ့ကားဇီဝါ၊ မွန်းလွဲခါဝယ်၊ ဤစာနိဒါန်း၊ အသစ်ထွန်း၍၊ မော်ဂွန်းပြက်ပြက်၊ တံဆိတ်နက်သို့၊ မပျက်မြဲခိုင်၊ ကျောက်စာတိုင်နှင့်၊ နိုင်ပြိုင်တူစွာ၊ ဥပမာနှင့်၊ ဤစာထင်ထင်၊ ပြီးအောင်မြင်၍"ဟူ၍ ရေးသားဖွဲ့ထားသည်။

ဆရာတော်အရှင်အဂ္ဂမေဓာသည် သူရေးသားခဲ့သော စန္ဒကုမ္မာလင်္ကာတော်ကို အခြားစာဆိုတို့ကဲ့သို့ ပျို့ဟုအမည်မပေးဘဲ လင်္ကာဟူ၍သာ အမည်ပေးခဲ့သည်။ ထိုအကြောင်းကို "မင်းလျှာစန္ဒ၊ ဇာတကကို၊ မြမ္မဘာသာ၊ အက္ခရာဖြင့်၊ ဗျူဟာဆန်းထူး၊ လင်္ကာကျူး၍"ဟူ၍ ရေးဖွဲ့ထားသည်။ ထို့ပြင် ရှေးက စန္ဒကုမာရဇာတ်တော်ကို ရေးဖွဲ့ခဲ့သော ပျို့တစ်စောင်ရှိခြင်းကြောင့် သူရေးဖွဲ့ခဲ့သောလင်္ကာကို "ဤစာနိဒါန်း အသစ်ထွန်း၍"ဟူ၍ ရေးဖွဲ့ထားသည်။ ထို့ကြောင့် ဆရာတော်၏အလိုအရ စန္ဒကုမ္မာလင်္ကာသစ်ဟု ခေါ်ဝေါ်သင့်ပေသည်။

**ဆရာတော်ရှင်အဂ္ဂမေဓာ**

ဆရာတော် ရှင်အဂ္ဂမေဓာသည် တိမ်မြုပ်နေသော စာဆိုတော်တစ်ဦးဖြစ်သည်။ အတ္ထုပ္ပတ္တိကျမ်းအစောင်စောင်တွင်လည်း တွေ့ရမည်မဟုတ်ပေ။ သို့သော်ဆရာတော်သည် သူ့ဘဝအကြောင်းကို စန္ဒကုမ္မာလင်္ကာသစ်၌ ထည့်သွင်းရေးဖွဲ့ထားခဲ့သည်ကို တွေ့ရသည်။ စန္ဒကုမ္မာလင်္ကာသစ်ပိုဒ်ရေ ၁၆၂ မှပိုဒ်ရေ ၁၇၃ ထိသည် ဆရာတော်၏ဘဝအကြောင်းများကို ရေးဖွဲ့ထားခြင်းဖြစ်သည်။ ထိုလင်္ကာစာပိုဒ်များကို အကိုးအကားပြု၍ ဆရာတော်၏ဘဝကိုပုံဖော်ပြပါမည်။

ဆရာတော် ရှင်အဂ္ဂမေဓာကို ရခိုင်ပြည်နယ် တောင်ပိုင်း ရမ္မာဝတီခေါ် ရမ်းဗြဲမြို့ ရမ်းပေါက်ကုန်းဘောင်ရွာ၌ မွေးဖွားခဲ့သည်။ ထိုအကြောင်းကို ဆရာတော်က စန္ဒကုမ္မာလင်္ကာသစ်ပိုဒ်ရေ ၁၆၂ ၌ "ရမ္မာဝတီ၊ သင်္ဂီပူရ၊ ရက္ခတိုင်းမည်၊ ဝပြောစည်သည်၊ ရွှေပြည်သီရိ၊ ရပ်ဘုမ္မိ၏၊ ဒက္ခိဏာဒိသာ၊ တောင်လက်ျာဝယ်၊ ရမ္မာဝတီ၊ ခေါ်ညီတွင်သာ၊ သီတာပါတ်ဝန်း၊ မြင့်မိုရ်ကျွန်းနှင့်၊ ပုံညံ့ပမာ၊ တူလှစွာလျက်၊ သာယာထူးလည်၊ ဝပြောစည်သော၊ နတ်ပြည်ကဲ့သို့၊ ရမ်းပြည့်မြို့၌၊ နှစ်လိုဖွယ်သာ၊ အလယ်ချာဝယ်၊ အံ့အားကျော်ချောက်၊ ရွာရမ်းပေါက်၏၊ မြောက်ဘက်ဒိသာ၊ များမကွာတွင်၊ မြေသာချောမွတ်၊ တိတိခတ်သို့၊ ညီညွတ်တင့်တယ်၊ မွေ့လျှော်ဖွယ်တိ၊ ဆန်းကြွယ်ထူးပြား၊ ဘုရားကျောင်းကန်၊ ဓာတ်မွန်စေတီ၊ ရှပ်ပြီဆင်းတု၊ ကောင်းမှုပြန့်ပွား၊ တန်းထားဇင်းခြာ၊ သာယာရိပ်စည်၊ ဥယျာဉ်တောကြီး၊ သစ်သီးပန်းမွှန်၊ ရေကန်ရေတွင်း၊ လုတ်ခင်းကျွဲနွား၊ စပါးဆန်ရေ၊ ရွှေငွေဥစ္စာ၊ ပြည့်စုံစွာသည်၊ သညာခေါ်မှန်၊ မြေပြဌာန်းသား၊ ရပ်ခန့်သာယာ၊ ကုန်းဘောင်ရွာ၌၊ မာတာပီတ၊ မိဘဘေးဘိုင်း၊ နွေ့ရိုင်းမပျက်၊ စည်ဘက်မြင့်ရှည်၊ ချက်မြှုတ်တည်သည်၊ ဝန်းလည်တစုတရှမ်းတည်း"ဟူ၍ ရေးဖွဲ့ထားသည်။

> ❖ စန္ဒကုမ္မာလင်္ကာသစ်သည် ရွှေကျောင်းဦးပု၏ စန္ဒကုမာရပျို့ရေးပြီး ၄၂ နှစ်ကြာမှ ရေးသားပြုစုခဲ့သောလင်္ကာသစ်ဖြစ်သည်။ စန္ဒကုမာရပျို့သည် ဘိုးတော်ဗဒုံမင်းနန်းတက်စတွင် ရေးသားပြုစုခဲ့သောပျို့ဖြစ်ပြီး စန္ဒကုမ္မာလင်္ကာသစ်သည် ဘိုးတော်ဗဒုံမင်းမြေးတော် ဘကြီးတော်စစ်ကိုင်းမင်း နန်းတက်ပြီးလေးနှစ်အကြာ၌ ရေးသားပြုစုခဲ့သောလင်္ကာဖြစ်သည်။ စန္ဒကုမ္မာလင်္ကာသစ်ပေမူသည် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ မဟာမုနိဗုဒ္ဓဝိဟာရကျောင်းဆရာတော် ရမ္မာဝတီပညာစာရကထိန်းသိမ်းထားသည်။ မူလရရှိခဲ့သောနေရာမှာ ရမ်းဗြဲမြို့နယ် ကလပုန်းမြို့ ချိန်ရွာဖြစ်သည်။ ❖

ဆရာတော်၏မိဘအမည်နှင့် ဖွားနှစ်ကိုတိတိကျကျ မသိရပါ။ ဆရာတော်သည် မိဘဆွေမျိုးအသိုင်းအဝိုင်းတို့နှင့် ပျော်ရွှင်စွာနေထိုင်နေစဉ် အမရပူရမြို့တည် ဘိုးတော်ဗဒုံမင်းသည် ရခိုင်ပြည်ကို တိုက်ခိုက်သိမ်းပိုက်ခဲ့သည်။ ထိုအခါ ရခိုင်လူမျိုးတချို့သည် ရခိုင်အနောက်ပြည်(ယခု ဘင်္ဂလားဒေ့ရှ်နိုင်ငံ)ဘက်သို့ ထွက်ပြေးတိမ်းရှောင်ခဲ့ရသည်။ ထိုအကြောင်းကို ဆရာတော်က "တစုတရှန်း၊ ပန်းနှယ်ကုံးသား၊ နှလုမ်းဝမ်းသာ၊ နေသောခါဝယ်၊ ဖြဟ္မပူလရမ္မညကို ပိုင်သစိုးခြင်း၊ ထိုသည်မင်းလျှင်၊ ထန်ပြင်းအာဏာ၊ ဘုန်းတေဇာကြောင့်၊ အချာထိပ်မိုး၊ ပိုင်လှာစိုး၍၊ နွမ်းညှိုးပူဆာ၊ လူတကာကိုဝ်၊ မိက္ခာဘက်ွဲ၊ ဆင်းရဲဒုက္ခ၊ ကြေမွထွားညက်၊ သေပျက်များပါး၊ အလားလားလျှင်၊ ပြောင်းသွားဒေသ"ဟူ၍ ရေးဖွဲ့ထားသည်။

ဆရာတော်သည် ငယ်စဉ်ကပင် ပင်ကိုစိတ်ထားဖြူစင်သူဖြစ်သည်။ ခုနစ်နှစ်သားအရွယ်တွင် ရှင်ပြုပြီး စာပေပညာများ သင်ကြားခဲ့သည်။ ဇာတ်တော်ကြီးများ၊ ပါဠိဘာသာ၊ ဂါထာများကို ခုနစ်နှစ်သားအရွယ်မှ ၁၅ နှစ်သားအရွယ်ထိ ဆရာတို့ထံရှိသေ ကျိုးနွံစွာ ပညာသင်ကြားသည်။ ဆရာတော်သည် ရှင်သာမဏေဘဝဖြင့် ခုနစ်ရက်သာနေခဲ့ပြီး လူထွက်ကာ ပညာများကို သင်ကြားခဲ့ခြင်းဖြစ်သည်။ အသက် ၁၅ နှစ်သားတွင် ကျောင်းမှထွက်ကာ မိဘတို့ကိုလုပ်ကျွေးပြုစုရပြန်သည်။ ထိုအကြောင်းကို ဆရာတော်သည် စန္ဒကုမ္မာလင်္ကာသစ်ပိုဒ်ရေ ၁၆၃ ၌ "ဖြစ်လှာလုပြည်၊ ငါတုန်သည်ကား၊ စိတ်ကြည်ဖြူဆွ၊ ငယ်ခါကပင်၊ ဒါနသီလာ၊ ဘာဝနာကို၊ ဝမ်းမှာပီတိ၊ အလိုဟိ၍၊ ရောက်ဘိရှည်သစ်၊ ခုနစ်၌တွင်၊ သျှင်ချစ်မြတ်စွာ၊ သာသနာကို၊ သဒ္ဓါရှိသေ၊ သာမဏေဟု၊ ဝင်းရွှေဖန်စွန်း၊ ဝတ်သင်္ကန်းနှင့်၊ ရဟန်းပြုထ၊ သတ္တာဟဖြင့်၊ ထိုကတဖန်၊ လူထွက်ပြန်၍၊ ကျန်းဂန်သိမြင်၊ ပညာရှင်တို့၊ ကြေလင်သောထွေ၊ ဆည်းကပ်လေ၍၊ ရှိသေကျိုးနွံ၊ ဆုမ္မခံလျက်၊ ထုံးစံဓိပ္ပာယ်၊ အလွယ်အခက်၊ ကျမ်းထွက်စကား၊ အပြားပြားကိုဝ်၊ မှတ်သားစေမူ၊ လုလ္လပြုလျက်၊ အာယုသက်စစ်၊ ခုနစ်အရွယ်၊ ဖျိဝ်နငယ်က၊ တင့်တယ်ကျစ်လျစ်၊ ဆယ့်ငါးနှစ်အောင်၊ အံ့အားဆောင်လျက်၊ ဆယ်စောင်ဇာတ်ရိုး၊ ပါဠ်ရိုးဂါထာ၊ အဖြာဖြာကို၊ ဆရာထံပါး၊ ရိုညွတ်တွားလျက်၊ မှတ်သားမြဲပင်၊ ကြိုးစားသင်သည်၊ သိမြင်အစအဆုမ်းတည်း"ဟူ၍ ရေးဖွဲ့ထားသည်။

ဆရာတော်လောင်းလျာသည် ရမ်းဗြဲမြို့နယ်မှ ပြေးလာပြီး ကျိန်းတောင်ကျွန်း၊ ပူးပင်ရွာ၌ နေထိုင်ခဲ့သည်။ ရမ်းဗြဲမြို့မှ ပြေးလာစဉ်က ဆရာတော်၏ အသက်မှာ ၂၀ သာရှိသေးသည်။ ဆရာတော်လောင်းလျာသည် ပူးပင်ရွာ၌ သုံးနှစ်ခန့်နေထိုင်ပြီး လူ့လောကကို အလွန်အမင်းညီးငွေ့လာသဖြင့် အသက် ၂၃ နှစ်အရွယ်တွင် ရဟန်းခံခဲ့ပေသည်။ ထိုအကြောင်းကို စန္ဒကုမ္မာလင်္ကာသစ်ပိုဒ်ရေ ၁၆၄ ၌ "ရက္ခပူရ၊ ရွှေပြည်မဝယ်၊ ခေါ်ကြပဌာန်း၊ ကျိန်းတောင်ကျွန်း၌၊ ရပ်ခန်းသာယာ၊ ပူးပင်ရွာတွင်၊ နေလှာတထောက်၊ သုံးနှစ်မြောက်မှ၊ ထွန်းတောက်ရောင်ဝါ၊ ကိုယ်အင်္ဂါနှင့်၊ ရှုရာဖွယ်ဆုမ်း၊ နှစ်ဆယ့်သုမ်းသို့၊ ပေါင်းရုမ်းစွာလှ၊ နိက္ခမ၌၊ ဗာလနီသင်၊ များလှဖျင်ဟု၊ ဆင်ခြင်ကောင်းကြံ၊ သဃ်ာထံ၌၊ ကျိုးနွံလှုလှု၊ ရဟန်းပြုသည်"ဟူ၍ ရေးဖွဲ့ထားသည်။

ဆရာတော်သည် ပူးပင်ရွာ(ဘူးပင်ရွာ)ကျောင်းသိမ်တော်၌ပင် ရဟန်းခံခဲ့ခြင်းဖြစ်သည်။ ဘွဲ့မှာ အဂ္ဂမေဓာဖြစ်သည်။ နေ့နံမှာ တနင်္ဂနွေသားဖြစ်သည်။


ဆရာတော်သည် ရဟန်းဘဝဖြင့် သီတင်းသုံးနေထိုင်စဉ် အင်္ဂလိပ်တို့သည် အိန္ဒိယပြည်ကိုသိမ်းပိုက်ခဲ့သည်။ ထိုအခါ ရခိုင်အနောက်ပြည်(ယခု ဘင်္ဂလားဒေ့ရှ်)သည် အင်္ဂလိပ်ပိုင်နက်အောက်သို့ ရောက်ရှိလာသည်။ ထိုအခါ အင်္ဂလိပ်လူမျိုး မစ္စတာကော့စ်က ကော့စ်ဘဇာမြိုင်(Cox's Bazur)ကို တည်ထောင်ခဲ့သည်။ ထိုမြို့ကို ရခိုင်တို့က ဖလောင်းချိပ်မြို့ဟု ခေါ်သည်။ ရခိုင်တို့သည် အင်္ဂလိပ်လူမျိုးတို့ကို ဖလောင်းလူမျိုးဟု ခေါ်ကြသည်။ အင်္ဂလိပ်လူမျိုး မစ္စတာကော့စ် တည်ထောင်သောမြို့ဖြစ်ခြင်းကြောင့် ရခိုင်တို့က ဖလောင်းချိပ်မြို့ဟု ခေါ်ကြခြင်းဖြစ်သည်။

ထိုဖလောင်းချိပ်မြို့တွင် ရခိုင်ဘုရင်မဟာသမ္မတမင်း၏ညီမတော်ကမွေးဖွားသော မင်းတူတော်၏မိသားစုနေထိုင်သည်။ မင်းတူတော်သည် မြောက်ဦးနန်းတော်၌ နေထိုင်စဉ်က ဝင်းမှူးရာထူးဖြင့် အမှုထမ်းရသူဖြစ်သည်။ ဝင်းမှူး မင်းတူတော်သည် ဖလောင်းချိပ်မြို့၌ မိသားစုနှင့်တကွနေထိုင်ခဲ့ပြီး ထိုမင်းတူနေထိုင်ရာရပ်ကွက်ကို ဝင်းမှူးတန်းရပ်ကွက်ဟုခေါ်သည်။ မင်းတူတော်က ဖလောင်းချိပ်မြို့တွင် လွန်စွာကြီးမားသော ဘုန်းတော်ကြီးကျောင်းကိုတည်ဆောက်ပြီး ဆရာတော်အရှင်အဂ္ဂမေဓာအား တင်လှူခဲ့သည်။ ထိုကျောင်းကို ဝင်းမှူးဆောက်လုပ်လှူဒါန်းသော ကျောင်းဖြစ်သောကြောင့် ဝင်းမှူးကျောင်း၊ ဆရာတော်အဂ္ဂမေဓာကို အစွဲပြု၍ အဂ္ဂမေဓာကျောင်း၊ နှစ်ဦးစလုံးကိုအစွဲပြု၍ ဝင်းမှူးအဂ္ဂမေဓာကျောင်းဟု ယနေ့ထိတိုင် ခေါ်ခဲ့ကြသည်။

ဆရာတော်ရှင်အဂ္ဂမေဓာ ပျံလွန်တော်မူခဲ့သည့်နှစ်ကို တိတိကျကျမသိရပါ။ ဆရာတော်ပြုစုခဲ့သော ကျမ်းတို့မှာ ၁။ နမောကဗျာကျမ်း၊ ၂။ အနာဂတကျမ်း၊ ၃။ ဝိဓူရလင်္ကာ(ကြိုးတန်းစာ)၊ ၄။ စန္ဒကုမ္မာလင်္ကာ၊ ၅။ ဆဒ္ဒန်လင်္ကာတို့ဖြစ်သည်။

ဆရာတော်ရှင်အဂ္ဂမေဓာနှင့် စန္ဒကုမ္မာလင်္ကာသစ်အကြောင်းကို ရေးသားတင်ပြနိုင်ခြင်းမှာ ဆရာရက္ခဘောရီ၏ ကျေးဇူးကြောင့်ဖြစ်သည်။ ဆရာရက္ခဘောရီသည် တိမ်မြုပ်နေသော စန္ဒကုမ္မာလင်္ကာသစ်ကို ပေမူမှ စာအုပ်မူသို့ရောက်အောင် အားထုတ်ကြိုးပမ်းခဲ့သူတစ်ဦးဖြစ်သည်။ ဆရာရက္ခဘောရီအား အထူးပင် ကျေးဇူးတင်ထိုက်လှပေသည်။

# လမ်းလျှောက်ခြင်းဖြင့် မုန့်ချိုအိတ်ကျန်းမာစေနိုင်သည်



ပန်ကရိယလို့ခေါ်တဲ့ မုန့်ချိုအိတ်က မိမိတို့စားသောက်သမျှ အစာတွေအားလုံးကို ခန္ဓာကိုယ်ရဲ့ ကလာပ်စည်းတွေအတွက် လိုအပ်တဲ့ လောင်စာအဖြစ် ပြောင်းလဲပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါတယ်။

သူ့မှာ လုပ်ငန်းကြီးနှစ်ခုရှိပါတယ်။ အဲဒါတွေကတော့ အစာခြေရည်ထုတ်ပေးခြင်းနဲ့ သွေးတွင်းသကြားဓာတ်ကို ထိန်းညှိပေးခြင်းတို့ပါပဲ။

ပုံမှန်လမ်းလျှောက်ပေးခြင်းက သွေးတွင်းသကြားဓာတ်ပမာဏကို ကောင်းမွန်တဲ့အခြေအနေတစ်ခုမှာပဲ ရှိနေစေဖို့ ကူညီပေးပါတယ်။

လမ်းလျှောက်တဲ့သူနဲ့ ပြေးတဲ့သူနှိုင်းယှဉ်လိုက်ရင် လမ်းလျှောက်တဲ့သူက ကျန်းမာရေးနဲ့ ညီညွတ်တဲ့ သွေးတွင်းသကြားဓာတ်ပမာဏကိုပိုင်ဆိုင်ထားပါတယ်။

ဒါကြောင့် ဆီးချိုရောဂါဖြစ်ပွားမှုကိုကာကွယ်ရာမှာ လမ်းလျှောက်ခြင်းဟာ ပြေးခြင်းထက် ပိုပြီးထိရောက်မှုရှိတယ်လို့ ဆိုတာပါ။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာဆိပ်ကမ်းများသို့ ကုန်သေတ္တာတင်သင်္ဘောကြီးများ အများဆုံးဝင်ရောက်ဆိုက်ကပ်ခဲ့

**ရန်ကုန် ဧပြီ ၁၉**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ဝင်ရောက်ဆိုက်ကပ်ခဲ့သည့် နိုင်ငံတကာ ကုန်သွယ်ရေကြောင်း သင်္ဘောကြီးများတွင် ကုန်သေတ္တာတင်သင်္ဘောကြီးများ အများဆုံး ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သတင်းများအရ သိရသည်။

ယခုအခါ မြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍတွင် ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့တင်သွင်းမှုများကို ပိုမိုလုပ်ကိုင် ဆောင်ရွက်လာသောကြောင့် လက်ရှိမြန်မာနိုင်ငံ၏ ကုန်သွယ်မှုကဏ္ဍတွင် နယ်စပ်ကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့တင်သွင်းဆောင်ရွက်မှုမှာ ၂၉ ရာခိုင်နှုန်းခန့်သာရှိပြီး ပင်လယ်ရေကြောင်းကုန်သွယ်ရေးလမ်းကြောင်းမှ တင်ပို့၊ တင်သွင်းဆောင်ရွက်မှုမှာ ၇၁ ရာခိုင်နှုန်းထိ ရှိလာခဲ့ကြောင်း သိရသည်။

အဆိုပါအခြေအနေများအရ ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ နိုင်ငံတကာကုန်သွယ်ရေကြောင်းသင်္ဘောကြီးများ ဝင်ရောက်ဆိုက်ကပ်မှုမှာလည်း မြင့်တက်လာကြောင်း၊ ထို့ကြောင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရန်ကုန်မြို့ရှိ အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ နိုင်ငံတကာ ကုန်စည်ပို့ဆောင်ရေးသင်္ဘောကြီး အစီး ၁၃၉၀ ထိ ဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

အဆိုပါ နိုင်ငံတကာကုန်စည်ပို့ဆောင်ရေးသင်္ဘောကြီးများတွင် အထွေထွေကုန်စည်တင်သင်္ဘောကြီး ၃၂၅ စီး၊ စက်သုံးဆီတင်သင်္ဘောကြီး ၃၁၁ စီး၊ စားသုံးဆီတင်သင်္ဘောကြီး အစီး ၁၀၀ နှင့် ကုန်သေတ္တာတင်သင်္ဘောကြီး ၆၅၄ စီး ဝင်ရောက်ဆိုက်ကပ်ခဲ့သဖြင့် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ဝင်ရောက်ဆိုက်ကပ်ခဲ့သည့်နိုင်ငံတကာကုန်စည်ပို့ဆောင်ရေး သင်္ဘောကြီးများတွင် ကုန်သေတ္တာတင် သင်္ဘောကြီးများ အများဆုံးဝင်ရောက်ဆိုက်ကပ်ခဲ့ကြောင်း သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ဝင်ရောက်ဆိုက်ကပ်လာခဲ့သည့် နိုင်ငံတကာကုန်သွယ်ရေကြောင်းသင်္ဘောကြီးများတွင် စက်သုံးဆီတင်သင်္ဘောများနှင့် စားသုံးဆီတင်သင်္ဘောများမှာ သွင်းကုန်များကိုသာ တင်သွင်းသယ်ဆောင်လာသည့်သင်္ဘောများဖြစ်ပြီး အထွေထွေကုန်စည်တင် သင်္ဘောများနှင့် ကုန်သေတ္တာတင်သင်္ဘောများမှာသွင်းကုန်ရော ပို့ကုန်များကိုပါ သယ်ယူပို့ဆောင်ပေးနေသည့် သင်္ဘောကြီးများဖြစ်ကြောင်း သိရသည်။ (၃၃၆)




# ယခုနှစ်တွင် ကျွန်းလှမြို့နယ်၌ ခဝဲသီးဈေးကွက် ယခင်နှစ်ထက် ဈေးကောင်းရရှိ

**ကျွန်းလှ ဧပြီ ၁၉**

ယခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကျွန်းလှမြို့နယ်၌ ခဝဲသီးများ ယခင်နှစ်ကထက် ဈေးကောင်းရရှိနေကြောင်း ခဝဲသီးစိုက်ပျိုးသည့် တောင်သူဦးအောင်အေးက ပြောပြ၍ သိရသည်။

ကျွန်းလှမြို့နယ်တွင် ခဝဲသီးဈေးကွက်အနေဖြင့် ယခင်နှစ်က ခဝဲသီးတစ်ပိဿာလျှင် ငွေကျပ် ၈၀၀ ဖြင့်သာ ရောင်းချခဲ့ရပြီး ယခုနှစ်တွင် ခဝဲသီးတစ်ပိဿာလျှင် ငွေကျပ် ၁၂၀၀ ဖြင့် ရောင်းချနေရကြောင်း သိရသည်။

"ခဝဲသီးဈေးကွက်ကတော့ ဒီနှစ်ဈေးကောင်းတယ်။ မနှစ်က ဆိုရင် ခဝဲသီးတစ်ပိဿာကို ငွေကျပ် ၈၀၀ ပဲရတယ်။ ဒီနှစ် ခဝဲသီးတစ်ပိဿာကို ငွေကျပ် ၁၂၀၀ ဈေးရတယ်။ မနှစ်ကထက် ဈေးပိုရတယ်။ ခဝဲသီးဟာ ကုန်ကျစရိတ်သက်သာပြီး တွက်ခြေကိုက်တဲ့သီးနှံဖြစ်လို့ စိုက်ပျိုးသင့်ပါတယ်။ ဒီဘက်မှာက ခဝဲသီးကို တစ်နိုင်တစ်ပိုင် စိုက်ပျိုးကြပါတယ်"ဟု ခဝဲသီးစိုက်ပျိုးသည့် တောင်သူ ဦးအောင်အေးက ပြောပြသည်။

ယခုနှစ်တွင် ကျွန်းလှမြို့နယ်၌ စိုက်ပျိုးထားသော ခဝဲသီးစိုက်ခင်းများမှ ခဝဲသီးများ စတင်ခူးဆွတ်ရောင်းချနေကြပြီး ခဝဲအပင် ၅၀၀ စိုက်ပျိုးပါက မျိုးဖိုး၊ မြေ ဩဇာ၊ အလုပ်သမားခအပါအဝင် ငွေကျပ် ၅၀၀၀၀ ခန့် ကုန်ကျစရိတ်ရှိကြောင်း သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးချိန်၌ ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက်သီးနှံစုံစိုက်ပျိုးမှုကို ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်၍ ဒီဇင်ဘာလထိ စိုက်ပျိုးခဲ့ကြရာ ၁၀၆၂ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

ကျွန်းလှမြို့နယ်တွင် ဟင်းသီးဟင်းရွက်စိုက်ပျိုးတောင်သူများကို ဟင်းသီးဟင်းရွက်များ တိုးချဲ့စိုက်ပျိုးရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ စိုက်နည်းစနစ်များ မှန်ကန်စေရေး၊ ကျန်းမာရေးနှင့် ညီညွတ်သော ဟင်းသီးဟင်းရွက်ရရှိရေး၊ သဘာဝမြေဩဇာ၊ ပိုးသတ်ဆေးများ ပြုလုပ်သုံးစွဲရေးတို့ကို စိုက်ပျိုးရေးဦးစီးဌာနက အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ (၂၀၆)

## ဟိုပိုးဂုဏ်ဆောင် မဲနယ်တောင်

- ပေပေါင်းရှစ်ထောင် အမြင့်ဆောင်လျက်
တောင်အမည်က လွယ်မိုင်းတောင်
ဆက်စပ်နေလျက် မဲနယ်တောင်
ဟိုပိုးနယ်၏ ဂုဏ်ကိုဆောင်။

- ကျောက္ကချားရွာ ဒုံကောင်ရွာတို့
တောင်ယာလုပ်ငန်း ခြံလုပ်ငန်းနှင့်
ပန်းနှမ်းနေကြာ စိုက်ပျိုးပါ၏
ပညာရေးလည်း နောက်မကျ
ကျန်းမာရေးဆေးခန်း အထက
စာကြည့်တိုက်နဲ့ လျှပ်စစ်ရ။

- ပအိုဝ်းတောင်ပေါ် မိုးမမျှော်ရ
တောင်ပေါ်ခွင်ကျယ် တိမ်ပင်လယ်နှင့်
ဆိုင်ကယ်တဝီဝီ ထော်လာဂျီနှင့်
ဤလွယ်မိုင်းတောင် မဲနယ်တောင်သည်
တောင်တန်းရှည်လျား တောင်မြင့်မားဘိ
တောင်ကြားထဲက ပအိုဝ်းရွာ
အိမ်ခြေကလည်း ရာကျော်ကာ။

- ထောပတ်နဲ့ရှောက် နဂါးမောက်နှင့်
စားသောက်မကုန် သီးရွက်စုံဘိ
မုန်လာနဲ့ချင်း ခရမ်းချဉ်
ကိုက်လန် ကြက်သွန် နံနံပင်
ပဲမျိုးစုံထွက် ဆေးကင်းစင်။

- ဩော်. . .
တန်ခူး ကဆုန် နွေမကုန်မီ
မုတ်သုံဒေဝါ ဖြိုင်ဖြိုင်ရွာပြီ
တောင်ပြာမှိုင်းမှိုင်း တောင်လွယ်မိုင်းနှင့်
ရှုတိုင်းသာစွ လှလွန်းစွာ
မဲနယ်တောင်ခြေ ကျောက္ကချားရွာ။ ။

**ခင်ဖုန်းကြည်(မိုင်းပွန်)**

# ဆီဆိုင်မြို့နယ် ထီမန့်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဆီဆိုင် ဧပြီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ထီမန့်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများဖြင့် စီမံကိန်းလုပ်ငန်းများ လုပ်ကိုင်နေမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ ဆီဆိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးထျာရယ်၊ စီမံကိန်းတာဝန်ခံနှင့်တာဝန်ရှိသူများသည် ထီမန့်ကျေးရွာတွင် အရင်းမပျောက် လည်ပတ် ရန်ပုံငွေများဖြင့် အသင်းသား၊ အသင်းသူ ၉၉ ဦး၏ စိုက်ပျိုးရေးလုပ်ငန်းများ စိုက်ပျိုးထားရှိမှုအခြေအနေများနှင့် လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်းနှင့် ပတ်သက်၍ လိုအပ်သည်များ ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

ထီမန့်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှ စတင်၍ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သန်း ၃၀ ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**

## နိုင်ငံတကာ သတင်းများ

# ယခုနှစ်အတွင်း ကမ္ဘာ့လူဦးရေအများဆုံးနိုင်ငံအဖြစ် တရုတ်နိုင်ငံကို အိန္ဒိယနိုင်ငံကျော်ဖြတ်နိုင်



**ဒေလီ ဧပြီ ၁၉**

အိန္ဒိယနိုင်ငံသည် ယခုနှစ်လယ်ပိုင်းတွင် ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံအဖြစ် တရုတ်နိုင်ငံကို ကျော်ဖြတ်နိုင်မည့် အခြေအနေရှိကြောင်း ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့အစီရင်ခံစာကိုကိုးကား၍ ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယခုနှစ်အတွင်း အိန္ဒိယနိုင်ငံ၏ လူဦးရေသည် သန်းပေါင်း ၁၄၂၈ ဒသမ ၆ သန်းထိ ရှိလာနိုင်ပြီး တရုတ်နိုင်ငံ၏လူဦးရေမှာ ၁၄၂၅ ဒသမ ၇သန်းထိ ရှိလာနိုင်ကြောင်း ကုလသမဂ္ဂကမ္ဘာ့လူဦးရေ ရန်ပုံငွေအဖွဲ့က ယနေ့တွင်ထုတ်ပြန်သည့် အစီရင်ခံစာ၌ ခန့်မှန်းထားသည်။

အဆိုပါခန့်မှန်းချက်အရ ယခုနှစ်လယ်ပိုင်းတွင် အိန္ဒိယနိုင်ငံ၏ လူဦးရေစုစုပေါင်းသည် တရုတ်လူဦးရေစုစုပေါင်းထက် ၂ ဒသမ၉ သန်းပိုများလာမည်ဖြစ်သည်။

အိန္ဒိယနှင့် တရုတ်နှစ်နိုင်ငံပေါင်းစုစုပေါင်းလူဦးရေသည်ကမ္ဘာ့လူဦးရေစုစုပေါင်း၏ သုံးပုံတစ်ပုံကျော်နှင့်ညီမျှသည်။

သို့သော် တရုတ်နိုင်ငံ၏ လူဦးရေသည် ၂၀၂၂ ခုနှစ်တွင် နှစ်ပေါင်း ၆၀ အတွင်း ပထမဆုံး အကြိမ်ကျဆင်းခဲ့ရာ တရုတ်စီးပွားရေးနှင့် ကမ္ဘာ့စီးပွားရေးအပေါ် အကျိုးသက်ရောက်မှု ရှိလာနိုင်သောအလှည့်အပြောင်းတစ်ရပ်ဖြစ်လာခဲ့သည်။

ထို့အတူ တရုတ်နိုင်ငံကဲ့သို့ပင် အိန္ဒိယနိုင်ငံသည်လည်း လူဦးရေတိုးနှုန်း နှေးကွေးမှုပြဿနာနှင့် ရင်ဆိုင်နေရသည်ဟု ကုလသမဂ္ဂလူဦးရေရန်ပုံငွေအဖွဲ့ အစီရင်ခံစာ၌ သုံးသပ်ထားကြောင်း သိရသည်။

KKO

# ပေကျင်းမြို့ရှိ ဆေးရုံတစ်ရုံ မီးလောင်မှုကြောင့် လူ ၂၉ ဦးသေဆုံး

**ပေကျင်း ဧပြီ ၁၉**

တရုတ်နိုင်ငံ ပေကျင်းမြို့ဆေးရုံတစ်ရုံ၌ဖြစ်ပွားခဲ့သော မီးလောင်မှုကြောင့် သေဆုံးခဲ့ရသူအရေအတွက်မှာ လူနာ ၂၇ ဦးအပါအဝင် ၂၉ဦးထိရှိလာပြီဖြစ်ကြောင်း အေပီသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါမီးလောင်ကျွမ်းမှုသည် ချန်ဖန်းအမည်ရှိ ပုဂ္ဂလိကဆေးရုံ၌ ဧပြီ ၁၈ ရက် မွန်းလွဲပိုင်းတွင် ဖြစ်ပွားခဲ့ခြင်းဖြစ်သည်။

ချန်ဖန်းပုဂ္ဂလိကဆေးရုံမီးလောင်မှုကြောင့် သေဆုံးသူအရေအတွက်မှာ ယနေ့တွင် ၂၉ ဦးထိမြင့်တက်လာပြီး လူနာ ၂၇ ဦးပါဝင်ကြောင်း တရုတ်တာဝန်ရှိသူများက အတည်ပြုထားသည်။

ဆေးရုံမီးလောင်မှုနှင့်ပတ်သက်၍ တာဝန်ရှိသူများက ဆေးရုံအုပ်နှင့် လက်ထောက်ဆေးရုံအုပ် အပါအဝင် လူပေါင်း ၁၂ဦးကို ထိန်းသိမ်းထားသည်။

ဆေးရုံမီးလောင်မှုဖြစ်ပွားရခြင်း အကြောင်းရင်းကို စုံစမ်းစစ်ဆေးနေဆဲဖြစ်ကြောင်း ပေကျင်းမြို့တော်တာဝန်ရှိသူများ၏ အဆိုအရ သိရသည်။

သို့သော် အဆိုပါမီးလောင်မှုသည်လူနာဆောင်တစ်ခု၌ သံဂဟေဆော်နေစဉ် ထွက်ပေါ်လာသော မီးပွင့်မီးစများကြောင့်စတင်ခဲ့ရခြင်းဖြစ်နိုင်ကြောင်း တရုတ်တာဝန်ရှိသူများက ယူဆထားသည်။

ချန်ဖန်းဆေးရုံ မီးလောင်မှုအတွင်း လူပေါင်း ၃၉ ဦးဒဏ်ရာများရခဲ့ပြီး လူနာ ၁၄၂ ဦးကို ဘေးလွတ်ရာသို့ ကယ်ထုတ်ပေးခဲ့ရကြောင်း သိရသည်။

KKO



# နီပေါသမ္မတ ရမ်ချာဒရာပါဒဲလ် ဆေးဝါးကုသမှုခံယူရန် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ လေကြောင်းဖြင့်ထွက်ခွာ

**ခတ္တမန္ဒူ ဧပြီ ၁၉**

နီပေါသမ္မတသစ် ရမ်ချာဒရာပါဒဲလ်သည် ဆေးဝါးကုသမှုခံယူရေးအတွက် အိန္ဒိယနိုင်ငံ နယူးဒေလီမြို့သို့ ယနေ့တွင် လေကြောင်းခရီးဖြင့်ထွက်ခွာသွားကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

နီပေါသမ္မတသည် နယူးဒေလီမြို့ရှိ အိန္ဒိယအစိုးရ အဆင့်မြင့်ဆေးရုံတစ်ရုံ၌ ရင်ဘတ်နှင့် ဝမ်းဗိုက်ပိုင်းကျန်းမာရေးပြဿနာများအတွက် ဆေးဝါးကုသမှုခံယူရမည်ဖြစ်သည်။

သမ္မတ ပါဒဲလ် အိန္ဒိယသို့ရောက်ရှိနေချိန်တွင် သမ္မတတာဝန်များကို ဒုတိယသမ္မတ ရမ်ဆာဟာယာယာဒေ့ဗ်က ယာယီရယူပေးထားမည်ဖြစ်ကြောင်း နီပေါသမ္မတရုံးက သတင်းထုတ်ပြန်ထားသည်။

အသက် ၇၈ နှစ်အရွယ် နီပေါသမ္မတပါဒဲလ်သည် ရင်ဘတ်ပိုင်းကျန်းမာရေးပြဿနာတစ်ရပ်ကြောင့် ယခုလအတွင်း ခတ္တမန္ဒူမြို့ ထရီဘူဗင်တက္ကသိုလ်သင်ကြားရေးဆေးရုံ၌ ငါးရက်ကြာဆေးကုသမှုများခံယူခဲ့ရပြီးဖြစ်သည်။

နီပေါကွန်ဂရက်ပါတီ၏ ဝါရင့်ခေါင်းဆောင်တစ်ဦးဖြစ်သော ပါဒဲလ်သည် ယခုနှစ်မတ်လအတွင်း နီပေါနိုင်ငံ၏ တတိယမြောက်သမ္မတအဖြစ် ရွေးကောက်ခံထားရသူဖြစ်သည်။

နိုင်ငံရေးသမားများအပါအဝင် နီပေါနိုင်ငံသားများသည် နီပေါနိုင်ငံထက် ကျန်းမာရေးစောင့်ရှောက်မှုစနစ်ပိုကောင်းသည့် အိန္ဒိယဆေးရုံများသို့ သွားရောက်၍ ဆေးဝါးကုသမှုများ ခံယူလေ့ရှိကြောင်း သိရသည်။

KKO

# နယူးယောက်မြို့၌ အထပ်လေးထပ်ပါ ယာဉ်ရပ်နားစခန်းပြိုကျ တစ်ဦးသေဆုံး

**နယူးယောက် ဧပြီ ၁၉**

အမေရိကန်နိုင်ငံ နယူးယောက်မြို့ မင်ဟက်တန်နယ်မြေအတွင်းရှိ အထပ်လေးထပ်ပါ ယာဉ်ရပ်နားစခန်းတစ်ခု ဧပြီ ၁၈ ရက်က ပြိုကျခဲ့ရာ အနည်းဆုံး လူတစ်ဦးသေဆုံး၍ ငါးဦးဒဏ်ရာများရခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

ပြိုကျခဲ့သော ယာဉ်ရပ်နားစခန်းနေရာ၏ အန္တရာယ်များသည့်အခြေအနေကြောင့် ယင်းအဆောက်အအုံအပျက်အစီးများကြား ရှာဖွေရေးလုပ်ငန်းများ လုပ်ကိုင်နေသည့် မီးသတ်သမားများ ပြန်လည်ထွက်ခွာလာခဲ့ရကြောင်း သိရသည်။

သို့သော် ရှာဖွေကယ်ဆယ်ရေးသမားများအနေဖြင့် စက်ရုပ်နည်းပညာသုံး ပစ္စည်းကိရိယာများဖြင့် ရှာဖွေကယ်ဆယ်ရေးဆက်လုပ်နေကြောင်း နယူးယောက်မြို့တော်တာဝန်ရှိသူများက ပြောကြားခဲ့သည်။

အဆောက်အအုံပြိုကျချိန်တွင် သေဆုံးခဲ့သူနှင့် ဒဏ်ရာရခဲ့သူများမှာ ယာဉ်ရပ်နားစခန်းအလုပ်သမားများဖြစ်ကြောင်း သိရသည်။

ယာဉ်ရပ်နားစခန်းပြိုကျမှုသည် သာမန်အဆောက်အအုံပြိုကျမှုသာဖြစ်နိုင်ကြောင်း နယူးယောက်တာဝန်ရှိသူများက သုံးသပ်ထားသည်။

ယာဉ်ရပ်နားစခန်း အဆောက်အအုံပြိုကျပြီးနောက် ယင်းအဆောက်အအုံအနီးရှိ ပေ့စ်တက္ကသိုလ်မှ ကျောင်းသားများနှင့် ဝန်ထမ်းများကိုလည်း ကြိုတင်ကာကွယ်မှု ရယူသည့်အနေဖြင့် ဘေးကင်းရာသို့ ရွှေ့ပြောင်းပေးခဲ့ကြောင်း သိရသည်။

KKO

# ဆူဒန်နိုင်ငံ၌ တိုက်ပွဲများဖြစ်ပွားနေသောကြောင့် နိုင်ငံသားများကိုခေါ်ထုတ်ရန် ဂျပန်အစိုးရပြင်ဆင်

**တိုကျို ဧပြီ ၁၉**

ဆူဒန်နိုင်ငံ၌ တိုက်ပွဲများဖြစ်ပွားနေစဉ် ယင်းနိုင်ငံသို့ရောက်ရှိနေသည့် ဂျပန်နိုင်ငံသားများကိုခေါ်ထုတ်ရေးအတွက် ဂျပန်အစိုးရက ပြင်ဆင်နေကြောင်း ရိုက်တာသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။



ဆူဒန်နိုင်ငံသို့ရောက်ရှိနေသည့် ဂျပန်နိုင်ငံသားများကို ခေါ်ထုတ်ရေးအတွက် ဂျပန်စစ်ဘက်လေယာဉ်များကိုအသုံးပြုရန် နိုင်ငံခြားရေးဝန်ကြီးဌာနက ကာကွယ်ရေးဝန်ကြီးဌာနကို တောင်းဆိုထားကြောင်းဂျပန်အစိုးရအတွင်းဝန်ချုပ် မက်ဆုနိုက ယနေ့တွင် ပြောကြားခဲ့သည်။

ထို့ပြင် အဆိုပါဂျပန်နိုင်ငံသားများ၏လုံခြုံရေးအတွက် အာမခံချက်ရှိရန်နှင့် ၎င်းတို့ကိုခေါ်ထုတ်နိုင်ရန် ဂျပန်အစိုးရအနေဖြင့် ဂျီ-၇ အုပ်စုနိုင်ငံများနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်နေသည်ဟု မက်ဆုနိုက ပြောကြားခဲ့ကြောင်း သိရသည်။

မက်ဆုနို၏အဆိုအရ ဆူဒန်နိုင်ငံ၌ဂျပန်နိုင်ငံသားဦးရေ၆၀ ခန့်ရှိနေပြီး ၎င်းတို့အားလုံးနှင့်လည်း အဆက်အသွယ် ရယူထားနိုင်ကြောင်း သိရသည်။


ဧပြီ ၁၅ ရက်မှစ၍ ဆူဒန်စစ်ဘက်နှင့်ပြိုင်ဘက် ပြည်သူ့စစ်အုပ်စုတစ်စုတို့ကြား စတင်ဖြစ်ပွားခဲ့သည့် တိုက်ပွဲများကြောင့် လက်ရှိအချိန်ထိ လူပေါင်း ၂၀၀နီးပါး သေဆုံးခဲ့ပြီး ဦးရေ ၁၈၀၀ ကျော် ဒဏ်ရာများရခဲ့ကြောင်း ကုလသမဂ္ဂတာဝန်ရှိသူများက ပြောကြားခဲ့သည်။

ဆူဒန်စစ်ဘက်နှင့် ၎င်းပြည်သူ့စစ်အုပ်စုတို့ကြား ရယူထားသည့် ၂၄ နာရီကြာအပစ်အခတ်ရပ်စဲရေးမှာ ဧပြီ ၁၈ ရက်တွင် ပျက်ပြယ်ခဲ့ရာ တိုက်ပွဲများပြန်လည်ဖြစ်ပွားလျက်ရှိကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## တရုတ်နိုင်ငံက လကမ္ဘာပေါ်၌ လကမ္ဘာမြေစာများသုံး၍ သုံးဖက်တိုင်းပုံနှိပ်နည်းပညာဖြင့် အုတ်ပြားများထုတ်လုပ်မှုကို စမ်းသပ်ရန်ရည်ရွယ်ထား



**ပေကျင်း ဧပြီ ၁၉**

တရုတ်နိုင်ငံသည် လကမ္ဘာပေါ်၌ အမြဲတမ်းအခြေစိုက်စခန်း တည်ဆောက်ရေးခြေလှမ်းတစ်ရပ်အဖြစ် လကမ္ဘာမြေစာများသုံး၍ သုံးဖက်တိုင်း ပုံနှိပ်နည်းပညာဖြင့် အုတ်ပြားများထုတ်လုပ်မှုကို စမ်းသပ်ရန်ရည်ရွယ်ထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဧပြီ ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။

လကမ္ဘာမြေစာများဖြင့် အုတ်ပြားများ ပုံသွင်းထုတ်လုပ်မှုကို စူပါမေဆောင်(မဟာပန်းရန်ဆရာ)အမည်ရှိ ခြေထောက်ခြောက်ချောင်းပါစက်ရုပ်တစ်ရုပ်က ပြုလုပ်ပေးမည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

စူပါမေဆောင်စက်ရုပ်ကို ချန်အာ-၈ မစ်ရှင်ဖြင့် ၂၀၂၈ ခုနှစ်ခန့်တွင် လကမ္ဘာပေါ်သို့ ပို့ဆောင်ရန် တရုတ်သိပ္ပံပညာရှင်များက ရည်ရွယ်ထားသည်။

စူပါမေဆောင်စမ်းသပ်မှုအောင်မြင်ခဲ့ပါက ၎င်းနည်းပညာကို လကမ္ဘာပေါ်၌ အမြဲတမ်းအခြေစိုက်စခန်းထားရှိနိုင်ရေးအတွက် အသုံးချနိုင်မည်ဖြစ်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

တရုတ်နိုင်ငံသည် ၂၀၃၀ ပြည့်နှစ်အတွင်း လကမ္ဘာပေါ်၌ နိုင်ငံတကာ လသုတေသနစခန်း (ILRS) တည်ဆောက်ရန် ရည်ရွယ်ထားသည်။

လက်ရှိအချိန်တွင် တရုတ်အမျိုးသားအာကာသအေဂျင်စီသည် ချန်အာ-၆ လလေ့လာရေးမစ်ရှင်ကို အကောင်အထည်ဖော်လျက်ရှိကြောင်း သိရသည်။

KKO

## ကြီးမားလွန်းမှုကြောင့် မရှိသင့်သောကြယ်စုများအဖြစ်သတ်မှတ်နိုင်သောကြယ်စုများကို ဂျိမ်းဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိ

**ဝါရှင်တန် ဧပြီ ၁၉**


အလွန်တရာကြီးမားလွန်းမှုကြောင့် မရှိသင့်သောကြယ်စုများအဖြစ် သတ်မှတ်နိုင်သော ကြယ်စုများကို အမေရိကန်အစိုးရ အမျိုးသား လေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ (နာဆာ)၏ ဂျိမ်းဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်ဖြင့် ရှာဖွေတွေ့ရှိထားကြောင်း The Daily Mail သတင်းစာက ဧပြီ ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။

ဂျိမ်းဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က တွေ့ရှိထားသော ကြယ်စုခြောက်စု သက်တမ်းအားဖြင့် နှစ်ပေါင်း သန်း ၅၀၀ နှင့် သန်း ၇၀၀ ကြားတွင်သာရှိသော်လည်း အရွယ်အစားများမှာ သက်တမ်းနှင့်မမျှအောင် လွန်စွာကြီးမားနေကြောင်း နာဆာသိပ္ပံပညာရှင်များက ပြောကြားသည်။

၎င်းကြယ်စုခြောက်စုတို့၏ အရွယ်အစားနှင့် သက်တမ်းသတ်မှတ်ချက်များသာ မှန်ကန်ခဲ့ပါက ကြယ်စုများဖြစ်ပေါ်လာပုံနှင့်ပတ်သက်၍ စဉ်းစားပုံ၊ စဉ်းစားနည်းများ ပြန်လည်ပြင်ဆင်ရဖွယ်ရှိကြောင်း သိပ္ပံပညာရှင်များက သုံးသပ်ထားကြောင်း၊ ဂျိမ်းဝက်ဘ်အာကာသရေဒီယိုတယ်လီစကုပ်က တွေ့ရှိသော ကြယ်စုခြောက်စုတို့မှာ သက်တမ်း နှစ် သန်း ၅၀၀ နှင့် ၇၀၀ ကြားတွင် ကြယ်ပေါင်း ဘီလီယံ ၁၀၀အထက်ဖြင့် ဖွဲ့စည်းထားသည်။

နှိုင်းယှဉ်ကြည့်ပါက ၎င်းကြယ်စုများအတွင်း ကြယ်များပါဝင်ဖွဲ့စည်းမှုပမာဏသည် ယနေ့ခေတ် နဂါးငွေ့တန်းကြယ်စုအတွင်းရှိ ကြယ်ပမာဏနှင့် တူညီမှုရှိကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဒြပ်ဆွဲအားကြောင့် ဓာတ်ငွေ့တိမ်တိုက်များ ပြိုကွဲ၍ ပို၍သိပ်သည်းမှုပုန္နေလာချိန်တွင် ကြယ်များဖွဲ့စည်းဖြစ်ပေါ်လာပြီး ကြယ်စုကြီးများ ပေါ်ထွက်လာတတ်ကြောင်း သိရသည်။ KKO



## နာဆာက ဂျပန်နိုင်ငံ၏ အင်္ဂါဂြိုဟ် ဂြိုဟ်ရံလများ စူးစမ်းလေ့လာရေးမစ်ရှင်အတွက် စူးစမ်းလေ့လာရေးစနစ် နှစ်မျိုး ဖြည့်ဆည်းပေးမည်

**ဝါရှင်တန် ဧပြီ ၁၉**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့် အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)သည် ဂျပန်နိုင်ငံ၏ အင်္ဂါဂြိုဟ် ဂြိုဟ်ရံလများ စူးစမ်းလေ့လာရေးမစ်ရှင်အတွက် စူးစမ်းလေ့လာရေးစနစ်နှစ်မျိုး ဖြည့်ဆည်းပေးမည်ဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဧပြီ ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။

ဂျပန်အာကာသအေဂျင်စီသည် အင်္ဂါဂြိုဟ် ဂြိုဟ်ရံလများစူးစမ်းလေ့လာရေးမစ်ရှင်အရ ဖိုးဘော့စ်ဂြိုဟ်ရံလပေါ်မှ နမူနာကျောက်သားများရယူ၍ ကမ္ဘာမြေသို့ ပြန်ပို့ရန် စီစဉ်ထားသည်။

အဆိုပါမစ်ရှင်တွင် ပူးပေါင်းပါဝင်ရေးအတွက် နာဆာအဖွဲ့သည် ဂျပန်အာကာသအေဂျင်စီနှင့် ပူးပေါင်းဆောင်ရွက်ရေးသဘောတူညီချက်တစ်ရပ် လက်မှတ်ရေးထိုးထားပြီးဖြစ်ကြောင်း သိရသည်။

အင်္ဂါဂြိုဟ် ဖိုးဘော့စ်ဂြိုဟ်ရံလပေါ်မှ နမူနာကျောက်သားကောက်ယူရေးမစ်ရှင်အတွက် နာဆာအဖွဲ့က MEGANE အမည်ရှိ ဖြာထွက်ရောင်ခြည်လေ့လာရေးစနစ်တစ်ခုနှင့်ဓာတ်ငွေ့ဖိအားသုံးနမူနာကျောက်သားကောက်ယူမှုစနစ် တစ်ခုကို ဖြည့်ဆည်းပေးမည်ဖြစ်သည်။

ဂျပန်အာကာသအေဂျင်စီသည် အင်္ဂါဂြိုဟ် ဂြိုဟ်ရံလများ လေ့လာရေးမစ်ရှင်အရ MMX အမည်ရှိ အာကာသယာဉ်ကို ၂၀၂၄ ခုနှစ်တွင် လွှတ်တင်ရန်ရည်ရွယ်ထားကြောင်း သိရသည်။

၎င်းအာကာသယာဉ်သည် ဖိုးဘော့စ်ဂြိုဟ်ရံလနှင့် ဒီးမော့စ်ဂြိုဟ်ရံလတို့ကို လေ့လာမည်ဖြစ်ပြီး နမူနာကျောက်သားကောက်ယူမှုကိုမူ ဖိုးဘော့စ်ဂြိုဟ်ရံလပေါ်တွင်သာ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

KKO

# HEALTH

## ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားမှု မတည့်မသင့်သည့် အစားအစာများနှင့် ဆက်စပ်နိုင်

**နယူးယောက် ဧပြီ ၁၉**

ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားမှုအများစုသည် မတည့်မသင့်သည့် အစားအစာများ ရွေးချယ်စားသုံးမှုနှင့် ဆက်စပ်နိုင်ကြောင်း Health-day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဧပြီ ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။

၂၀၁၈ ခုနှစ်အတွင်း တစ်ကမ္ဘာလုံးအတိုင်းအတာအရ ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားမှုဖြစ်စဉ် စုစုပေါင်း၏ ၇၀ ရာခိုင်နှုန်းခန့် သို့မဟုတ် ရောဂါဖြစ်စဉ် ၁၄ သန်းတို့မှာ မတည့်မသင့်သည့် အစားအစာများနှင့်ပတ်သက်နေကြောင်း အမေရိကန်နိုင်ငံ တပ်ဖ်တက္ကသိုလ်မှ သုတေသနပညာရှင်များ၏ အဆိုအရ သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားမှုဖြစ်စဉ် အများစုသည် လုံးတီးကောက်နှံများလုံလုံလောက်လောက် မစားသုံးမှု၊ ကြိတ်ဆန်နှင့်ဂျုံတို့ကို အစားများမှု၊ ပြုပြင်စီရင်ထားသည့် အသားများကို အစားများမှုများနှင့် ဆက်စပ်နေကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန်သုတေသနပညာရှင်များသည် ကမ္ဘာ့နိုင်ငံပေါင်း ၁၈၄ နိုင်ငံတို့မှ အစားအစာစားသောက်မှုပုံစံများကို စိစစ်လေ့လာခဲ့ပြီး ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်သည်။

သုတေသနပညာရှင်များ လေ့လာခဲ့သော ၁၈၄ နိုင်ငံတို့မှာ ၁၉၉၀ ပြည့်နှစ်နှင့် ၂၀၁၈ ခုနှစ်ကြား ပုံစံ-၂ ဆီးချိုရောဂါဖြစ်ပွားမှုမြင့်တက်ခဲ့သောနိုင်ငံများဖြစ်ကြကြောင်း သိရသည်။

KKO

## ပါကင်ဆန်လူနာများ၏ဦးနှောက်ကိုအပူပေးခြင်းဖြင့် တုန်ယင်မှု၊ ခြေမခိုင်မှုရောဂါများ လျော့ချပေးနိုင်

**နယူးယောက် ဧပြီ ၁၉**

ပါကင်ဆန်ရောဂါလူနာများ၏ ဦးနှောက်ကို အပူဓာတ်ပေးခြင်းဖြင့် တုန်ယင်မှု၊ ခြေမခိုင်မှု စသည့် အတွေ့များသော ရောဂါလက္ခဏာများကို လျော့ချပေးနိုင်ကြောင်း သုတေသန သိပ္ပံပညာရှင်များ၏ အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဧပြီ ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါကုထုံးအရ ဖောက်ပြန်နေသည့်ဆဲလ်များကို ဖျက်ဆီးရေးအတွက် ပါကင်ဆန်လူနာများ၏ ဦးနှောက်နယ်မြေများကို ကြိမ်နှုန်းမြင့်စွမ်းအင်လှိုင်းများဖြင့် အပူဓာတ်ပေးရမည်ဖြစ်သည်။

အမေရိကန်သုတေသနပညာရှင်များ၏ လက်တွေ့စမ်းသပ်မှုများမှ ထွက်ပေါ်လာသည့် ရလဒ်များအရ အထက်ပါဦးနှောက်အပူပေးကုထုံးသည် ပါကင်ဆန်လူနာ ၇၀ ရာခိုင်နှုန်းအတွက် ထိရောက်မှုရှိကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ ဦးနှောက်အပူပေးကုထုံးသည် ပါကင်ဆန်လူနာများ၌ အတွေ့ရများသော ရောဂါလက္ခဏာများဖြစ်သည့် တုန်ယင်ခြင်း၊ ခြေမခိုင်ခြင်း စသည့်ပြဿနာများကို လျော့ချပေးနိုင်ကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

ထို့ပြင် ပါကင်ဆန်လူနာများ အထက်ပါကုထုံးဖြင့် ရယူနိုင်သော ကျန်းမာရေးအကျိုးကျေးဇူးများသည် တစ်နှစ်ထိတည်မြဲကြောင်းလည်းသိရသည်။

ဦးနှောက်အပူပေးကုထုံးသည် နာရီအနည်းငယ်သာကြာမြင့်ပြီး လူနာကို မေ့ဆေးပေးရန်လည်းမလိုကြောင်း သုတေသနပညာရှင်များက ပြောကြားသည်။

KKO



## နိုင်ငံတကာ အားကစားသတင်းများ

# ကွင်းလယ်ကစားသမား ဖိုဒင် မန်စီးတီးအသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်လာ

**မန်ချက်စတာ ဧပြီ ၁၉**

ပြီးခဲ့သည့်လက ကျင်းပခဲ့သည့် နိုင်ငံတကာ ပြိုင်ပွဲကာလအတွင်း အူအတက်ရောင် ရောဂါကြောင့် အရေးပေါ် ခွဲစိတ်ကုသမှု ပြုလုပ်ခဲ့ရသည့် မန်စီးတီးအသင်း ကွင်းလယ်ကစားသမား ဖိုဒင်သည် အသင်း၏ လေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည် ပါဝင်လာပြီဖြစ်ကြောင်း 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ခွဲစိတ်ကုသမှုကြောင့် ကွင်းလယ်ကစားသမား ဖိုဒင်သည် လီဗာပူးအသင်း၊ ဆောက်သမ်တန်အသင်းနှင့် လက်စတာအသင်းတို့၏ ပရီးမီးယားလိဂ်ပွဲစဉ်ကို လွဲချော်ခဲ့သည့်အပြင် ဧပြီ ၁၂ ရက်က ကစားခဲ့သည့် ချန်ပီယံလိဂ် ပထမအကျော့ပွဲစဉ်ကို လွဲချော်ခဲ့သော်လည်း ယခုအခါ ဒဏ်ရာအခြေအနေ တိုးတက်မှုရှိလာပြီး အင်္ဂါနေ့က ပြုလုပ်ခဲ့သည့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ကစားရမည့် ချန်ပီယံလိဂ် ဒုတိယအကျော့ပွဲစဉ်အတွက် အသင်းလေ့ကျင့်ရေးအစီအစဉ်တွင် ပြန်လည်ပါဝင်နိုင်ခဲ့ကြောင်း သိရသည်။

ယခင်က ဖိုဒင်၏ ဒဏ်ရာမှာ ဧပြီလကုန်ထိ အနားယူရမည်ဖြစ်သဖြင့် ဧပြီ ၂၇ ရက်တွင် ကစားရမည့် အာဆင်နယ်အသင်းနှင့် ပွဲစဉ်ကိုသာ ပါဝင်နိုင်မည်ဟု ခန့်မှန်းထားသော်လည်း ယခုအခါ ဒဏ်ရာသက်သာလာသောကြောင့် ဘိုင်ယန်မြူးနစ်အသင်းနှင့် ချန်ပီယံလိဂ် ဒုတိယအကျော့အပါအဝင် ဧပြီ ၂၂ ရက်တွင် ကစားရမည့် အက်ဖ်အေဖလား ဆီမီးဖိုင်နယ် ပွဲစဉ်တို့၏ အသင်းလူစာရင်း၌ ပါဝင်လာမည်ဖြစ်သည်။

အသက် ၂၂ နှစ်ရှိ ကွင်းလယ် ကစားသမား ဖိုဒင်သည် ပြီးခဲ့သည့် ဘောလုံးရာသီက နည်းပြ ဂွါဒီယိုလာလက်အောက်တွင် ပုံစံကောင်းရရှိနေသူဖြစ်ပြီး ပြိုင်ပွဲစုံတွင် ပွဲထွက်ကစားသမားအဖြစ် ပါဝင်ခဲ့ရသော်လည်း ယခုနှစ် ဘောလုံးရာသီတွင် ဒဏ်ရာ ပြဿနာများနှင့် ရှုန်းကန်နေရသဖြင့် ခြေစွမ်းပိုင်းကျဆင်းလာခဲ့ရာ ပြီးခဲ့သည့်နှစ် အောက်တိုဘာလမှ စတင်၍ ပုံမှန်ပွဲကစားခွင့် ပျောက်ဆုံးခဲ့သကဲ့သို့ ၎င်း၏နေရာတွင် ဂရီးလစ်ကသာ ပွဲထွက်ကစားသမားအဖြစ် ပါဝင်ကစားခဲ့ကြောင်း သိရသည်။ ML

# ၂၀၂၄ အမျိုးသားအာရှယူ-၂၃ ဘောလုံးပြိုင်ပွဲပထမအဆင့်ခြေစစ်ပွဲစဉ်များအုပ်စုမဲခွဲရန် အဆင့်သတ်မှတ်ချက်တွင် မြန်မာအသင်း မဲအိုးနံပါတ်(၂)တွင် ကျရောက်



**ရန်ကုန် ဧပြီ ၁၉**

အာရှ ဘောလုံးအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် ၂၀၂၄ အမျိုးသား အာရှယူ-၂၃ပြိုင်ပွဲ ပထမအဆင့် ခြေစစ်ပွဲစဉ်များအတွက် အုပ်စုမဲခွဲပွဲကို လာမည့် မေ ၂၅ ရက်တွင် ကျင်းပသွားမည်ဖြစ်ပြီး မဲခွဲရန် မဲအိုးအဆင့်သတ်မှတ်မှုတွင် မြန်မာ့လက်ရွေးစင်ယူ-၂၃ အသင်းသည် မဲအိုးနံပါတ် (၂) တွင် ကျရောက်လျက်ရှိနေကြောင်း သိရသည်။

၂၀၂၄ အမျိုးသားအာရှယူ-၂၃ ပြိုင်ပွဲ ပထမအဆင့်ခြေစစ်ပွဲများကို အာရှဒေသတွင်းမှ ၄၇ သင်းဖြင့် မဲအိုး ငါးအိုးပါဝင်မည်ဖြစ်ကာ မဲအိုးနံပါတ် (၁) တွင် ဆော်ဒီအသင်း၊ ဥဇဘက်ကစ္စတန်အသင်း၊ ဂျပန်အသင်း၊ ဩစတြေးလျအသင်း၊ တောင်ကိုရီးယားအသင်း၊ အီရတ်အသင်း၊ ဗီယက်နမ်အသင်း၊ တာ့ခ်မင်နစ္စတန်အသင်း၊ ထိုင်းအသင်းနှင့် ဂျော်ဒန်အသင်းတို့ ပါဝင်ခဲ့ကြသည်။

အလားတူ မဲအိုးနံပါတ်(၂)တွင် ယူအေအီးအသင်း၊ အီရန်အသင်း၊ ကူဝိတ်အသင်း၊ မလေးရှားအသင်း၊ တာဂျစ်ကစ္စတန်အသင်း၊ ဘာရိန်းအသင်း၊ မြန်မာအသင်း၊ ဆီးရီးယားအသင်း၊ ကမ္ဘောဒီးယားအသင်းနှင့် အိန္ဒိယအသင်း၊ မဲအိုးနံပါတ်(၃)တွင် စင်ကာပူအသင်း၊ ယီမင်အသင်း၊ ကာဂျစ်စတန်အသင်း၊ တီမောလက်စ်တေ အသင်း၊ လက်ဘနွန်အသင်း၊ အိုမန်အသင်း၊ လာအိုအသင်း၊ ပါလက်စတိုင်းအသင်း၊ မွန်ဂိုလီးယားအသင်းနှင့် အင်ဒိုနီးရှားအသင်းတို့ ပါဝင်ခဲ့ကြသည်။

ဆက်လက်ပြီး မဲအိုးနံပါတ်(၄) တွင် တရုတ် (တိုင်ပေ) အသင်း၊ ဘင်္ဂလားဒေ့ရှ်အသင်း၊ ဖိလစ်ပိုင်အသင်း၊ ဟောင်ကောင်အသင်း၊ မော်လ်ဒိုက်အသင်း၊ သီရိလင်္ကာအသင်းနှင့် နီပေါအသင်း၊ မဲအိုးနံပါတ် (၅) တွင် အာဖဂန်နစ္စတန်အသင်း၊ ဘူတန်အသင်း၊ ဘရူနိုင်းအသင်း၊ တရုတ်အသင်း၊ ဂူအန်အသင်း၊ မကာအိုအသင်း၊ မြောက်ကိုရီးယားအသင်း၊ မြောက်မာရီနာကျွန်းစုအသင်း၊ ပါကစ္စတန်အသင်းနှင့် ကာတာအသင်းတို့ ပါဝင်ခဲ့ကြကြောင်း သိရသည်။ STA

# ယူရိုပါကွန်ဖရင့်လိဂ်ဒုတိယအကျော့တွင် ဘေဆယ်ပရိသတ်များကို ပြင်သစ်အာဏာပိုင်များက ပွဲကြည့်ခွင့်ပိတ်ပင်

**ပဲရစ် ဧပြီ ၁၉**

ယူရိုပါလိဂ် ဒုတိယအကျော့ ပွဲစဉ်အဖြစ် နိုက်အသင်းအိမ်ကွင်းတွင် ကစားရမည့် နိုက်အသင်းနှင့် ဘေဆယ်အသင်းတို့ ပွဲစဉ်တွင် ဘေဆယ်အသင်း ပရိသတ်များကို ပြင်သစ်အာဏာပိုင်များက ပွဲကြည့်ခွင့်ပိတ်ပင်ခဲ့ကြောင်း Channel-newsasia.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဧပြီ ၁၃ ရက်က ကစားခဲ့သည့် ကွာတားဖိုင်နယ်အဆင့် ပထမအကျော့ပွဲစဉ်ကို ဘေဆယ်အသင်း အိမ်ကွင်းတွင် ကစားခဲ့ရသော်လည်း တစ်ဖက်နှစ်ဂိုးစီ သရေရလဒ် ထွက်ပေါ်ခဲ့ပြီး အဆိုပါပွဲစဉ်တွင် နှစ်ဖက်အသင်း ပရိသတ်များကြား ခိုက်ရန်ဖြစ်ပွားမှုများ ရှိခဲ့ကာ နိုင်ငံရေးနှင့် ဆက်နွယ်သည့် အခြေအနေများကြောင့် ယခု ဒုတိယအကျော့ပွဲစဉ်တွင် ဘေဆယ် အသင်းပရိသတ်များကို ပြင်သစ် အာဏာပိုင်များက ပွဲကြည့်ခွင့် ပိတ်ပင်ခဲ့ကြောင်း သိရသည်။

နိုက်မြို့တော်ဝန်က "ဘေဆယ်မှာ ကျင်းပခဲ့တဲ့ ယူရိုပါကွန်ဖရင့်လိဂ် ပထမအကျော့မှာ နှစ်ဖက်အသင်း ပရိသတ်တွေ ခိုက်ရန်ဖြစ်ပွားခဲ့ကြပါတယ်။ နှစ်သင်းစလုံးက ပရိသတ်တွေဟာ အစိုးရကိုဆန့်ကျင်တဲ့နိုင်ငံရေးယူဆမှုတွေကို လူမှုကွန်ယက်မှာလဲ အပြန်အလှန်ပြောဆိုခဲ့တာကို တွေ့ရပါတယ်။ ဒါကြောင့် နိုက်မြို့မှာ ကျင်းပမဲ့ဒုတိယအကျော့မှာ အခြေအနေတင်းမာမှုတွေ ဖြစ်မလာဖို့အတွက် အဝေးကွင်း ပရိသတ်တွေကိုပွဲကြည့်ခွင့်ပိတ်ပင်ခဲ့တာပါ" ဟုပြောကြားခဲ့သည်။

ထို့ပြင် ပြီးခဲ့သည့်နှစ် ယူရိုပါကွန်ဖရင့်လိဂ် ၁၆ သင်းရှုံးထွက်အဆင့်တွင်လည်း ဘေဆယ်အသင်း ပရိသတ်များနှင့် မာဆေးအသင်း ပရိသတ်များကြား ရှုန်းရင်းဆန်ခတ်မှုများဖြစ်ပွားခဲ့သည့် ဖြစ်စဉ်ရှိခဲ့သည့်အပြင် ပြီးခဲ့သည့်နှစ် စက်တင်ဘာလကလည်း ယူရိုပါကွန်ဖရင့်လိဂ်အုပ်စုပွဲစဉ်အဖြစ် နိုက်အသင်းနှင့် ကိုလုံးအသင်းတို့ ကစားခဲ့သည့် ပွဲစဉ်တွင် နှစ်ဖက်ပရိသတ်များ ခိုက်ရန်ဖြစ်ပွားခဲ့ရာ ပရိသတ် ၃၂ ဦးထိ ဒဏ်ရာရရှိခဲ့ပြီး အဆိုပါဖြစ်စဉ်တွင် နိုက်အသင်းပရိသတ်များ ပါဝင်ခဲ့သဖြင့် လာမည့်ပွဲစဉ်တွင် အဝေးကွင်းပရိသတ်များကို ပြင်သစ် အာဏာပိုင်များက ပွဲကြည့်ခွင့် ပိတ်ပင်ခဲ့သည်။ ML

# နာပိုလီကိုအနိုင်ရခဲ့သည့် အေစီမီလန်အသင်း ချန်ပီယံလိဂ်ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်

**မီလန် ဧပြီ ၁၉**

နာပိုလီအသင်းနှင့်အေစီမီလန် အသင်းတို့ကစားခဲ့သည့် ချန်ပီယံလိဂ်ပြိုင်ပွဲ ကွာတားဖိုင်နယ် အဆင့်တွင် တစ်ဖက်တစ်ဂိုးစီ သရေရလဒ်ထွက်ပေါ်ခဲ့သော်လည်း အေစီမီလန်အသင်းက နှစ်ကျော့ ပေါင်းရလဒ် နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရခဲ့သောကြောင့် ၂၀၀၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ်အဆင့်သို့တက်ရောက် နိုင်ခဲ့ကြောင်း ESPN သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အေစီမီလန် အသင်းသည် ကွာတားဖိုင်နယ်အဆင့် ပထမအကျော့တွင် နာပိုလီအသင်းကို တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရခဲ့ပြီး ယခုပွဲစဉ်တွင်လည်း တစ်ဂိုးစီသရေရလဒ်ထွက်ပေါ်ခဲ့သဖြင့် နှစ်ကျော့ပေါင်းရလဒ်ဖြင့် အနိုင်ရခဲ့သောကြောင့် ၂၀၀၇ ခုနှစ်နောက်ပိုင်း ပထမဆုံးအကြိမ် ဆီမီးဖိုင်နယ် အဆင့်သို့ ပြန်လည်တက်ရောက်နိုင်ခဲ့ပြီး ၁၆ နှစ်ကြာဝေးကွာနေသည့် ချန်ပီယံလိဂ်ဆုဖလားကို ရယူနိုင်ရန် အခွင့်အရေးများ ပိုင်ဆိုင်ခဲ့ကြောင်း သိရသည်။



နာပိုလီအသင်းသည် ယခုနှစ် ဘောလုံးရာသီ ပြိုင်ပွဲစုံတွင် ပုံစံကောင်းပြသနေသည့် အသင်းဖြစ်ပြီး ယခုပြိုင်ပွဲတွင် အေစီမီလန်အသင်းကို ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးနိုင်ခဲ့သော်လည်း ထိရောက်သည့်ဂိုးပေါက်ခြိမ်းခြောက်မှုမပြုလုပ်နိုင်သောကြောင့် ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရသည့်အပြင် ပြီးခဲ့သည့် ၁၆ ရက်ကာလအတွင်း အေစီမီလန်အသင်းနှင့် တွေ့ဆုံခဲ့သည့် သုံးကြိမ်စလုံးကို ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် အေစီမီလန်အသင်းသည် အခြားကွာတားဖိုင်နယ်ပွဲစဉ်ဖြစ်သည့် အင်တာမီလန်နှင့် ဘင်ဖီကာအသင်းတို့မှ အနိုင်ရသည့်အသင်းနှင့် ဆီမီးဖိုင်နယ်တွင် ယှဉ်ပြိုင်ရမည်ဖြစ်ကြောင်း သိရသည်။ ML



## အားကစားသတင်း အတိုအထွာများ

- ရီးရဲလ်မက်ဒရစ်အသင်းက အသင်းမှ ထွက်ခွာရန် ပြင်ဆင်နေသည့် ကွင်းလယ်ကစားသမား တိုနီခရုစ်ကို တစ်နှစ်သက်တမ်းတိုးရန် သဘောတူညီမှုရရှိခဲ့ကြောင်း သတင်းများထွက်ပေါ်လျက်ရှိသည်။
- ပရီးမီးယားလိဂ် ကလပ်အသင်းများဖြစ်သည့် နယူးကာဆယ်၊ ဝက်စ်ဟမ်းနှင့် စပါးအသင်းတို့က ကွင်းလယ်ကစားသမား ဝက်ပရောက်စ်ကို ခေါ်ယူရန် အပြိုင်ကြိုးပမ်းလျက်ရှိသည်။
- တိုက်စစ်မှူး မက်ဆီအနေဖြင့် ဥရောပထိပ်သီးကလပ်များတွင် လာမည့်ဘောလုံးရာသီ နှစ်ရာသီထိ ဆက်လက်ကစားသွားရန် ဆန္ဒရှိနေကြောင်း သိရသည်။ ML

# မြန်မာနှစ်သစ်တွင် ပြည်သူအားလုံး ကျန်းမာပျော်ရွှင်ကြပါစေ

**မောင်သောင်းဝင်း(တမန်ဟောင်း)**

မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်ဦးတန်ခူးလဆုတ် ၁၃ ရက်(ဧပြီလ ၁၇ ရက်)တနင်္လာနေ့သည် မြန်မာနှစ်ဆန်းတစ်ရက်နေ့ဖြစ်သည်။ ထိုနေ့တွင် မြန်မာနှစ်ဟောင်း ၁၃၈၄ ခုနှစ်မှ ၁၃၈၅ ခုနှစ်ဆိုသော နှစ်သစ်သို့ ကူးပြောင်းသွားပြီဖြစ်သည်။ ထိုနေ့သည် မြန်မာနိုင်ငံသူ၊ နိုင်ငံသားအားလုံးအတွက် စစ်မှန်သော နှစ်သစ်ကူးနေ့ပင်ဖြစ်သည်။ ထိုနေ့တွင်ကုသိုလ်ကောင်းမှုပြုလုပ်ခြင်း၊ ကိုယ်ချင်းစာတရားထားကာ ရှိုင်းပင်းကူညီခြင်း စသည့် မင်္ဂလာရှိသောလုပ်ဆောင်မှုများဖြင့်သာ ဖြတ်သန်းသွားမည်ဆိုလျှင် တစ်နှစ်လုံး မင်္ဂလာအပေါင်းနှင့်ပြည့်စုံနေမည်ဖြစ်သည်။ ကျန်းမာပျော်ရွှင်ကြမည်ဖြစ်သည်။ အောင်မြင်မှုများကိုပိုင်ဆိုင်နိုင်ကြမည်ဖြစ်သည်။ အထူးသဖြင့် မြန်မာနှစ်ဆန်းတစ်ရက်နေ့တွင် ဘဝအတွက် အရေးပါသောဆုံးဖြတ်ချက်တစ်ခုခုကို ချမှတ်သွားသင့်သည်။ အရေးကြီးဆုံးအချက်မှာ နှစ်သစ်အတွက် ဆုံးဖြတ်ချက်မချမှတ်သေးမီ နှစ်ဟောင်းကာလတွင် ဆောင်ရွက်နိုင်ခဲ့မှုများကိုလည်း ပြန်လည်သုံးသပ်သွားသင့်ပေသည်။

**မကောင်းမှုများကို ဆေးကြောသင့်**

မြန်မာတို့သည် သင်္ကြန်ကာလတွင် နှစ်ဟောင်းမှ အညစ်အကြေးများ၊ မကောင်းမှုများ ပပျောက်ကင်းစင်စေရန် ရေပက်ဖျန်းကြသည်ဟုဆိုသည်။ ရေပက်ဖျန်းရုံမျှဖြင့် အညစ်အကြေးကို ဆေးကြောနိုင်မည်မဟုတ်ချေ။ လောဘ၊ ဒေါသ၊ မောဟကို မည်သည့်ရေပိုက်နှင့်မျှ ထိုး၍မရချေ။ တွေးတောပြောဆိုပြုမူမှုမှန်သမျှကို ကိုယ်တိုင်သတိထားဆင်ခြင်မှသာလျှင် တဖြည်းဖြည်းလျှော့ချနိုင်မည်ဖြစ်သည်။ နှစ်ဟောင်းတွင်အမှောင်ဖုံး၍ လွဲမှားစွာပြုမူခဲ့သည်များ ရှိကောင်းရှိနေနိုင်ပေသည်။ သို့သော် နှစ်သစ်တွင် သီလ၊ သမာဓိ၊ ပညာတို့ဖြင့် မကောင်းမှုများကို ဆေးကြောသွားသင့်သည်။ တတ်နိုင်ပါက လောဘ၊ ဒေါသ၊ မောဟဆိုသည့် ကိလေသာမှန်သမျှကို သီလ၊ သမာဓိ၊ ပညာဆိုသည့် မဂ္ဂင်ရှစ်ပါးဖြင့် ဆေးကြောသန့်စင်သွားနိုင်ပါသည်။ ကြိုးစားသွားကြည့်မည်ဆိုလျှင် ထူးခြားမှုရှိပါသည်။ ပီတိသုခကို လက်တွေ့ခံစားရမည်ဖြစ်သည်။

**အင်တိုက်အားတိုက်ကြိုးပမ်းသင့်**

သင်္ကြန်ရုံးပိတ်ရက်တွင် လွတ်လပ်ပေါ့ပါးစွာ ရေကစားခဲ့ခြင်း၊ မိသားစုလိုက် အပန်းဖြေခရီးထွက်ခဲ့ခြင်းများဖြင့် ဖြတ်သန်းခဲ့ကြမည်ဖြစ်သည်။ အမှန်တော့သင်္ကြန်ကာလတွင် ဒါန၊ သီလ၊ ဘာဝနာစသည့် မင်္ဂလာရှိသောကောင်းမှုကုသိုလ်အဝဝဖြင့် အကျိုးရှိစွာဖြတ်သန်းခဲ့သူများသည် မျက်နှာများကြည်လင်နေပြီး နှစ်သစ်အတွက် စိတ်သစ်၊ ခွန်အားသစ်များ ပြည့်နေမည်ဖြစ်သည်။ အထူးသဖြင့် လုပ်ငန်းတာဝန်များကိုလည်း စိတ်သစ်ကိုယ်သစ်ဖြင့် အင်တိုက်အားတိုက်ထမ်းဆောင်နိုင်ကြသည်။ သို့သော် သင်္ကြန်ရုံးပိတ်ရက်ကာလ တိုတောင်းလွန်းလှသည်ဟု ထင်သူများနှင့် လိုအပ်သည်ထက်ပိုကာ အပျော်လွန်ကဲသူများကတော့ ငေးငေးငိုင်ငိုင်ဖြစ်နေတတ်ကြသည်။ အလွန်အကျွံဝတ်စားဆင်ယင်မှုများနှင့် သောက်စားပျော်ပါးမှုများအတွက် အကြွေးလည်းဆပ်ကြရဦးမည်ဖြစ်ပေသည်။ မည်သည့်နေရာတွင်မဆို အလွန်အကျွံလုပ်ဆောင်လျှင်တော့ ကောင်းကျိုးထက် ဆိုးကျိုးကိုသာ ဦးတည်စေနိုင်ပါသည်။

**ပုံကြီးချဲ့လုပ်ဆောင်နေ**

၁၃၈၄ ခုနှစ်အတွင်း မြန်မာနိုင်ငံ၌ အချို့သော ဒေသများတွင် အေးချမ်းတည်ငြိမ်မှုပျက်ပြားခဲ့ရသည်။ အထူးသဖြင့် NUG ၊ PDF အကြမ်းဖက်အဖွဲ့များသည် အဖျက်အမှောင့်လုပ်ငန်းပေါင်းစုံလုပ်ဆောင်ခဲ့ကြသည်။ ကလေးသူငယ်များနှင့် ရဟန်းသံဃာများအပါအဝင် ကျောင်းဆရာ၊ ဆရာမများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများကို လူမဆန်စွာသတ်ဖြတ်ခဲ့ကြသည်။ လမ်းတံတားများ၊ ဆက်သွယ်ရေးတာဝါတိုင်များ၊ လျှပ်စစ်ဓာတ်အားပေးရုံများ၊ စာသင်ကျောင်းများ၊ ဆေးပေးခန်းများအပါအဝင် နိုင်ငံပိုင်အဆောက်အအုံများကို မီးရှို့ဖျက်ဆီးခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ လုပ်ဆောင်ခဲ့ကြသည်။ သို့သော် လူ့အခွင့်အရေးအမည်ခံ နိုင်ငံတကာအဖွဲ့အစည်းများသည် PDF အကြမ်းဖက်သမားများ၏လူမဆန်သောလုပ်ရပ်များကိုလျစ်လျူရှုကာ ကုလသမဂ္ဂတွင် မြန်မာ့အရေးကို ပုံကြီးချဲ့ဆွေးနွေးမှုများလုပ်ဆောင်လျက် အစိုးရကို တစိုက်မတ်မတ်ပြစ်တင်ဝေဖန်လျက်ရှိကြသည်။ စိတ်မကောင်းစရာပင်ဖြစ်သည်။ တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့်ဒီမိုကရေစီဖော်ဆောင်ရေးတွင် အထောက်အကူမပြုသောလုပ်ရပ်များပင်ဖြစ်ပေသည်။ စင်စစ်အားဖြင့် လက်နက်ကိုင်အကြမ်းဖက်သည့်နည်းလမ်းဖြင့် ဒီမိုကရေစီကိုဖော်ဆောင်နိုင်မည်မဟုတ်ချေ။

**မေတ္တာအရင်းခံဖြင့်သာ**

အမှန်စင်စစ်မှာမူ မေတ္တာတရားသည် အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်းရှိသည်။ ထို့ကြောင့်နှစ်သစ်တွင် လူတစ်ဦးနှင့် တစ်ဦး၊ ဘာသာတစ်ခုနှင့်တစ်ခု၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့်တစ်နိုင်ငံကြား မေတ္တာထားသွားကြရန်လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် အချင်းချင်းအမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများ၊ တိုက်ပွဲများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။

လူအချင်းချင်း ဆင်းရဲ၊ ချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး၊ ငယ်၊ ဇာတ်နိမ့်၊ ဇာတ်မြင့်မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာဆက်ဆံသွားမည်ဆိုလျှင် အေးချမ်းသောလူ့အသိုက်အဝန်းကြီးကို ဧကန်မုချတည်ဆောက်နိုင်မည်ဖြစ်သည်။ ထိုသို့ဆိုလျှင် ကျွန်ုပ်တို့ကမ္ဘာကြီးသည် ထာဝစဉ်အေးချမ်းသာယာနေမည်ဖြစ်သည်။

နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက်ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန်လိုအပ်မည်ဖြစ်သည်။ အခြေခံအားဖြင့် ကျွန်ုပ်တို့၏စိတ်ဓာတ်များကို ပြင်ဆင်သွားကြရမည်ဖြစ်သည်။ အထူးသဖြင့် နေ့စဉ်စားဝတ်နေရေးအတွက် လုပ်ကိုင်ရှာဖွေစုဆောင်းကြရာတွင် စိတ်ကောင်းရှိရန်လိုသည်။ အရာရာတွင် ကိုယ်ချင်းစာတရားလက်ကိုင်ထားကြမည်ဆိုလျှင် အေးချမ်းသောလူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် ကျွန်ုပ်တို့၏ကိုယ်စီဘဝများ တိုးတက်အောင်မြင်ရေးအပြင် မိသားစု၊ လူမှုအဖွဲ့အစည်းနှင့် တိုင်းပြည်အကျိုးကိုပါ သယ်ပိုးနိုင်ရေးအတွက် ဖြူစင်စွာစိုရိတရားကို လက်ကိုင်ထားလျက် ပြုမူကျင့်ကြံနေထိုင်သွားရန်အထူးလိုအပ်ပေသည်။

**စိတ်ကူးအိပ်မက်များ**

နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန်လိုအပ်ပါသည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ်ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်း လိုအပ်မည်ဖြစ်သည်။

ဆိုရလျှင် လူတစ်ဦးသည် လွန်ခဲ့သည့်တစ်နှစ်လုံးတွင် ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး၊ ဘာသာရေးစသည့်နယ်ပယ်တစ်ခုခုတွင် အောင်မြင်မှုတစ်စုံတစ်ရာမျှမရရှိခဲ့ဘူးဆိုလျှင် ထိုသူသည် တစ်နှစ်ဆိုသောအချိန်ကာလကို အကျိုးမဲ့ဖြတ်သန်းခဲ့ခြင်းဖြစ်သည်။ အမှန်တော့ မနားမနေစဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်နေမှသာလျှင် အောင်မြင်မှုဆိုသောအရာကို ဆုပ်ကိုင်နိုင်ကြမည်ဖြစ်သည်။ စင်စစ်အားဖြင့် မျက်မှောက်ခေတ်ကြီးတွင် ပျင်းရိလေးလံတွေဝေထိုင်းမှိုင်းနေသောသူများအတွက် နေရာမရှိတော့ပေ။ အထူးသဖြင့် တန်ဖိုးရှိသောအချိန်ကို စနစ်တကျစီမံခန့်ခွဲနိုင်စွမ်းမရှိသူများသည် အဘက်ဘက်မှ နောက်ကျကျန်ရစ်နေမည်မှာ မြေကြီးလက်ခတ်မလွဲပင်ဖြစ်သည်။

ထို့ကြောင့် မြန်မာနှစ်သစ်တွင် အချိန်မဖြုန်းတော့ဘဲ ကိုယ်စီအလုပ်လုပ်ကြရတော့မည်ဖြစ်သည်။ နှစ်ဟောင်းတွင် အောင်မြင်မှုမရရှိခဲ့သည့်တိုင်အောင် နှစ်သစ်အတွက် ခွန်အားများ မွေးမြူသွားကြရမည်ဖြစ်သည်။ လူတစ်ဦးချင်း၊ မိသားစုတစ်စုချင်း၊ လူ့အသိုက်အဝန်းတစ်ခုချင်းမှသည် တိုင်းပြည်တိုးတက်ရေးကိုရည်မှန်းလျက် ကြိုးပမ်းသွားရန်လိုအပ်မည်ဖြစ်သည်။ လူတိုင်းတွင် လုပ်ဆောင်နိုင်သည့်စွမ်းအားများကိုယ်စီရှိနေပါသည်။ မလုပ်သေးလို့ပါ။ လုပ်မည်ဆိုလျှင် အောင်မြင်မှုသည် လက်တစ်ကမ်းတွင်ရှိနေသည်။ ထို့ကြောင့် နှစ်သစ်တွင် အောင်မြင်မှုတစ်ခုခုကိုရရှိအောင်ကြိုးပမ်းသွားမည်ဆိုသော စိတ်ကူးအိပ်မက်များကို ကိုယ်စီမက်ထားရန်လိုပါသည်။

**နှစ်သစ်တွင် မြန်မာပြည်သူအားလုံး ကျန်းမာပျော်ရွှင်ကြပါစေ**

ဆိုရလျှင် မြန်မာနှစ်ဟောင်းကုန်၍ နှစ်သစ်သို့ရောက်ရှိလာပြီဖြစ်သည်။ နှစ်ဟောင်းတွင် အကောင်းနှင့်အဆိုး ဒွန်တွဲ၍ကြုံတွေ့ခဲ့ကြရသည်။ ထိုအတွေ့အကြုံများမှ သင်ခန်းစာဖော်ထုတ်ပြီး နှစ်သစ်အတွက်ဆောင်ရွက်ဖွယ်ရာများကို အကောင်းဆုံးကြိုတင်ပြင်ဆင်သွားရန်လိုအပ်မည်ဖြစ်သည်။ နှစ်သစ်တွင် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်ပေါင်းစုံတွင် အောင်မြင်မှုများပိုင်ဆိုင်နိုင်ရေးအတွက် ကိုယ်စီစိတ်ကူးအိပ်မက်များရှိနေရန်လိုအပ်သည်။ ထိုစိတ်ကူးအိပ်မက်များ အမှန်တကယ်ရုပ်လုံးပေါ်လာစေရန်အတွက် လက်တွေ့ကျကျကြိုးပမ်းအကောင်အထည်ဖော်သွားရန်လည်းလိုအပ်မည်ဖြစ်သည်။

နိုင်ငံသားတိုင်းသည် နှစ်သစ်တွင် လူမှုစီးပွားဘဝများတိုးတက်စေရန်အတွက် အချိန်ကို အကျိုးရှိစွာအသုံးချသွားရန်လိုသည်။ အချိန်တိုင်းစဉ်ဆက်မပြတ်ကြိုးပမ်းအားထုတ်နေသူတစ်ဦးသည် မအောင်မြင်စရာအကြောင်းမရှိချေ။ ထိုသို့ အချိန်ကိုတန်ဖိုးထားသောပြည်သူများ မှီတင်းနေထိုင်သော ပြည်ထောင်စုကြီးသည် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီကို ထာဝစဉ်ခိုင်မြဲစွာ ထိန်းသိမ်းထားနိုင်မည်ဖြစ်သည်။ ထို့ကြောင့် မြန်မာနှစ်သစ်တွင် ပြည်သူအားလုံးဘေးဘယာဝေးကွာ၍ ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၊ချမ်းသာပြီး ပျော်ရွှင်ချမ်းမြေ့သောဘဝများကို ပိုင်ဆိုင်နိုင်ပါစေကြောင်း ဆုတောင်းမေတ္တာပို့သလိုက်ရပါသည်။

> ❖ အမှန်စင်စစ်မှာမူ မေတ္တာတရားသည် အရာအားလုံးကို လွှမ်းမိုးနိုင်စွမ်းရှိသည်။ ထို့ကြောင့် နှစ်သစ်တွင် လူတစ်ဦးနှင့်တစ်ဦး၊ ဘာသာတစ်ခုနှင့် တစ်ခု၊ အဖွဲ့အစည်းတစ်ခုနှင့် တစ်ခု၊ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံကြား မေတ္တာထားသွားကြရန်လိုအပ်မည်ဖြစ်သည်။ သို့မှသာလျှင် အချင်းချင်းအမြင်လွဲမှားနေမှုများ၊ ပဋိပက္ခများ၊ တိုက်ပွဲများကို ရှောင်ရှားနိုင်မည်ဖြစ်သည်။ လူအချင်းချင်း ဆင်းရဲ၊ ချမ်းသာ၊ ပညာတတ်၊ ပညာမဲ့၊ ရာထူးကြီး၊ ငယ်၊ ဇာတ်နိမ့်၊ ဇာတ်မြင့်မခွဲခြားဘဲ မေတ္တာအရင်းခံဖြင့်သာ ဆက်ဆံသွားမည်ဆိုလျှင် အေးချမ်းသောလူ့အသိုက်အဝန်းကြီးကို ဧကန်မုချတည်ဆောက်နိုင်မည်ဖြစ်သည်။ ❖

# တောင်ကြီးမြို့နယ် ပလီလင်းကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**တောင်ကြီး ဧပြီ ၁၉**

ရှမ်းပြည်နယ်(တောင်ပိုင်း)တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဉ္စမအကြိမ်ထုတ်ချေးခြင်းကို ဧပြီ ၁၈ ရက် နံနက်ပိုင်းက ပလီလင်းကျေးရွာ၌ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်နိုင်ဝင်းက ပလီလင်းကျေးရွာရှိ ရပ်မိ၊ ရပ်ဖများ၊ အသင်းသား၊ အသင်းသူများနှင့်တွေ့ဆုံပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေထုတ်ချေးရခြင်း၏ရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တောင်ကြီးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်သိင်္ဂီနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်း တာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ စီမံကိန်းအကြောင်းအရာများ၊ အတိုးနှုန်းနှင့် ကာလသတ်မှတ်ချက်များ၊ ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်း သတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၄၀ လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြို့နယ်ဦးစီးမှူးနှင့် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ပလီလင်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းလုပ်ကိုင်မည့်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၇၅ ဦးကို အရင်းမပျောက်လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၄၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်ရိုင်**

# မာလာမြိုင်သဘင်ပွဲတော်အစီအစဉ်ကို မေ ၂၄ ရက်တွင် M Entertainment Channel မှ ထုတ်လွှင့်မည်




**ရန်ကုန် မေ ၁၉**

The Tree Entertainment က ရိုက်ကူးထုတ်လုပ်သည့် မာလာမြိုင်သဘင်ပွဲတော်အစီအစဉ်ကို မေ ၂၄ ရက်တွင် M Entertainment Channel မှ စတင်ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ မာလာမြိုင်သဘင်ပွဲတော်အစီအစဉ်တွင် ပါဝင်ကပြသရုပ်ဆောင်ထားသည့် ဇာတ်မင်းသား ဩရအောင်က ပြောပြ၍ သိရသည်။

မာလာမြိုင်သဘင်ပွဲတော်အစီအစဉ်ကို မေ ၂၄ ရက်မှ စတင်ကာ အပတ်စဉ် စနေ၊ တနင်္ဂနွေနေ့တိုင်း ညစဉ် ည ၉ နာရီတွင် M Entertainment Channel ၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး The Tree Entertainment နှင့် Marlarmyaing Group ဆိုရှယ်မီဒီယာပလက်ဖောင်းများမှလည်း ည ၇ နာရီ မိနစ် ၃၀ တွင် တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"မာလာမြိုင်ရဲ့ သဘင်ပွဲတော်အစီအစဉ်မှာ ဇာတ်မင်းသား ဘွန်းနဲ့ ကျွန်တော် ဩရအောင်တို့ရဲ့ နှစ်ပါးခွင်တွေကို ရှုမြင်ခံစားရမှာဖြစ်ပါတယ်။ ညွှန်သည်အနုပညာရှင်အနေနဲ့ မြန်မာသံအဆိုတော် မေ့ချစ်သက်ရဲ့ အဆို၊ အကတွေကိုလဲ ရှုစားရမှာဖြစ်ပါတယ်"ဟု ဇာတ်မင်းသား ဩရအောင်က ပြောပြသည်။

မာလာမြိုင်သဘင်ပွဲတော်အစီအစဉ်ကို ဇာတ်လမ်း၊ ဇာတ်ညွှန်းနှင့် ဒါရိုက်တာအဖြစ် ဝါရင့်သဘင်အနုပညာရှင် ပတ္တမြားကေခိုင်က ပုံဖော်ရိုက်ကူးထားခြင်းဖြစ်ပြီး မာလာမြိုင်သဘင်အဖွဲ့သားများက ပါဝင်အားဖြည့်ပံ့ပိုးပေးထားကြောင်း သိရသည်။ ASH

# Killers of the Flower Moon ၏ ပြသချိန် ၃ နာရီ ၂၆ မိနစ်ထိ ကြာမြင့်မည်

**နယူးယောက် မေ ၁၉**

Killers of the Flower Moon ဇာတ်ကား၏ ပြသချိန်စုစုပေါင်းမှာ ၃ နာရီ ၂၆ မိနစ်ထိ ကြာမြင့်မည်ဖြစ်ကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က မေ ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။


အဆိုပါဇာတ်ကား၏ ပြသချိန်စုစုပေါင်းမှာ ၄ နာရီထိရှိနိုင်ကြောင်း ယခင်က ကောလာဟလထွက်ခဲ့ဖူးပြီး သို့ရာတွင် Killers of the Flower Moon ဇာတ်ကား၏ ပြသချိန်စုစုပေါင်းမှာ ၃ နာရီ ၂၆ မိနစ်ထိ ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြသချိန်စုစုပေါင်းပမာဏအရ Killers of the Flower Moon ဇာတ်ကားသည် Gone with the wind နှင့် The Ten Commandments ဇာတ်ကားတို့နှင့်အတူ ရုပ်ရှင်သမိုင်းတစ်လျှောက် ပြသချိန်အကြာဆုံးဇာတ်ကားအဖြစ် စာရင်းဝင်မည်ဖြစ်သည်။

Killer of the Flower Moon ဇာတ်ကားကို ကမ္ဘာကျော် ဒါရိုက်တာ မာတင်စကော်စီစီက တာဝန်ယူရိုက်ကူးပေးထားပြီး မင်းသား လီယိုနာဒိုဒီကာပရီယိုနှင့် ရောဘတ်ဒီနီရိုးတို့က ဦးဆောင်ပါဝင်ထားကြောင်း သိရသည်။

KKO






# စာရေးဆရာမကြီး စိမ့် (ပညာရေး) ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိနေအိမ်တွင် ကွယ်လွန်

**ရန်ကုန် မေ ၁၉**

စာရေးဆရာမကြီး စိမ့် (ပညာရေး)သည် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)ရှိ နေအိမ်တွင် မေ ၁၈ ရက် နံနက် ၃ နာရီတွင် လူကြီးရောဂါဖြင့် ကွယ်လွန်သွားပြီဖြစ်ကြောင်း မြန်မာနိုင်ငံစာရေးဆရာအသင်း ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်မှ ဗဟိုအလုပ်အမှုဆောင် စာရေးဆရာအောင်မြင့်(သစ်တော)က ပြောပြ၍ သိရသည်။

သမိုင်းနောက်ခံဝတ္ထုများဖြင့် ထင်ရှားကျော်ကြားသည့် စာရေးဆရာမကြီး စိမ့် (ပညာရေး)သည် ကွယ်လွန်ချိန်တွင် အသက် ၉၃ နှစ်အရွယ်ရှိပြီဖြစ်ပြီး ဒိုင်းခင်ခင်၊ ပုဂံရွှေရုပ်လွှာ(၁)(၂)၊ ပတ္တမြားငမောက်၊ ရာဇဓာတုကလျာ၊ ကနောင်မင်းသားနှင့် လှိုင်ထိပ်ခေါင်တင်၊ ပန်ထွာဘုရင်မ စသည့်လုံးချင်းဝတ္ထုများဖြင့် ထင်ရှားသူလည်းဖြစ်ကြောင်း သိရသည်။

"ဆရာမကြီးက အသက် ၉၃ နှစ်ရှိပါပြီ။ လူကြီးရောဂါနဲ့ကွယ်လွန်သွားတာဖြစ်ပါတယ်။ ခင်ပွန်းဖြစ်သူ စာရေးဆရာကြီး တက္ကသိုလ်စိန်တင်ကလဲ ၂၀၂၀ ပြည့်နှစ်က လူကြီးရောဂါနဲ့ ကွယ်လွန်သွားခဲ့ပါပြီ။ သားထောက်သမီးခံမရှိပါဘူး တူမတွေနဲ့နေထိုင်ရင်း ကွယ်လွန်သွားတာပါ"ဟု စာရေးဆရာအောင်မြင့် (သစ်တော)က ပြောပြသည်။



စာရေးဆရာမကြီး စိမ့် (ပညာရေး)၏အမည်ရင်းမှာ ဒေါ်တင်စိန်ဖြစ်ကာ မော်လမြိုင်မြို့တွင်မွေးဖွားခဲ့ပြီး မွေးချင်း ခြောက်ဦးအနက် အကြီးဆုံးသမီးဖြစ်ကြောင်း၊ စာရေးဆရာမကြီး စိမ့် (ပညာရေး)သည် ၁၉၇၆ ခုနှစ်တွင် စိမ့် (ပညာရေး) ကလောင်အမည်ဖြင့် တိုင်းရင်းမေဂျာနယ်၊ ယုဝတီဂျာနယ်၊ သင့်ဘဝမဂ္ဂဇင်းတို့တွင် တင်ဝဇီ (ရွှေမြိုင်) ကလောင်အမည်ဖြင့် ဆောင်းပါး၊ ကဗျာများ ရေးသားခဲ့ကြောင်း သိရသည်။ ASH

# Good Fortune ဇာတ်ကားကို Lionsgate ကုမ္ပဏီက ထုတ်လုပ်မည်

**နယူးယောက် မေ ၁၉**

Good Fortune အမည်ရှိ ဟာသဇာတ်ကားကို Lionsgate ရုပ်ရှင်ကုမ္ပဏီက တာဝန်ယူထုတ်လုပ်မည်ဖြစ်ကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က မေ ၁၈ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားကို နာမည်ကျော်ဒါရိုက်တာ အဇစ်အန်ဆာရီက ကိုယ်တိုင်ဇာတ်ညွှန်းရေး၍ ကိုယ်တိုင်ရိုက်ကူးမည်ဖြစ်သည်။

ထို့ပြင် Good Fortune ဇာတ်ကား၌ ကိုယ်တိုင်လည်းပါဝင်သရုပ်ဆောင်ရန် အဇစ်အန်ဆာရီက စီစဉ်ထားသည်။

Good Fortune ဇာတ်ကားရိုက်ကူးထုတ်လုပ်မှုကို ကယ်လီဖိုးနီးယားပြည်နယ် လော့စ်အိန်ဂျလိစ်မြို့တော်၌ စတင်မည်ဖြစ်ကြောင်း Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာထားသည်။

အဆိုပါဇာတ်ကားတွင် မင်းသား ဘတ်ရိုလင်းနှင့် ကီနူးရိဗ်တို့လည်း ပါဝင်မည်ဖြစ်ကြောင်း Lionsgate ရုပ်ရှင်ကုမ္ပဏီ၏ကြေညာချက်အရ သိရသည်။

Good Fortune ဇာတ်ကားရိုက်ကူးရေးလုပ်ငန်းကို လာမည့်လအတွင်း စတင်မည်ဖြစ်သော်လည်း ရုံတင်ပြသမည့်ရက်ကို Lionsgate ရုပ်ရှင်ကုမ္ပဏီက ကြေညာခြင်းမရှိသေးကြောင်း သိရသည်။ KKO



# လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုအလုပ်ရုံများမှ ကျောက်တုံးတက်ခြသေ့ပန်းပုရုပ်များကို ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့က မှာယူလျက်ရှိ

**ရန်ကုန် မေ ၁၉**

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ ပန်းပုအလုပ်ရုံများမှ ကုက္ကိုအနှစ်သားဖြင့်ထုလုပ်ထားသည့် ကျောက်တုံးတက်ခြသေ့ပန်းပုရုပ်များကို ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် (အရှေ့ပိုင်း)တို့က မှာယူလျက်ရှိကြောင်း လှည်းကူးမြို့နယ် ဒါးပိန်ပန်းပုကျေးရွာရှိ မြင့်မိုရ်ဦးပန်းပုလုပ်ငန်းပိုင်ရှင် ဦးအေးချမ်းက ပြောပြ၍ သိရသည်။


အဆိုပါ ကျောက်တုံးတက်ခြသေ့ပန်းပုရုပ်များကို ကုက္ကိုအနှစ်သားဖြင့် ထုလုပ်ထားခြင်းဖြစ်ပြီး အရွယ်အစားမှာ အမြင့် ၂၁ လက်မ၊ အလျား ၁၈ လက်မ၊ ကိုယ်ထည် ၃ ကိုးလက်မအရွယ်အစားဖြစ်ပြီး လက်ရှိ ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း)တို့က မှာယူထားခြင်းဖြစ်ရာ ပန်းပုရုပ် ၃၀ ခန့် အော်ဒါရကာ ထုလုပ်လျက်ရှိကြောင်း သိရသည်။

"အရွယ်အစားကြီးတဲ့ ပန်းပုထည်တွေ အော်ဒါမရတာ တော်တော်ကြာပါပြီ။ အခုမှ အော်ဒါရတယ်။ ရောဝတီတိုင်းဒေသကြီးဘက်က ပုသိမ်မြို့ကို ပန်းပုရုပ် ၁၅ ရုပ်ပို့ပေးရမယ်။ ရှမ်းပြည်နယ် (အရှေ့ပိုင်း)က တာချီလိတ်မြို့ကို ပန်းပုရုပ် ၁၅ ရုပ်ပို့ပေးရမယ်။ သူတို့ဘယ်လောက်ရောင်းမယ်တော့ မသိဘူး။ ကျွန်တော်တို့ဆီကတော့ လက်ခအနေနဲ့ ပန်းပုရုပ်တစ်ရုပ်ကို ငွေကျပ် ၁၅၀၀၀၀ ဖြစ်ပါတယ်"ဟု ဦးအေးချမ်းက ပြောပြသည်။

အဆိုပါ အမြင့် ၂၁ လက်မ၊ အလျား ၁၈ လက်မ၊ ကိုယ်ထည်၃ကိုးလက်မအရွယ်အစား ကျောက်တုံးတက်ခြသေ့ပန်းပုရုပ်များမှာ ဈေးကွက်အတွင်း ပန်းပုရုပ်တစ်ရုပ်လျှင် ငွေကျပ် ၃၀၀၀၀၀ ခန့် ဈေးရှိကြောင်း သိရသည်။

ASH

# More than 500,000 people visit Mann Shwesettaw Pagoda Buddha Pujaniya festival in Minbu Township


An aerial view of Mann Shwesettaw Pagoda Buddha Pujaniya festival.

**Minbu April 19**

More than 500,000 people from four corners of the nation paid visits to Mann Shwesettaw Pagoda Buddha Pujaniya festival in Minbu Township of Magway Region, said U Khin Maung Soe, member of the pagoda board of trustees.

The festival last from 25 January 2023 to 17 April, more than 500,000 people from various parts of the nation visited the pagoda. Among them, number of the pilgrims was the largest in April.

"In April, number of pilgrims bound for the pagoda was more than 70,000 per day. On the holidays, number of travellers reached some 100,000. Most of travellers made a day trip. More than 500,000 travellers paid visits to the pagoda during more than 80 days," he added.

Board authorities arranged more than 600 lodges for pilgrims and allowed more than 400 shops for convenience of travellers with food supplies. During the period, travellers arrived at the pagoda with the use of more than 56,000 vehicles.

Moreover, Aung Mann Maw small bus line ran its vehicles to transport travellers along Minbu-Shwesettaw route from 6 am to 6 pm. The bus line used 10 Starex and Vongo vehicles as commuters along the aforesaid route and 20 more vehicles along the hilly road. ASH

# 49 bridges under construction in Kachin State with 44 completed bridges

**Nay Pyi Taw April 19**

The Ministry of Construction stated that a total of 49 bridges are under construction in Kachin State and 49 bridges have been completed.

The Department of Bridges under the Ministry is implementing the bridge projects across the nation.

In this regard, the department has constructed 49 bridges—14 on Myitkyina-Sumprabum-Putao road, 10 on Namti-Tanai-Pansawng road, eight on Shwebo-Myitkyina road, three on Machanbaw-Prukha-Rapbaw-Nagmon road, two on Magweza-Khaunglanpyu road and 10 on Mandalay-Lashio-Bhamo-Myitkyina road.

Among 14 bridges on Myitkyina-Sumprabum-Putao road, 12 bridges have been completed and two more bridges are under construction. Ten of 11 bridges on Namti-Tanai-Pasawng road, one bridge is being upgraded.

Moreover, eight bridges on Shwebo-Myitkyina road have been completed, and three on Machanbaw-Prukha-Rapbaw-Nagmon road and one in Machanbaw have been built. Meanwhile, two of three bridges on Magweza-Khaunglanphu road have been completed and the last one is under construction.

Nine bridges on Mandalay-Lashio-Bhamo-Myitkyina road were completed, and Bala Min Htin bridge-2 is under construction.

It was reported that a total of 44 bridges have been constructed in Kachin State. Four bridges are under construction and one is being upgraded. 336


A newly built suspension bridge.

# Over 200,000 visitors arrived in Sagaing and Mingun regions from Jan to March this year

**Sagaing April 19**

More than 200,000 travellers visited the Sagaing and Mingun regions in Sagaing Region from January to the third week of April this year, said U Moe Aung Kyaw, CEC member of Sagaing Region Hoteliers Association.

Major tour sites in the region are Kaunghmudaw, Soon Oo Ponyashin and Umin Thonese pagodas in Sagaing, the Pahtodaw and Mya Theindan pagodas and the Two-Lion Jetty in Mingun. Most visitors including foreign tourists are from Yangon, Bago and Mandalay regions.

"From January to March this year, over 190,000 local visitors and over 9,000 foreign visitors came to Sagaing and Mingu regions, which are major tour sites," U Aung Moe Kyaw said.

A pilot project for barrier-free tourism for people with disabilities has been planned at Kaungmudaw Pagoda in Sagaing Township and Mya Thein Dan Pagoda in Mingun region.

Moreover, measures are being taken to provide safe and clean accommodation for both local and foreign visitors during their travel programmes for Sagaing and Mingu regions. ASH

# India to have more people than China by mid-2023, UN says

**Delhi April 19**

India is set to overtake China to become the most populous country in the world by the middle of this year, data released by the United Nations shows.

India's population is expected to reach 1.4286 billion - 2.9 million more than its neighbour on 1.4257 billion.

The Asian nations have accounted for more than a third of the global population for over 70 years.

China's birth rate has plunged recently with its population shrinking last year for the first time since 1961.

India's population forecast provided in the United Nations Population Fund (UNFPA) State of World Population report is an estimate since there has been no census in the country since 2011.

Also, the UN says their estimate does not include the population of China's two Special Administrative Regions - Hong Kong and Macau - or the island of Taiwan, which Beijing sees as a breakaway province to be unified with the mainland one day. Taiwan sees itself as distinct from the Chinese mainland, with its own constitution and democratically-elected leaders.

In November, the global population crossed 8 billion. But experts say growth is not as rapid as it used to be and is now at its slowest rate since 1950.

Both India and China have seen declines in their fertility rates. This means in China, the population will start declining next year, despite the country abandoning its one-child policy in 2016 and introducing incentives for couples to have two or more children.

Soaring living costs and the growing number of women joining the workforce are among other factors being blamed for the slowdown in China.

BBC

# Macron tries to escape French pension row with street song

**Paris April 19**

Even a traditional sing-song with a group of young Parisians is fraught with risk for a president attempting to persuade France to accept an unpopular increase in the pension age.

Emmanuel Macron had given a TV address on Tuesday regretting "no consensus could be found" on the reform when he went for a walk with his wife Brigitte.

He joined some men singing a song he remembered from his grandmother.

But it was shared by a Facebook group reportedly set up by the far right.

The young singers were part of a Parisian choir singing traditional songs on a street in the sixth district in Paris,

One of them approached President Macron asking him to join in a rendition of an old song from the Pyrenees called "Le Refuge", which he sang on a trip to the French mountain range last year.

The men, who were part of the local Saint Longin choir, were apparently using a mobile phone app to read the words of the song created by the Canto project.

Last October, left-leaning newspaper Libération revealed that the project, set up to promote the memory of traditional songs, had been founded and run by far-right activists.

Songs included French classics and nursery rhymes, but also others with a more questionable past including songs linked to the Spanish fascist Falange of the 1930s and Nazi Germany. BBC

# More than 320 cargo ships admitted at Yangon ports in 2022-23 FY to handle over 3.2 million tons of commodities



A cargo ship moored at Yangon port.

**Yangon April 19**

Myanma Port Authority stated that Yangon international ports admitted docking of more than 320 cargo ships and handled more than 3.2 million tons of cargo in 2022-23 fiscal year.

During the period, Yangon international ports admitted docking of 654 container ships, 311 fuel tankers, 100 oil tankers and 325 general cargo ships.

MPA arranged smooth process of freight handling at the ports for imported commodities.

In so doing, the ports handled 3.258 million tons of export and import cargos from325 general cargo ships, including 1.484 million tons of export goods and 1.774 million tons of import commodities.

336

# Export of groundnut earns more than US$40 million of foreign exchange in 2022-23 FY

**Nay Pyi Taw April 19**

The Ministry of Commerce stated that Myanmar earned more than US$40 million in export of groundnut to foreign market in 2022-23 fiscal year.

Myanmar exports more than 20 kinds of pulses and beans to foreign markets. In 2022-23 fiscal year, groundnut stands 6th position in the largest volume of export among other agricultural produce.

In the fiscal year, pulses and beans export earned US$1,470.661 million. Black bean export stood first with US$531.797 million, followed by green gram US$489.089 million, pigeon pea US$187.393 million, rice bean US$60.771 million, kidney bean US$50.31 million and groundnut US$40.16 million.

In this regard, groundnut was exported through shipping to earn US$2.531 million and land border SU$40.16 million.

In 2022-23 fiscal year, export groundnut was the products without husk. Early-monsoon groundnut is grown from May to first week of June, late monsoon from September to first week of October, and winter groundnut from November to third week of December.

Local farmers use Hsinpadetha-1, Hsinpadetha-2, Hsinpadtha-3, 4, 5, 6 and 7, Hsinpadetha-11, Magway-9m 10, 11, 12, 13 and 15 and Kyaunggon 2 strains of groundnuts.

Winter groundnut starts inflow to the market from the fourth week of February till the end of March. Before Thingyan festival, groundnut was traded at K105,000 per basket.

336


Groundnuts for sale at a market.

# Myanmar imports industrial raw materials mostly in 2022-2023 FY

**Nay Pyi Taw April 19**

Myanmar imported industrial raw materials mostly in 2022-2023 FY, according to reports from the Ministry of Commerce.

Myanmar is exporting goods to foreign customer market countries as well as importing the goods required for the country from foreign trading partner countries.

In the process of importation, they are divided into four import groups: investment goods group, industrial raw materials group, consumer goods group and CMP goods group.

In the 2022-2023 FY, Myanmar imported US$17,349.752 million for these groups.

As a result, the largest import was from industrial raw materials group with US$8,293.414 million, and the second largest import was from investment goods with US$3,628.843 million.

Similarly, the consumer goods group was the third most imported with US$2,930.064 million, and CMP products were the fourth most imported with US$2,497.431 million.

Not only small and medium enterprises, industrial enterprises, investment industries, but also home-based businesses are growing.

As a result, the demand for industrial raw materials for these businesses has also increased.

336

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Govt. plans to invite open tender to buy construction materials for Chindwin (Tamanthi) Bridge in 2023-2024 FY

**Homalin April 19**

Private entrepreneurs will be invited for open tenders for the construction equipment for the Chindwin (Tamanthi) Bridge's in 2023-2024 FY, according to reports from the Ministry of Construction.

Chindwin (Tamanthi) Bridge is a bridge that will connect Leshi town in Naga self-administrative zone and Sum Ma Rar sub-township through Tamanthi from Pingmar Village located in Mile post 247 on the Thetkaekyin-Phaungpyin-Homalin-Khamti road.

It was built on January 19, 2021, at a cost of 33 billion kyats, under the responsibility of construction team (2) of the Bridge Department of the Ministry of Construction.

It is a type of steel arch bridge with a length of 801 meters, a bridge load capacity of 75 tons, a traffic width of 8.5 meters, and a main bridge length of 483.5 meters.

The bridge's approach and main pier foundations are being constructed with reinforced concrete piers.

It will be planned to complete before the 2025 Naga New Year Festival.

336



Tamanthi model village.

# နိုင်ငံတကာစစ်မှုရေးရာအဖြာဖြာ

## တူရကီလေတပ်ရှိ F-16 တိုက်လေယာဉ်များအဆင့်မြှင့်တင်မှုကို အမေရိကန်အတည်ပြု



တူရကီနိုင်ငံလေတပ်ရှိ F-16 တိုက်လေယာဉ်များကိုအဆင့်မြှင့်တင်ရန် ကာလရှည်ကြာကြိုးပမ်းခဲ့မှုတွင် အမေရိကန်ဒေါ်လာ ၂၅၉ သန်းတန်ဖိုးရှိ သဘောတူညီချက်တစ်ရပ်ကို အမေရိကန်နိုင်ငံက မေ ၁၇ ရက်တွင် သဘောတူခွင့်ပြုခဲ့ကြောင်း သိရသည်။

NATO အဖွဲ့တွင် ဖင်လန်နိုင်ငံပါဝင်ရန် တူရကီနိုင်ငံ၏ ကန့်ကွက်နေမှုကို ပယ်ချပြီးနောက် နှစ်ပတ်အကြာတွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာန၏ ခွင့်ပြုချက်ထွက်ပေါ်လာခြင်းဖြစ်သည်။

တူရကီသည် ဆွီဒင်ကို စစ်ရေးမဟာမိတ်အဖွဲ့ဝင်နိုင်ငံအဖြစ်ပူးပေါင်းရန် ၎င်း၏ခွင့်ပြုချက်ကို ဆက်လက်ဆိုင်းငံ့ထားသည်။ NATO သည် အဖွဲ့ဝင်အသစ်များကိုလက်ခံရန် တညီတညွတ်တည်းအတည်ပြုချက်လိုအပ်လျက်ရှိသည်။

တူရကီသည်လည်း အမေရိကန်ထံမှ F-16 အသစ် အစင်း ၄၀ ကို ဝယ်ယူလိုသော်လည်း အမေရိကန်နိုင်ငံ ကွန်ဂရက် လွှတ်တော်အမတ်အချို့က ဖင်လန်နှင့် ဆွီဒင်တို့ကို NATO အဖွဲ့ဝင်အဖြစ် တူရကီက အတည်ပြုမပြီးမချင်း ရောင်းချမှုကို ဆန့်ကျင်ကန့်ကွက်ခဲ့ကြကြောင်း သိရသည်။

တူရကီသည် ရုရှားလေကြောင်းရန်ကာကွယ်ရေးဒုံးကျည်များ ဝယ်ယူရန် ၂၀၁၇ ခုနှစ်တွင် ဆုံးဖြတ်ခဲ့ပြီးနောက် အမေရိကန်၏ နည်းပညာမြင့်စစ်လေယာဉ်များဝယ်ယူမှုအပေါ် ကျေနပ်မှုမရှိခဲ့ပေ။

မျိုးဆက်သစ် F-35 တိုက်လေယာဉ်များကို တီထွင်ထုတ်လုပ်နိုင်ရန် အမေရိကန်နိုင်ငံ၏အစီအစဉ်မှနေ၍ တူရကီနိုင်ငံကို ထုတ်ပယ်ခဲ့ပြီး တူရကီနိုင်ငံကာကွယ်ရေးအရာရှိများအပေါ် အရေးယူဒဏ်ခတ်ပိတ်ဆို့မှုများပါ ကျင့်သုံးလုပ်ဆောင်ခဲ့ကြသည်။ ရုရှားဒုံးကျည်များသည် F-35 တိုက်လေယာဉ်ကို ခြိမ်းခြောက်မှုဖြစ်စေကြောင်း အမေရိကန်က ပြောကြားခဲ့ပြီး NATO မဟာမိတ်အဖွဲ့အတွင်း ၎င်းတို့၏အသုံးပြုမှုကို ပြင်းပြင်းထန်ထန်ကန့်ကွက်ခဲ့ကြသည်။ F-16 တိုက်လေယာဉ်များသည် ၎င်း၏လေကြောင်းစွမ်းအားကိုမြှင့်တင်ရန် ယာယီရွေးချယ်မှုအဖြစ် တူရကီနိုင်ငံက သုံးသပ်ထားသည်။

မေ ၁၇ ရက်တွင် အဆင့်မြှင့်တင်မှုဆိုင်ရာဆော့ဖ်ဝဲရောင်းချမှုအပေါ် ခွင့်ပြုချက်သည် တူရကီနိုင်ငံအနေဖြင့် ၎င်း၏လက်ရှိ F-16 တိုက်လေယာဉ်အုပ်မှ တိုက်လေယာဉ်များကို အဆင့်မြှင့်တင်ခွင့်ရရှိသွားမည်လည်းဖြစ်သည်။ အဆိုပါအဆင့်မြှင့်တင်မှုတွင် မြေပြင်ရှောင်ကွင်းစနစ်ကဲ့သို့သော ဆက်သွယ်ရေးနှင့်လုံခြုံရေးအစီအစဉ်များတွင် တိုးတက်ဖွံ့ဖြိုးလာမှုများပါဝင်နေသည်။ ၎င်းကို တူရကီနှင့်မဟာမိတ်နိုင်ငံများအတွက် အပြန်အလှန်လုပ်ဆောင်နိုင်မှုနှင့် အခြေခံလုံခြုံရေးပျံ့သန်းမှုဆိုင်ရာပြဿနာတစ်ရပ်ဟုလည်း သုံးနှုန်းထားကြောင်း သိရသည်။

**US approves F-16 upgrade after Turkey eases stand on NATO ကို ဘာသာပြန်ဆိုထားပါသည်။**

## တရုတ်နိုင်ငံက ပင်လယ်ဝါ၌ အရေးပါသောစစ်ရေးလေ့ကျင့်မှုများပြုလုပ်သွားမည်



တရုတ်နိုင်ငံသည် ဒေသတွင်းတင်းမာမှုများမြင့်တက်နေချိန်တွင် ပင်လယ်ဝါ၌ အဓိကအရေးပါသော စစ်ရေးလေ့ကျင့်မှုများပြုလုပ်သွားမည်ဟု တရုတ်နိုင်ငံပင်လယ်ရေကြောင်း ဘေးကင်းလုံခြုံရေးအုပ်ချုပ်ရေးအဖွဲ့က မေ ၁၇ ရက်တွင် ပြောကြားခဲ့ပြီး နောက်ထပ် အသေးစိတ်အချက်အလက်များကိုမူ ထုတ်ဖော်ပြောဆိုခြင်းမရှိပေ။

စစ်ရေးလေ့ကျင့်မှုတွင် မကြာခဏအသုံးပြုလေ့ရှိသည့် ရှန်ဒေါင်းပြည်နယ်ကမ်းလွန်ပင်လယ်ပြင်တွင် ရေကြောင်းဆိုင်ရာသင်္ဘောများကို ဝင်ရောက်ခြင်းမပြုရန် အေဂျင်စီက သတိပေးထားသည်။ အဆိုပါကမ်းလွန်ပင်လယ်ပြင်သည် အမေရိကန်နိုင်ငံ၏ ဒေသတွင်းမဟာမိတ်များနှင့် ဝေးကွာသည့်နေရာတစ်ခုလည်းဖြစ်သည်။

တရုတ်နိုင်ငံက တရုတ်(တိုင်ပေ) တစ်ဝိုက်တွင် စစ်ရေးလေ့ကျင့်မှုပြုလုပ်ပြီးနောက် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရကျွန်းနိုင်ငံကို သတိပေးခြင်းဖြစ်ကြောင်း အခိုင်အမာပြောကြားခဲ့ပြီးနောက် စီစဉ်ထားသည့် စစ်ရေးလေ့ကျင့်မှုသတင်း ထပ်မံထွက်ပေါ်လာခြင်းဖြစ်သည်။

တရုတ်စစ်ဘက်သည် ဧပြီ ၁၇ ရက်တွင် ပြီးဆုံးခဲ့သော Joint Sword ဟု အမည်ပေးထားသည့် အကြီးစားလေကြောင်းနှင့် ရေကြောင်းလေ့ကျင့်မှုကို သုံးရက်ကြာပြုလုပ်ခဲ့ကြသည်။ ထိုအကြီးစားလေကြောင်းနှင့် ရေကြောင်းလေ့ကျင့်မှုများသည် တရုတ်(တိုင်ပေ)သမ္မတ Tsai Ingwen နှင့် အမေရိကန်အောက်လွှတ်တော်ဥက္ကဋ္ဌ Kevin McCarthy တို့ တွေ့ဆုံပြီးနောက် ပြုလုပ်ခဲ့ခြင်းလည်းဖြစ်သည်။

အစည်းအဝေးများပြုလုပ်၍ အမေရိကန်နှင့် တရုတ်(တိုင်ပေ)တို့မှ ကိုယ်စားလှယ်နှစ်ဖွဲ့တွေ့ဆုံမှုသည် နောက်ဆက်တွဲကြီးလေးသောအကျိုးဆက်များ ရှိလာနိုင်ကြောင်း တရုတ်နိုင်ငံက သတိပေးထားကြောင်း သိရသည်။

ထိုအတောအတွင်း အမေရိကန်ရေတပ်သည် ဧပြီ ၁၆ ရက်တွင် ထိုင်ဝမ်ရေလက်ကြားကိုဖြတ်၍ စစ်သင်္ဘောတစ်စီးဖြင့် ခုတ်မောင်းခဲ့ရာ တရုတ်က ကန့်ကွက်မှုများပြုလုပ်ခဲ့ပြီး အဆိုပါစစ်သင်္ဘောဖြတ်သန်းခုတ်မောင်းမှုသည် လူသိရှင်ကြားချိုးဖောက် လုပ်ဆောင်နေမှုများအဖြစ် ရှုတ်ချခဲ့သည်။

နိုင်ငံ၏အချုပ်အခြာအာဏာ၊ ဘေးကင်းရေးနှင့် ဒေသတွင်းတည်ငြိမ်အေးချမ်းရေးတို့ကို ပြတ်ပြတ်သားသားကာကွယ်ရန် အချိန်မရွေးအဆင်သင့်ဖြစ်နေပြီဟု တရုတ်နိုင်ငံအရှေ့ပိုင်း စစ်နယ်ဝန်းကွပ်ကဲမှုဌာနချုပ်မှ ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

တရုတ်နိုင်ငံသည် မကြာသေးမီနှစ်များအတွင်း တရုတ်(တိုင်ပေ)အပေါ် ၎င်း၏စစ်ရေးအရ ဖိအားကိုမြှင့်တင်လုပ်ဆောင်လာခဲ့ပြီး တိုက်လေယာဉ်များနှင့် ရေတပ်သင်္ဘောများကို ကျွန်းသို့ နေ့စဉ်ရက်ဆက်စေလွှတ်ထောက်လှမ်းနိုင်ခဲ့သည်။

**China to conduct ‘major military activity’ in Yellow Sea amid heightened tensions in region ကို ဘာသာပြန်ဆိုထားပါသည်။**

## Saab ကုမ္ပဏီက ဆွီဒင်လေတပ်အတွက် ဘရာဇီးထုတ် C-390 Millennium လေယာဉ်ကို ပြုပြင်မွမ်းမံသွားမည်



Saab ကုမ္ပဏီသည် C-390 Millennium စစ်ဘက်သယ်ယူပို့ဆောင်ရေးလေယာဉ်ကို ပြုပြင်မွမ်းမံရန်နှင့် အဆိုပါလေယာဉ်ကို ဆွီဒင်လေတပ်သို့ အဆိုပြုရန် ဘရာဇီးနိုင်ငံ Embraer ကုမ္ပဏီနှင့် သဘောတူညီချက်တစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြောင်း www.thedefense-post.com သတင်းရင်းမြစ်တွင် ဧပြီ ၁၇ ရက်က ရေးသားဖော်ပြခဲ့သည်။

Rio de Janeiro မြို့တွင် ပြီးခဲ့သည့်သီတင်းပတ်က လက်တင်အမေရိက လေကြောင်းနှင့် ကာကွယ်ရေးဆိုင်ရာဆွေးနွေးပွဲတွင် မိတ်ဖက်ပူးပေါင်းလုပ်ဆောင်မှုအဖြစ် လက်မှတ်ရေးထိုးခဲ့သည်။

Saab ၏အဆိုအရ အဆိုပါပူးပေါင်းဆောင်ရွက်မှုသည် ဆွီဒင်လေတပ်၏ နည်းဗျူဟာမြောက် လေကြောင်းပို့ဆောင်ရေးလိုအပ်ချက်များနှင့်ပြည့်မီပြီး Millennium ဝယ်ယူမည့်နိုင်ငံကို ရှာဖွေနေသည့် Embraer ၏ ကြိုးပမ်းအားထုတ်မှုကို အဆင်ပြေသွားစေမည်ဖြစ်သည်။

၎င်းတို့သည် စွမ်းဆောင်ရည်ပိုမိုကောင်းမွန်လာစေရန်အတွက် Saab က ပံ့ပိုးပေးသောစက်ပစ္စည်းကိရိယာများနှင့်စနစ်များကို ဘက်စုံသုံးလေယာဉ်များတွင် ပေါင်းစပ်အသုံးပြုသွားနိုင်ရေး နည်းလမ်းများရှာဖွေသွားမည်ဖြစ်ကြောင်း သိရသည်။

ဆွီဒင်လေကြောင်းနှင့်အာကာသကုမ္ပဏီသည် ပျံသန်းမှု၊ ထိန်းချုပ်မှုစနစ်များနှင့် ဖိုက်ဘာအော့ပတစ် အာရုံခံကိရိယာများအပါအဝင် ခေတ်မီဆန်းသစ်သောလေယာဉ်အစိတ်အပိုင်းများကို ထုတ်လုပ်လျက်ရှိသည်။

C-390 Millennium သည် ဘရာဇီးနိုင်ငံထုတ် မျိုးဆက်သစ်ခေတ်အမီဆုံးစစ်ဘက်နည်းဗျူဟာမြောက် သယ်ယူပို့ဆောင်ရေးလေယာဉ်ဖြစ်သည်။ ဘက်စုံသုံး (Multi-Mission Platform)လေယာဉ်သည် မြင့်မားသောကုန်ထုတ်စွမ်းအားနှင့် လုပ်ဆောင်ရာတွင် ပြောင်းလွယ်ပြင်လွယ်ရှိမှုတို့ကိုပေါင်းစပ်၍ မယှဉ်နိုင်သော ရွေ့လျားစစ်ကစားနိုင်မှုကို ရရှိပိုင်ဆိုင်နိုင်စေပြီး လည်ပတ်မှုကုန်ကျစရိတ်နည်းပါးသောပေါင်းစည်းထားမှုတစ်ရပ်လည်းဖြစ်သည်ဟု Saab ကုမ္ပဏီက သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ဘရာဇီးနိုင်ငံထုတ် C-390 ကို ဆွီဒင်နိုင်ငံသို့ အဆိုပြုခြင်းအပြင် မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုသည် ဘရာဇီးနှင့်အခြား လက်တင်အမေရိကနိုင်ငံများသို့ Gripen ဘက်စုံသုံး တိုက်လေယာဉ်များရောင်းချမှုအပါအဝင် စီးပွားရေးအခွင့်အလမ်းသစ်များကို ရှာဖွေဦးမည်ဖြစ်ကြောင်း သိရသည်။

**Saab to Modify Brazil’s C-390 Millennium Aircraft for Swedish Air Force ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေး



**နေပြည်တော် မေ ၁၉**

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် မြန်မာနိုင်ငံတွင် တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာမည့် မြန်မာနိုင်ငံဆိုင်ရာ ဘင်္ဂလားဒေ့ရှ်သံအမတ်ကြီး မစ္စတာမန်ဂျူရှုလ်ကရင်ခမ်ချောင်ဒရီ ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့ကို ယနေ့ညနေပိုင်းတွင် ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ရခိုင်ဒေသနေရပ်စွန့်ခွာသူများ ပြန်လည်လက်ခံနိုင်ရေးနှင့် ပတ်သက်သည့်ကိစ္စများအတွက် ကျန်းမာရေးစောင့်ရှောက်မှုပေးရန် ပြင်ဆင်ထားမှုများ၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးစွာ ပူးပေါင်းဆောင်ရွက်ရေး၊ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေး၊ ဆေးပညာသင်ကြားရေး၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် နှစ်နိုင်ငံဆေးဝါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များကို အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။

တွေ့ဆုံပွဲသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပုဂံလူ့ရည်ချွန်အပန်းဖြေစခန်းဖွင့်ပွဲနှင့် မိတ်ဆုံညစာစားပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**မန္တလေး မေ ၁၉**

ပုဂံလူ့ရည်ချွန်အပန်းဖြေစခန်းဖွင့်ပွဲနှင့် မိတ်ဆုံညစာစားပွဲအခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ယနေ့မွန်းလွဲပိုင်းက ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်း၊ ခရိုင်၊မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။





အစည်းအဝေး၌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ဦးစီးကော်မတီများအနေဖြင့် ပုဂံလူ့ရည်ချွန် အပန်းဖြေစခန်းဖွင့်ပွဲမကျင်းပမီ၊ ကျင်းပချိန်နှင့် ကျင်းပပြီးစီးသည်ထိ ဆပ်ကော်မတီများအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းအစီအမံများကို လစ်ဟာမှုမရှိစေရေး ကြပ်မတ်ဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နေရာဒေသအသီးသီးမှ ပါဝင်ကြရာ ရေမြေဒေသရာသီဥတုမတူညီမှုများရှိသည့်အတွက် တစ်ဦးချင်းမှအစ အဖွဲ့လိုက်ထိ ဂရုတစိုက်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းများကို အလေးထားဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ရည်ရွယ်ချက်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အားလုံးတက်ညီလက်ညီ ဟန်ချက်ညီစွာ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ မန္တလေးတိုင်းဒေသကြီးပညာရေးမှူးရုံး ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးမြင့်ထွန်းနှင့် ညောင်ဦးမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနန်းတင့်တို့က လူ့ရည်ချွန်များရောက်ရှိသည့် ခရီးစဉ်မှ အပြန်ခရီးစဉ်ထိ ဆောင်ရွက်ထားမှုအခြေအနေများနှင့် ပုဂံလူ့ရည်ချွန်အပန်းဖြေစခန်းအတွက် ဆောင်ရွက်မည့်လုပ်ငန်းအစီအမံများကို အသေးစိတ်ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ဆွေးနွေးကြပြီးနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ရှင်းလင်းတင်ပြဖြည့်စွက်ဆွေးနွေးချက်များအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# လျှပ်စစ်သုံးယာဉ်များအတွက် အားသွင်းစက်များ ရောက်ရှိ



**နေပြည်တော် မေ ၁၉**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Chin Dwin Shan Construction Co.,Ltd.က တင်သွင်းလာသော AONENG အမျိုးအစား လျှပ်စစ်သုံးယာဉ်အားသွင်းစက် (EV Charger) 60 KW သုံးစုံနှင့် (EV Charger) 7KW အစုံ ၃၀ စုစုပေါင်း လျှပ်စစ်သုံးယာဉ်အားသွင်းစက် ၃၃ စုံသည် ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိလာရာ လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးယာဉ်အားသွင်းစက်များတင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အကြိမ်ပြည့်ထိုးနှံမှုခံယူခြင်းနှင့် ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံမှုခံယူခြင်းဖြင့် ရောဂါကူးစက်ခံရမှု၊ ရောဂါပြင်းထန်စွာခံစားရမှုနှင့် ရောဂါကြောင့်သေဆုံးရမှုတို့ကို ထိရောက်စွာလျှော့ချနိုင်ပါ၍ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက်ခံယူကြပါရန် တိုက်တွန်းအပ်ပါသည်။

# မေ ၁၉ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၉ ဦးတွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၄၂၁၃ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၆၄၉ ဦး |

**နေပြည်တော် မေ ၁၉**

မေ ၁၈ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၂၄၈၉ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၃၉ ဦးတွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သော ကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများ


နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၏ လမ်းညွှန်ချက်နှင့်အညီ ကျောင်းသား၊ ကျောင်းသူများအားလုံး အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို သင်ယူလေ့ကျင့်ခွင့်ရရှိနိုင်ရေးအတွက် ခရိုင် (၅၀)၏ မြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်း (၅၀) ကျောင်းတွင် တွဲဖက်ဖွင့်လှစ်နိုင်ရန် **စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာန နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန**တို့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။

၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် စတင်ဖွင့်လှစ်မည့် အဆိုပါအခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် အထက်တန်းဆင့် သင်ယူနေစဉ်ကာလ၌ စက်မှုနည်းပညာ၊ စိုက်ပျိုးရေး၊ မွေးမြူရေး စသည့် အသက်မွေးဝမ်းကျောင်း အတတ်ပညာများကို သင်ယူတတ်မြောက်နိုင်မည့်အခွင့်အလမ်းများနှင့် အလုပ်အကိုင်အခွင့်အလမ်းများလည်း ရရှိလာမည်ဖြစ်ပါသည်။


**(အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စိတ်ပါဝင်စားသည့် မည်သူမဆို တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။)**

သို့ဖြစ်ပါ၍ အခြေခံပညာအလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပြီး ပညာဆက်လက်သင်ယူမည့် ကျောင်းသား၊ ကျောင်းသူများနှင့် မိဘပြည်သူများသိရှိနိုင်စေရန် (၁)အခြေခံပညာအထက်တန်းဆင့်၊ (၂) စက်မှုနည်းပညာ၊ (၃) စိုက်ပျိုးရေးအတတ်ပညာ၊ (၄) မွေးမြူရေးအတတ်ပညာ စသည့် ပညာရေးလမ်းသွယ် (၄)မျိုး ရွေးချယ်သင်ယူနိုင်မည့်အခွင့်အလမ်းများကို သတင်းကောင်းပါးအပ်ပါသည်။

**အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်သောကျောင်းသား၊ ကျောင်းသူများ ပညာသင်ယူနိုင်မည့် အခွင့်အလမ်းများ**




**Learning Opportunities for Grade 9 Passed Students**




## (၁) အခြေခံပညာအထက်တန်းဆင့်

ပုံမှန်ဖွင့်လှစ်လျက်ရှိသော အခြေခံပညာအထက်တန်းကျောင်းများတွင် အခြေခံပညာအထက်တန်းဆင့် (Grade 10, Grade 11, Grade 12) ပညာသင်ကာလ (၃)နှစ် တက်ရောက်ကြမည့် ကျောင်းသား၊ ကျောင်းသူများသည် ၎င်းတို့သင်ယူသောဘာသာတွဲများအလိုက် တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီး သတ်မှတ်အရည်အချင်းပြည့်မီပါက အသက်မွေးဝမ်းကျောင်းတက္ကသိုလ်များဖြစ်သည့် ဆေးတက္ကသိုလ်၊ ဆေးဘက်ဆိုင်ရာတက္ကသိုလ်များ၊ နည်းပညာတက္ကသိုလ်များ၊ ကွန်ပျူတာတက္ကသိုလ်၊ အမျိုးသားယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ်၊ စိုက်ပျိုးရေးတက္ကသိုလ်၊ မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ သမဝါယမနှင့်စီမံခန့်ခွဲမှုပညာတက္ကသိုလ်၊ မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်၊ စီးပွားရေးတက္ကသိုလ်၊ ပညာရေးတက္ကသိုလ် အစရှိသည့်တက္ကသိုလ်များ၊ ဝိဇ္ဇာ/သိပ္ပံ တက္ကသိုလ်များ၊ ဒီဂရီကောလိပ်များ၊ ကောလိပ်များနှင့် သိပ္ပံများသို့ တက်ရောက်နိုင်မည်ဖြစ်ပါသည်။

## (၂) စက်မှုနည်းပညာ

စက်မှုနည်းပညာလမ်းကြောင်းတွင် အခြေခံပညာအထက်တန်းဆင့်ဘာသာရပ်များအပြင် အထူးပြုဘာသာရပ်(၃)မျိုးဖြစ်သည့် အဆောက်အဦနည်းပညာ (Building Technology)၊ လျှပ်စစ်နည်းပညာ (Electrical Technology) နှင့် စက်ပစ္စည်းအစိတ်အပိုင်းများထုတ်လုပ်ခြင်းနည်းပညာ (Machining Technology) ဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

စက်မှုနည်းပညာလမ်းကြောင်းတွင် တက်ရောက်သည့်ကျောင်းသားများအတွက် ဆက်လက်သင်ယူနိုင်မည့်အခွင့်အလမ်းများမှာ အထူးအောင် (Credit) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၆)နှစ်တက်ရောက်ရပြီး အင်ဂျင်နီယာဘွဲ့ (BE) ပေးအပ်သော နည်းပညာတက္ကသိုလ်များနှင့် ပညာသင်နှစ်(၄)နှစ်တက်ရောက်ရပြီး နည်းပညာဘွဲ့ (B.Tech) ပေးအပ်သော အစိုးရနည်းပညာကောလိပ်များသို့လည်းကောင်း၊ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် ပညာသင်နှစ်(၃)နှစ်တက်ရောက်ရပြီး အင်ဂျင်နီယာနည်းပညာ ဒီပလိုမာ (AGTI Diploma) ပေးအပ်သော အစိုးရစက်မှုလက်မှုသိပ္ပံများသို့လည်းကောင်း ဆက်လက်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ ဒုတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ ဒုတိယနှစ် (ပထမနှစ်ဝက်) သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်သူများအနေဖြင့် ပြီးမြောက်ကြောင်း အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ လေ့ကျင့်သင်ကြားပေးထားသဖြင့် ပြင်ပလုပ်ငန်းခွင်များသို့ ဝင်ရောက်ရာတွင်လည်းကောင်း၊ ကိုယ်ပိုင်လုပ်ငန်းများဆောင်ရွက်ရာတွင်လည်းကောင်း များစွာအထောက်အကူရရှိစေမည်ဖြစ်ပါသည်။

## (၃) စိုက်ပျိုးရေးအတတ်ပညာ

စိုက်ပျိုးရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် စိုက်ပျိုးရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင်(Credit) ဖြင့်အောင်မြင်သူများသည် ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (Bachelor of Agricultural Science) (၅)နှစ် သင်တန်းကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ အဆင့်မီ (Qualified) ဖြင့် အောင်မြင်သူများသည် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးတွင် ဖွင့်လှစ်ထားသော စိုက်ပျိုးရေးသိပ္ပံကျောင်းများ၏ စိုက်ပျိုးရေးဒီပလိုမာလက်မှတ် (Diploma in Agriculture) (၃)နှစ် သင်တန်းနှင့် အစိုးရစက်မှုလက်မှုသိပ္ပံများ၏အင်ဂျင်နီယာနည်းပညာဒီပလိုမာ (AGTI Diploma-Farm Machinery) (၃)နှစ်သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။ စိုက်ပျိုးရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်ပါက ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စိုက်ပျိုးရေးသိပ္ပံဘွဲ့ (၅)နှစ် သင်တန်း၏ ဒုတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

အင်ဂျင်နီယာနည်းပညာဒီပလိုမာသင်တန်းကို ထူးချွန်စွာအောင်မြင်သူများသည် အစိုးရနည်းပညာကောလိပ်၏ဒုတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း၊ နည်းပညာတက္ကသိုလ်၏ဒုတိယနှစ်(ပထမနှစ်ဝက်)သို့လည်းကောင်း စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက စိုက်ပျိုးရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး စိုက်ပျိုးရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပါသည်။

## (၄) မွေးမြူရေးအတတ်ပညာ

မွေးမြူရေးအတတ်ပညာတွင် အခြေခံပညာအထက်တန်းဆင့် ဘာသာရပ်များအပြင် မွေးမြူရေးအတတ်ပညာဆိုင်ရာဘာသာရပ်များကို ပညာသင်ကာလ(၃)နှစ်တွင် စာတွေ့/လက်တွေ့ဖြင့် လုပ်ငန်းခွင်အသင့်ဖြစ်စေမည့် သင်ရိုးညွှန်းတမ်းများအသုံးပြု၍ သင်ကြားလေ့ကျင့်ပေးမည်ဖြစ်ပါသည်။

အထူးအောင် (Credit) ဖြင့်အောင်မြင်သူများသည် မွေးမြူရေးဆိုင်ရာဆေးတက္ကသိုလ်မှ ဖွင့်လှစ်သည့် တိရစ္ဆာန်ဆေးပညာဘွဲ့ (Doctor of Veterinary Medicine) (၆)နှစ် သင်တန်းနှင့် မွေးမြူရေးပညာဘွဲ့ (Bachelor of Animal Science) (၄)နှစ် သင်တန်းများကို တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

အဆင့်မီ (Qualified)ဖြင့် အောင်မြင်သူများသည် စိုက်ပျိုးရေးသိပ္ပံများ၏ မွေးမြူရေးဒီပလိုမာ (Diploma in Animal Husbandry) (၃)နှစ် သင်တန်းနှင့် ငါးလုပ်ငန်းသိပ္ပံ၏ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာ (Diploma in Fisheries and Aquaculture) (၃)နှစ် သင်တန်းသို့ တက်ရောက်နိုင်ကြမည်ဖြစ်ပါသည်။

မွေးမြူရေးဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူသည် မွေးမြူရေးဆိုင်ရာ ဆေးတက္ကသိုလ် (၄)နှစ်သင်တန်း၏ ဒုတိယနှစ် (ပထမနှစ်ဝက်) သင်တန်းမှစတင်တက်ရောက်နိုင်မည် ဖြစ်ပါသည်။ ငါးလုပ်ငန်းသိပ္ပံဒီပလိုမာသင်တန်းတွင် ထူးချွန်စွာအောင်မြင်သူများသည် ရန်ကုန်တက္ကသိုလ် ငါးလုပ်ငန်းဆိုင်ရာဘာသာရပ် ဒုတိယနှစ်(ပထမနှစ်ဝက်) သင်တန်းမှ စတင်တက်ရောက်နိုင်မည်ဖြစ်ပါသည်။

ရိုးရိုးအောင်မြင်ပါက မွေးမြူရေးအတတ်ပညာ အောင်လက်မှတ်ရရှိမည်ဖြစ်ပြီး မွေးမြူရေးနှင့်သက်ဆိုင်သော အခန်းကဏ္ဍများတွင် လုပ်ကိုင်နိုင်ရန် အခွင့်အလမ်းကောင်းများရရှိမည်ဖြစ်ပါသည်။

အလယ်တန်းဆင့် (Grade 9) ပြီးမြောက်အောင်မြင်ပါက စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေးပညာရပ်များကို တွဲဖက်သင်ကြားမည့် အောက်ဖော်ပြပါ အခြေခံပညာအထက်တန်းကျောင်းများတွင် တက်ရောက်သင်ယူနိုင်ရေးအတွက် လျှောက်ထားနိုင်မည်ဖြစ်ပါသည်။

စာမျက်နှာ ၂၀ သို့

စာမျက်နှာ ၁၉ မှအဆက်

## ၂၀၂၃-၂၀၂၄ ပညာသင်နှစ်
## စက်မှု၊ စိုက်ပျိုးရေး၊ မွေးမြူရေး တွဲဖက်သင်ကြားမည့် အခြေခံပညာအထက်တန်းကျောင်းများ

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ်/ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ | စဉ် | ခရိုင်အမည် | ခရိုင်ရုံး စိုက်ရာမြို့ | ကျောင်း တည်ရှိရာ မြို့နယ် | ကျောင်းအမည် |
|---|---|---|---|---|---|---|
| ၁ | ကချင် | ၁ | မိုးညှင်း | မိုးညှင်းမြို့ | မိုးညှင်း | အထက(၂) မိုးညှင်း |
| | | ၂ | မြစ်ကြီးနား | မြစ်ကြီးနား | ဝိုင်းမော် | အထက(၁) ဝိုင်းမော် |
| | | ၃ | ဗန်းမော် | ဗန်းမော်မြို့ | ဗန်းမော် | အထက(၁) ဗန်းမော် |
| ၂ | ကယား | ၄ | လွိုင်ကော် | လွိုင်ကော် | လွိုင်ကော် | အထက-ချိုကယ် |
| ၃ | ကရင် | ၅ | ဘားအံ | ဘားအံ | ဘားအံ | အထက-ဒုံရင်း |
| | | ၆ | ကော့ကရိတ် | ကော့ကရိတ် | ကော့ကရိတ် | အထက(၂) ကော့ကရိတ် |
| ၄ | ချင်း | ၇ | ပလက်ဝ | ပလက်ဝ | ပလက်ဝ | အထက(၁) ပလက်ဝ |
| | | ၈ | ဟားခါး | ဟားခါး | ဟားခါး | အထက(၂) ဟားခါး |
| ၅ | စစ်ကိုင်း | ၉ | မုံရွာ | မုံရွာ | မုံရွာ | အထက(၂)အလုံ |
| | | ၁၀ | ရွှေဘို | ရွှေဘို | ရွှေဘို | အထက(၁)ရွှေဘို |
| | | ၁၁ | စစ်ကိုင်း | စစ်ကိုင်း | စစ်ကိုင်း | အထက-အုန်းတော |
| ၆ | တနင်္သာရီ | ၁၂ | မြိတ် | မြိတ် | မြိတ် | အထက-သမုတ် |
| | | ၁၃ | ထားဝယ် | ထားဝယ် | ထားဝယ် | အထက(၄) ထားဝယ် |
| ၇ | ပဲခူးတိုင်း | ၁၄ | ပဲခူး | ပဲခူး | ကဝ | အထက-အုန်းနဲ့ |
| | | ၁၅ | သာယာဝတီ | သာယာဝတီ | အုတ်ဖို | အထက-အေးမြသာယာ |
| | | ၁၆ | တောင်ငူ | တောင်ငူ | အုတ်တွင်း | အထက-ညောင်ခြေထောက် |
| | | ၁၇ | ပြည် | ပြည် | ရွှေတောင် | အထက-ရွှေတောင် |
| ၈ | မကွေး | ၁၈ | မင်းဘူး | မင်းဘူး | မင်းဘူး | အထက-စကု |
| | | ၁၉ | မကွေး | မကွေး | မြို့သစ် | အထက-မြေပြင်သာ |
| | | ၂၀ | အောင်လံ | အောင်လံ | အောင်လံ | အထက-ပြလို့ |
| | | ၂၁ | သရက် | သရက် | သရက် | အထက-သရက် |
| ၉ | မန္တလေး | ၂၂ | ရမည်းသင်း | ရမည်းသင်း | ပျော်ဘွယ် | အထက(၁) ပျော်ဘွယ် |
| | | ၂၃ | မိတ္ထီလာ | မိတ္ထီလာ | မိတ္ထီလာ | အထက(၆) မိတ္ထီလာ |
| | | ၂၄ | ညောင်ဦး | ညောင်ဦး | ညောင်ဦး | အထကလက်ပံပြား |
| | | ၂၅ | ကျောက်ဆည် | ကျောက်ဆည် | မြစ်သား | အထက-မြစ်သား |
| | | ၂၆ | သပိတ်ကျင်း | သပိတ်ကျင်း | စဉ့်ကူး | အထက-ရွှေပြည် |
| ၁၀ | မွန် | ၂၇ | ရေး | ရေး | ရေး | အထက-ဟံဂံ |
| | | ၂၈ | သထုံ | သထုံ | သထုံ | အထက(၁)သထုံ |
| ၁၁ | ရခိုင် | ၂၉ | စစ်တွေ | စစ်တွေ | စစ်တွေ | အထက(၁) စစ်တွေ |
| | | ၃၀ | သံတွဲ | သံတွဲ | သံတွဲ | အထက(၂) သံတွဲ |
| | | ၃၁ | အမ်း | အမ်း | အမ်း | အထက(၁) အမ်း |
| ၁၂ | ရန်ကုန် | ၃၂ | ဒဂုံမြို့သစ် | ဒဂုံမြို့သစ်(တ) | ဒဂုံမြို့သစ်(တ) | အထက-စိုက်မွေး |
| | | ၃၃ | တွံတေး | တွံတေး | တွံတေး | အထက-သဝန်းတော |
| | | ၃၄ | မှော်ဘီ | မှော်ဘီ | မှော်ဘီ | အထက-ညောင်နှစ်ပင် |
| | | ၃၅ | လှည်းကူး | လှည်းကူး | လှည်းကူး | အထက-ငါးဆူတောင် |
| ၁၃ | ရှမ်း (တောင်) | ၃၆ | တောင်ကြီး | တောင်ကြီး | တောင်ကြီး | အထက(၁) အေးသာယာ |
| ၁၄ | ရှမ်း (မြောက်) | ၃၇ | ကျောက်မဲ | ကျောက်မဲ | ကျောက်မဲ | အထက(၃) ကျောက်မဲ |
| | | ၃၈ | လားရှိုး | လားရှိုး | လားရှိုး | အထက(၁) လားရှိုး |
| ၁၅ | ရှမ်း (အရှေ့) | ၃၉ | ကျိုင်းတုံ | ကျိုင်းတုံ | ကျိုင်းတုံ | အထက-ဝမ်အွယ် |
| ၁၆ | ဧရာဝတီ | ၄၀ | ဖျာပုံ | ဖျာပုံ | ဒေးဒရဲ | အထက(၁) ဒေးဒရဲ |
| | | ၄၁ | မအူပင် | မအူပင် | ညောင်တုန်း | အထက-စက္ကေ့ |
| | | ၄၂ | ပုသိမ် | ပုသိမ် | ကန်ကြီးထောင့် | အထက-ကန်ကြီးထောင့် |
| | | ၄၃ | မြန်အောင် | မြန်အောင် | ကြံခင်း | အထက-ချင်းမြောင် |
| ၁၇ | နေပြည်တော် | ၄၄ | ဇေယျာသီရိ | ပုဗ္ဗသီရိ | ပုဗ္ဗသီရိ | အထက(၂၀) ပုဗ္ဗသီရိ |
| | | ၄၅ | ပျဉ်းမနား | ပျဉ်းမနား | ပျဉ်းမနား | အထက(၁) ပျဉ်းမနား |
| ၁၈ | ပအိုဝ်းကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၄၆ | ပအိုဝ်း | ဟိုပုံး | ဟိုပုံး | အထက(ခွဲ) ပေါင်လင်း |
| ၁၉ | ပလောင်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ | ၄၇ | ပလောင် | မန်တုံ | မန်တုံ | အထက-မန်တုံ |
| ၂၀ | ကိုးကန့်ကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၄၈ | ကိုးကန့် | လောက်ကိုင် | လောက်ကိုင် | အထက(၂) လောက်ကိုင် |
| ၂၁ | ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၄၉ | ဓနု | ပင်းတယ | ပင်းတယ | အထက-ကျုံး |
| ၂၂ | နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရ ဒေသ | ၅၀ | နာဂ | လဟယ် | နန်းယွန်း | အထက-နန်းယွန်း |
| | | ၅၁ | နာဂ | လဟယ် | လဟယ် | အထက-လဟယ် |

## မော်တော်ယာဉ်ဖောင်းကြွနံပါတ်ပြားအသစ်များ အချိန်မီ ပြောင်းလဲတပ်ဆင်ရန် အများပြည်သူသို့ ထပ်မံအသိပေးနှိုးဆော်

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် မှတ်ပုံတင် မော်တော်ယာဉ်များအားလုံးကို ၂၀၂၃ ခုနှစ် မတ် ၃၁ ရက်အပြီး ဖောင်းကြွနံပါတ်ပြားပုံစံအသစ် ပြောင်းလဲတပ်ဆင်ကြရန် အသိပေးနှိုးဆော်ချက်များ ထုတ်ပြန်ပြီး လာရောက်လုပ်ငန်းဆောင်ရွက်မှုများကိုလည်း အတတ်နိုင်ဆုံး အဆင်ပြေအောင် လက်ခံဆောင်ရွက်ပေးလျက်ရှိပါသည်။

ယခုအခါ သတ်မှတ်ကာလစေ့ရောက်ပြီဖြစ်သော်လည်း ဖောင်းကြွနံပါတ်ပြားပုံစံအသစ်ပြောင်းလဲတပ်ဆင်ရန် ယာဉ်အချို့ ကျန်ရှိနေသည့်အတွက် ၂၀၂၃ ခုနှစ် ဧပြီလကို ပညာပေးကာလအဖြစ် သတ်မှတ်၍ ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ပညာပေးကာလ ကျော်လွန်ပါက လိုအပ်သည့် စစ်ဆေးအရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ပါ၍ မော်တော်ယာဉ်ပိုင်ရှင်များအနေဖြင့် သက်ဆိုင်ရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများသို့ ဆက်သွယ်၍ ဖောင်းကြွနံပါတ်ပြားပုံစံအသစ်များ အမြန်ဆုံးပြောင်းလဲတပ်ဆင်ကြရန် ထပ်မံအသိပေးနှိုးဆော်အပ်ပါသည်။

**ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန**

# တရားမဝင်သစ်မျိုးစုံ၊ ယာဉ်အပိုပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ






**နေပြည်တော် ဧပြီ ၁၉**

တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဧပြီ ၁၈ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် ရှမ်းပြည်နယ် ရေပူ အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသော မော်တော်ဆိုင်ကယ်အပိုပစ္စည်းဖြစ်သည့် DOLPHIN အမျိုးအစား Wheel Rim ကီလိုဂရမ် ၁၃၀၀ ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၁၃၅၅၁ ကိုလည်းကောင်း၊ အဆိုပါပစ္စည်းများတင်ဆောင်သော Mitsubishi Fuso Truck တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၀၀၀၀၀၀ ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၃၉၁၁၃၅၅၁ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် ခရိုင်နှင့်မြို့နယ်သစ်တောဦးစီးဌာန အသီးသီးအလိုက် ဦးဆောင်သောပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဒိုက်ဦးမြို့နယ်၊ ပန်းတောင်းမြို့နယ်၊ ပေါက်ခေါင်းမြို့နယ်၊ ပဲခူးမြို့နယ်၊ ဖြူးမြို့နယ်၊ မင်းလှမြို့နယ်၊ ရွှေတောင်မြို့နယ်၊ ရေတာရှည်မြို့နယ်၊ လက်ပံတန်းမြို့နယ်၊ သာယာဝတီမြို့နယ်၊ သဲကုန်းမြို့နယ်၊ အုတ်တွင်းမြို့နယ်နှင့် အုတ်ဖိုမြို့နယ်တို့အတွင်း တရားမဝင်ကျွန်းသစ် ၂၇ ဒသမ ၆၂၅၆ တန်၊ သစ်မာ ၂၁ ဒသမ ၂၂၂ တန်နှင့် အခြားသစ်မျိုးစုံ ၁၁ ဒသမ ၇၄၁ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၃၀၉၂၅၀ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ရွှေဘိုမြို့ အမှတ်(၈) တပ်ထိပ်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တာဝန်ကျပူးပေါင်းအဖွဲ့က လိုင်စင်မဲ့ Nissan X-Trail မော်တော်ယာဉ်တစ်စီး ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀၀၀၀၀၀ ကို ပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မြို့နယ်သစ်တောဦးစီးဌာန အသီးသီးအလိုက် ဦးဆောင်သော ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ကသာမြို့နယ်နှင့် ရွှေဘိုမြို့နယ်အတွင်း တရားမဝင်ကျွန်းသစ် ၁ ဒသမ ၀၆၀တန်၊ အင်ခွဲသားဆိုဒ်စုံ ၂ ဒသမ ၇၂၁ တန် ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၆၂၇၀ ကို သစ်တောဥပဒေအရလည်းကောင်း စုစုပေါင်းခန့်မှန်း တန်ဖိုးငွေကျပ် ၁၀၅၇၆၂၇၀ကို ဖမ်းဆီးအရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဧပြီ ၁၈ ရက်တွင် ဖမ်းဆီးရမိမှုစုစုပေါင်း အမှုတွဲကိုးမှုမှ ခန့်မှန်းတန်ဖိုးငွေကျပ် ၇၁၉၉၉၀၇၁ ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှ သတင်းရရှိသည်။

**(သတင်းစဉ်)**

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

**နေပြည်တော် ဧပြီ ၁၉**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကိုအကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ဖြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သော ပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ဖြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေး သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ကရင်ပြည်နယ် မြဝတီမြို့နယ် အမှတ်(၃)ရပ်ကွက်နေ မြနန်းမူသည် ၎င်းအသုံးပြုသည့် "ကိုယ့်ရဲ့အချစ်လေး" Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့နယ် ရှင်စောပုရပ်ကွက်နေ မြင့်ဇော်(ခ)မိုးဝသန်သည် ၎င်းအသုံးပြုသည့် "Moe Wathan" Facebook အကောင့်၊ ဒိုက်ဦးမြို့နယ် ကျောင်းစုရပ်ကွက်နေ ဧကရီမျိုးသန့်သည် ၎င်းအသုံးပြုသည့် "Ekare Myo Thant" Facebook အကောင့်နှင့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် ရွှေစံပယ်လမ်းနေ စိုးသီဟခိုင်သည် ၎င်းအသုံးပြုသည့် "Soe Thiha Khaing" Facebook အကောင့်တို့ဖြင့် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ယင်းတို့နှင့် ဆက်နွယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ် အရေးယူသွားမည် ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

# ဒေါပုံမြို့နယ်တွင် စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နေပြည်တော် ဧပြီ ၁၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဧပြီ ၁၈ ရက် မွန်းလွဲ ၂ နာရီခွဲတွင် ဒေါပုံမြို့နယ် ဗိုလ်ထွန်းဇံ ရပ်ကွက် မေတ္တာလမ်းတွင် မမိုးမိုးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် စစ်ဆေးရာဖွေရာ ၎င်းကိုင်ဆောင်ထားသည့် ပလတ်စတစ်အိတ်အတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ သိမ်းဆည်းရမိခဲ့သဖြင့် မမိုးမိုး ၄၅ နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အမှုဖွင့်အရေးယူထားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**



**☆ ကျောဖုံးမှအဆက်**

အသင်းလေးသင်းအနေဖြင့် ၂၀၂၄ အမျိုးသမီးအာရှ ယူ-၂၀ ပြိုင်ပွဲကို ဝင်ရောက်ကစားခွင့်ရရှိမည်ဖြစ်ပြီး နောက်ဆုံးအဆင့်ခြေစစ်ပွဲစဉ်များကို လာမည့် ဇွန် ၃ ရက်မှ စတင်ကျင်းပမည်ဖြစ်သည်။

၂၀၂၄ အမျိုးသမီး အာရှ ယူ-၂၀ ပြိုင်ပွဲနောက်ဆုံးအဆင့်ခြေစစ်ပွဲကို ယခုအခါ မြန်မာနိုင်ငံက ဒုတိယအကြိမ်မြောက် လက်ခံကျင်းပခွင့် ရရှိခဲ့ခြင်းဖြစ်ပြီး မြန်မာ့လက်ရွေးစင် ယူ-၂၀ အမျိုးသမီးအသင်းအနေဖြင့် အုပ်စုအဖွင့်ပွဲစဉ်အဖြစ် နီပေါအသင်းနှင့် စတင်ယှဉ်ပြိုင်ကစားရမည်ဖြစ်ကြောင်း သိရသည်။ STA

**⁄၇ ရှေ့ဖုံးမှအဆက်**

မချမ်းဘောမြို့အတွင်းတွင် တံတားတစ်စင်း၊မင္ဂဇ-ခေါင်လန်ဖူးလမ်းပေါ်တွင် တံတားနှစ်စင်းနှင့် မန္တလေး-လားရှိုး-ဗန်းမော်-မြစ်ကြီးနားလမ်းပေါ်တွင် တံတား ၁၀ စင်း စုစုပေါင်း တံတား ၄၉ စင်း တည်ဆောက် ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ တည်ဆောက်ပေးရာတွင် မြစ်ကြီးနား- ဆွမ်ပရာဘွမ်- ပူတာအိုလမ်းပိုင်းရှိ တံတား ၁၄ စင်းတွင် တံတား ၁၂ စင်းမှာ တည်ဆောက်ပြီးစီးခဲ့ပြီး အိခနှင့် ခင်ဒူယန် တံတားနှစ်စင်းမှာ တည်ဆောက်ဆဲဖြစ်ကြောင်း၊နမ္မတီး-တနိုင်း-ပန်ဆောင်းလမ်းပေါ်ရှိ တံတား ၁၁ စင်းတွင် တံတား ၁၀ စင်းမှာ တည်ဆောက်ပြီးစီးပြီဖြစ်ပြီး တဆိတ်တံတားတစ်စင်းသာ အဆင့်မြှင့်တင်ဆောင်ရွက်ဆဲဖြစ်ကြောင်း၊ ရွှေဘို-မြစ်ကြီးနားလမ်းပေါ်ရှိ တံတားရှစ်စင်း၊ မချမ်းဘော- ဖရွှံခ- ရပ်ဘော့- နောင်မွန်လမ်းပေါ်မှ တံတားသုံးစင်းနှင့် မချမ်းဘောမြို့အတွင်းတွင် တံတားတစ်စင်းမှာလည်း တည်ဆောက်ပြီးစီးပြီဖြစ်ကြောင်း၊ မင္ဂဇ-ခေါင်လန်ဖူးလမ်းပေါ်တွင် တံတားနှစ်စင်းတွင် တစ်စင်းမှာ ပြီးစီးပြီဖြစ်ပြီး တစ်စင်းမှာ ဆောင်ရွက်နေဆဲဖြစ်ကြောင်း၊ မန္တလေး- လားရှိုး- ဗန်းမော်- မြစ်ကြီးနားလမ်းပေါ်ရှိ တံတား ၁၀ စင်းတွင် တံတားကိုးစင်းမှာ တည်ဆောက်ပြီးစီးပြီဖြစ်ပြီး ဗလမင်းထင်(၂)မှာ တည်ဆောက်ဆဲဖြစ်ကြောင်း၊ ထို့ကြောင့် ကချင်ပြည်နယ်တွင် တည်ဆောက်ပေးခဲ့သည့် တံတား ၄၉ စင်းတွင် တံတား ၄၄ စင်း မှာ တည်ဆောက်ပေးခဲ့ပြီးဖြစ်ပြီး ဆက်လက်တည်ဆောက်ဆဲတံတား လေးစင်းနှင့် အဆင့်မြှင့်တင်ဆောင်ရွက်ပေးနေသည့်တံတားတစ်စင်းသာ ကျန်ရှိနေပြီး အဆိုပါတံတားလုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်ပေးနေကြောင်း သိရသည်။ SKL

## သဇင်(FM) အသံလွှင့်အစီအစဉ်

**၂၀-၄-၂၀၂၃ (ကြာသပတေးနေ့)**

| | | |
|---|---|---|
| ၁။ | ၀၈း၂၀ | Morning Song |
| ၂။ | ၁၀း၀၁ | Internet Pages |
| ၃။ | ၁၄း၃၀ | နှလုံးသားထဲက စာမျက်နှာများ |
| ၄။ | ၁၅း၃၅ | Music Quiz |
| ၅။ | ၂၀း၄၀ | လွမ်းသဝဏ်လွှာ |

# နယူးဂျာစီပြည်နယ်တွင် လောင်ကျွမ်းနေသောတောမီး ဧရိယာတချို့တွင် ထိန်းချုပ်ရခက်နေဆဲဖြစ်



**ဝါရှင်တန် ဧပြီ ၁၉**

အမေရိကန်နိုင်ငံ နယူးဂျာစီပြည်နယ်တွင် ပြီးခဲ့သောရက်သတ္တပတ်ကစတင်၍ တောမီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ပြီး တောမီးကြောင့် သစ်တောမြေ ၂၅၇ ဧကထိ လောင်ကျွမ်းပျက်စီးခဲ့ကာ တောမီးလောင်ကျွမ်းမှုတချို့ကို ထိန်းချုပ်ထားနိုင်ပြီဖြစ်သော်လည်း မိုးလေဝသ အခြေအနေကြောင့် ဧရိယာတချို့တွင် ထိန်းချုပ်ရခက်နေဆဲဖြစ်ကြောင်း နယူးဂျာစီ အာဏာပိုင်အဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု CBS News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ထိန်းချုပ်ရခက်သည့် တောမီးလောင်ကျွမ်းမှုဖြင့် ရင်ဆိုင်နေရသောဧရိယာများတွင် နေအိမ်နှင့် အခြေခံအဆောက်အအုံ ၃၀ ကျော်ထိ တောမီးကူးစက်လောင်ကျွမ်းဖွယ်ရှိနေသည့် အခြေအနေဖြင့် ရင်ဆိုင်နေရဆဲဖြစ်ကြောင်း၊ တောမီးထိန်းချုပ်ရခက်သည့် အခြေအနေဖြင့် ရင်ဆိုင်နေရသည့်ဧရိယာမှာ ဘာလင်တန်ကောင်တီဖြစ်ကြောင်း နယူးဂျာစီ အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"ပြီးခဲ့တဲ့ ရက်သတ္တပတ်က စတင်လောင်ကျွမ်းခဲ့တဲ့ တောမီးတချို့ကို ထိန်းချုပ်နိုင်ပြီဖြစ်ပေမဲ့လဲ တချို့တောမီးကိုတော့ ထိန်းချုပ်နိုင်ဖို့ ကြိုးစားနေဆဲဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုဟာ လူနေအိမ်နဲ့ အခြေခံအဆောက်အအုံ ၃၀ ကျော်လောက်ထိကို ခြိမ်းခြောက်နေဆဲဖြစ်ပါတယ်။ တောမီးလောင်ကျွမ်းမှုကြောင့် အန္တရာယ်ရှိနိုင်တဲ့ Route 542 လမ်းမကြီး၊ ဝက်ဒင်းရေးဇားတံတားမှ လက်ဗာလမ်းမ၊ အိုးချက်လမ်းမနှင့် ရေးဇားလမ်းမတွေကို ယာယီပိတ်ထားပါတယ်။ အန္တရာယ်ရှိတဲ့အတွက် လုံးဝအသုံးမပြုကြပါနဲ့"ဟု နယူးဂျာစီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောမီးလောင်ကျွမ်းမှုကြောင့် လမ်းမကြီးတချို့ကို ယာယီပိတ်ထားရပြီး ယာယီပိတ်ထားသည့် လမ်းနှင့်တံတားများမှာ Route 542 လမ်းမကြီး၊ ဝက်ဒင်းရေးဇားတံတားမှ လက်ဗာလမ်းမ၊ အိုးချက်လမ်းမနှင့် ရေးဇားလမ်းမတို့ဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

# ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် အပူချိန်ပြင်းထန်မှုကြောင့် သီးနှံအထွက်နှုန်းများကျဆင်းမည်ကို စိုးရိမ်နေ

**ဒါကာ ဧပြီ ၁၉**

ဘင်္ဂလားဒေ့ရှ်နိုင်ငံ Rajshahi ခရိုင်တွင် လွန်ခဲ့သောသီတင်းနှစ်ပတ်အတွင်း ပြင်းထန်သောအပူလှိုင်းဖြတ်သန်းခဲ့မှုကြောင့် လယ်သမားများအနေဖြင့် ရာသီသီးနှံများ အထွက်နှုန်းကျဆင်းမည်ကို စိုးရိမ်လျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာန၏အဆိုကို ကိုးကား၍ New Age သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

လွန်ခဲ့သောသီတင်းနှစ်ပတ်အတွင်း ပြင်းထန်သောအပူလှိုင်းများ ဖြတ်သန်းခဲ့မှုကြောင့် Rajshahi ခရိုင်အတွင်းရှိ လယ်သမားများအနေဖြင့် ၎င်းတို့၏ အဓိကရာသီသီးနှံဖြစ်သော ဘိုရိုစပါးနှင့် သရက်သီးများ အထွက်နှုန်းကျဆင်းမည်ကို စိုးရိမ်လျက်ရှိကြောင်း ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့ကြောင်း သိရသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ မြောက်ပိုင်းဒေသများတွင် အပူချိန်ဆက်လက်မြင့်တက်နေဆဲဖြစ်ပြီး ဧပြီ ၁၇ ရက်တွင် အပူချိန် ၄၂ ဒသမ ၆ ဒီဂရီစင်တီဂရိတ်ထိမြင့်တက်ခဲ့ပြီး ခရိုင်အတွင်း လွန်ခဲ့သော ၁၈ နှစ်တာကာလအတွင်း အမြင့်ဆုံးစံချိန်တင်အပူချိန်ဖြစ်သည်ဟု မိုးလေဝသစောင့်ကြည့်လေ့လာရေးဌာနမှ ပညာရှင် အဖွဲ့ဆလမ်က ပြောကြားခဲ့ကြောင်း သိရသည်။

Rajshahi ခရိုင်အတွင်း သရက်စိုက်ဧရိယာ ၉၂၉၁၃ ဟက်တာ စိုက်ပျိုးထားပြီး ဘိုရိုစပါးစိုက်ဧရိယာမှာ ဟက်တာ ၃ ဒသမ ၇၂ သိန်း စိုက်ပျိုးထားရာ ပုံမှန်မဟုတ်သော အပူချိန်မြင့်မားမှုနှင့် ရေရှားပါးပြတ်လပ်မှုများကြောင့် သစ်ပင်များခြောက်သွေ့ပြီး သရက်သီးအရွယ်အစားမှာလည်း သေးငယ်နေသကဲ့သို့ ဘိုရိုစပါးပင်များမှာလည်း ရေပြတ်လပ်မှုနှင့် ကြုံတွေ့နေရကြောင်း သိရသည်။

အပူချိန်မြင့်တက်မှု၊ လျှပ်စစ်ဓာတ်အားပြတ်တောက်မှုကြောင့် အပင်ရေပေးဝေခြင်း လုပ်ငန်းများတွင် ကုန်ကျစရိတ်များ ၂၀ ရာခိုင်နှုန်းခန့် မြင့်တက်လာသဖြင့် လယ်သမားများ အခက်တွေ့နေရကြောင်း ဒေသတွင်း စိုက်ပျိုးရေးကုမ္ပဏီတစ်ခုမှ အထွေထွေအတွင်းရေးမှူးတစ်ဦးဖြစ်သူ Ismail Khan Shamim က ပြောကြားခဲ့ကြောင်း သိရသည်။

**AZH**

# ချင်းမိုင်မြို့နှင့် ဗန်ကောက်မြို့ကို ကမ္ဘာ့လေထုညစ်ညမ်းမှု ဒုတိယနှင့် စတုတ္ထမြို့များအဖြစ်သတ်မှတ်

**ဗန်ကောက် ဧပြီ ၁၉**

ထိုင်းနိုင်ငံ ချင်းမိုင်မြို့နှင့် ဗန်ကောက်မြို့ကို ကမ္ဘာပေါ်တွင် လေထုညစ်ညမ်းမှု ဒုတိယနှင့် စတုတ္ထ အညစ်ညမ်းဆုံးမြို့များအဖြစ် ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် IQAir လေထုတိုင်းတာရေးကုမ္ပဏီက ဧပြီ ၁၈ ရက်က သတ်မှတ်ထုတ်ပြန်ခဲ့ကြောင်း The Star သတင်းဌာနက ဧပြီ ၁၈ ရက်တွင် ရေးသားဖော်ပြထားသည်။

ထိုင်းနိုင်ငံတွင် လယ်သမားများ၏ သီးနှံထွက်အမှိုက်များ၊ လယ်ကွင်းများကို မီးရှို့ခြင်းကြောင့် လေထုညစ်ညမ်းမှု ဆိုးရွားစွာဖြစ်ပေါ်လျက်ရှိရာ ချင်းမိုင်မြို့သည် လွန်ခဲ့သောရက်သတ္တပတ်အနည်းငယ်မှစ၍ ယခုအဆင့်သတ်မှတ်ချက်တွင် ပုံမှန်ရောက်ရှိနေကြောင်း သိရသည်။

ဆွစ်ဇာလန်နိုင်ငံ အခြေစိုက် IQAir လေထုတိုင်းတာရေးကုမ္ပဏီ၏ ထုတ်ပြန်ချက်များအရ ဧပြီ ၁၈ ရက်က ကမ္ဘာ့လေထုအရည်အသွေးအဆိုးရွားဆုံးမြို့အဖြစ် လေထုအညွှန်းကိန်း ၁၈၆ ဖြင့် နီပေါနိုင်ငံ ခတ္တမန္ဒူမြို့က ပထမနေရာတွင် ရောက်ရှိနေပြီး အညွှန်းကိန်း ၁၇၇ ဖြင့် ချင်းမိုင်မြို့က ဒုတိယနှင့် ညွှန်းကိန်း ၁၅၇ ဖြင့် ဗန်ကောက်မြို့က စတုတ္ထနေရာတွင် ရောက်ရှိနေကြောင်း သိရသည်။

လေထုညစ်ညမ်းမှုဖြစ်ပွားနေစဉ် ချင်းမိုင်မြို့ရှိ လေထုအတွင်း PM 2.5 အမှုန်အမွှားပါဝင်မှုမှာ တစ်ကုဗမီတာလျှင် ၉၈ ဒသမ ၁ မိုက်ခရိုဂရမ်ဖြင့်လည်းကောင်း၊ ဗန်ကောက်မြို့ရှိ လေထုအတွင်း တစ်ကုဗမီတာလျှင် ၆၇ ဒသမ ၃ မိုက်ခရိုဂရမ်ဖြင့်လည်းကောင်း အမှုန်အမွှားများ ပါဝင်လျက်ရှိကြောင်း သိရသည်။

ထိုင်းနိုင်ငံတွင် PM 2.5 အမှုန်အမွှားများ၏ ဘေးကင်းမှုသတ်မှတ်ချက်မှာ တစ်ကုဗမီတာလျှင် ၅၀ မိုက်ခရိုဂရမ်ဖြစ်ရာ လေထုညစ်ညမ်းမှုမြင့်မားသော ဒေသများတွင် နေထိုင်သူများအနေဖြင့် အပြင်ထွက်သောအချိန်ကို တတ်နိုင်သမျှ လျှော့ချရန်နှင့် မဖြစ်မနေအပြင်သို့ထွက်ရပါက မျက်နှာဖုံးကဲ့သို့ အကာအကွယ်များ ဝတ်ဆင်သွားလာကြရန် တာဝန်ရှိသူများက တိုက်တွန်းထားကြောင်း သိရသည်။

**AZH**



# အမေရိကန်နိုင်ငံ ရမ်ဆေးကောင်တီကို ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်

**ဝါရှင်တန် ဧပြီ ၁၉**

အမေရိကန်နိုင်ငံ မင်နီဆိုတာပြည်နယ်တွင် မိုးရွာသွန်းမှုကြောင့် မစ္စစ္စပီမြစ်ရေလျှံတက်မှု ဖြစ်ပွားခဲ့ပြီး မြစ်ရေလျှံတက်မှုကြောင့် ရမ်ဆေးကောင်တီတွင် ရေကြီးရေလျှံမှုဖြစ်ပွားကာ ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေ သတ်မှတ်လိုက်ကြောင်း မင်နီဆိုတာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်သွားခဲ့သည်ဟု Fox 9 သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မင်နီဆိုတာပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ရမ်ဆေးကောင်တီမြစ်ရေလျှံတက်မှုကို ဧပြီ ၁၈ ရက်မှစတင်၍ အရေးပေါ်အခြေအနေအဖြစ် သတ်မှတ်လိုက်ကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသောဧရိယာမှာ စိန့်ပေါလ်ဧရိယာဖြစ်ပြီး ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရမည့်ကာလ ရှည်ကြာနိုင်ကြောင်း ရမ်ဆေးကောင်တီအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"စိန့်ပေါလ်ဧရိယာမှာ ရေဘေးအန္တရာယ်နဲ့ အဓိကရင်ဆိုင်နေရပါတယ်။ ရေဘေးအန္တရာယ်အခြေအနေဆိုးရွားတဲ့အတွက် အရေးပေါ်အခြေအနေ သတ်မှတ်ထားပါတယ်။ ဒါပေမဲ့လဲ ဒေသတွင်း အရေးပေါ် အခြေအနေအဆင့်အဖြစ်ပဲ သတ်မှတ်ထားပါတယ်"ဟု ရမ်ဆေးကောင်တီအာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အမေရိကန်အမျိုးသားမိုးလေဝသဦးစီးဌာနကလည်း မင်နီဆိုတာပြည်နယ်တွင် ရေဘေးအန္တရာယ်ဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့် ကောင်တီပေါင်း ၁၂ ကောင်တီထိရှိနေပြီး ၎င်းကောင်တီများတွင်လည်း ရေဘေးအန္တရာယ်သတိပေးချက် ထုတ်ပြန်ထားကြောင်း၊ ရမ်ဆေးကောင်တီကို ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေ ထုတ်ပြန်ထားသော်လည်း ဒေသခံပြည်သူများ၏ အသက်အန္တရာယ်ကို ခြိမ်းခြောက်နိုင်သည့် အခြေအနေမျိုးမဟုတ်သေးသည့်အတွက် ဒေသတွင်းအဆင့် အရေးပေါ်အခြေအနေအဖြစ်သာ သတ်မှတ်ထားခြင်းဖြစ်ကြောင်း နယူးဂျာစီပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

**ခိုင်းဆက်**

# အီကွေဒေါနိုင်ငံ ဂါလာပါဂိုကျွန်းတွင် သန္တာကျောက်တန်းအသစ် ရှာဖွေတွေ့ရှိထား

**ကွီတို ဧပြီ ၁၉**

အီကွေဒေါနိုင်ငံ ဂါလာပါဂိုကျွန်းတွင် အဖိုးတန်သန္တာကျောက်တန်းကို ရှာဖွေတွေ့ရှိခဲ့ကြောင်း အီကွေဒေါသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်ဟု Gulf News သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

ဂါလာပါဂိုကျွန်း၏ ရေအောက်ဧရိယာအနက် မီတာ ၄၀၀ ခန့်တွင် တွေ့ရှိခဲ့ခြင်းဖြစ်ပြီး တာဝန်ရှိသူများက သန္တာကျောက်တန်း၏ အပိုင်းအစများကို ဓာတ်ခွဲခန်းတွင် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်နေကြောင်း၊ ၁၉၈၂ ခုနှစ်နှင့် ၁၉၈၃ ခုနှစ်တို့တွင် ဂါလာပါဂိုကျွန်း၌ အယ်နီညိုရာသီဥတုဖြစ်ပေါ်ကာ သန္တာကျောက်တန်းများ ပျက်စီးခဲ့သော်လည်း လက်ရှိရှာဖွေတွေ့ရှိထားသော သန္တာကျောက်တန်းမှာ အယ်နီညိုဒဏ်ဖြင့်ရင်ဆိုင်ခဲ့ရသော်လည်း ရှင်သန်နေဆဲ သန္တာကျောက်တန်းဖြစ်ကြောင်း သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ထုတ်ပြန်ခဲ့သည်။

"သန္တာကျောက်တန်းတွေဆိုတာ အဏ္ဏဝါဗေဒလောကမှာ အဖိုးတန်တဲ့အရာတွေ ဖြစ်ပါတယ်။ သန္တာကျောက်တန်းရှိတဲ့နေရာက ရှားတယ်။ တချို့ သန္တာကျောက်တန်းတွေဟာ ရာသီဥတုဖောက်ပြန်မှုတွေ၊ ရေအောက်ကြမ်းပြင် ရေသန့်စင်မှုနှုန်း လျော့နည်းလာတဲ့အတွက် သန္တာကျောက်တန်းတွေ ယိုယွင်းပျက်စီးလာတယ်။ ဂါလာပါဂိုကျွန်းမှာ ၁၉၈၂ ခုနှစ်နဲ့ ၁၉၈၃ ခုနှစ်က အယ်နီညိုရာသီဥတုနဲ့ ရင်ဆိုင်ခဲ့ရတယ်။ အယ်နီညိုရာသီဥတုကြောင့် သန္တာကျောက်တန်းတွေ ပျက်စီးခဲ့ရတယ်။ အခုရှာဖွေတွေ့ရှိထားတဲ့ သန္တာကျောက်တန်းဟာ ၅၀ ရာခိုင်နှုန်းပျက်စီးနေပြီးတော့ ၅၀ ရာခိုင်နှုန်းရှင်သန်နေဆဲဖြစ်ပါတယ်။ ဓာတ်ခွဲခန်းမှာတော့ လိုအပ်တဲ့ စမ်းသပ်စစ်ဆေးမှုတွေ ပြုလုပ်နေပါတယ်"ဟု သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

အယ်နီညိုရာသီဥတုဒဏ်ကြောင့် အဆိုပါ သန္တာကျောက်တန်းမှာ ရာနှုန်းပြည့်ရှင်သန်နေဆဲမဟုတ်ဘဲ ၅၀ ရာခိုင်နှုန်းပျက်စီးကာ ၅၀ ရာခိုင်နှုန်းသာ ရှင်သန်နေသည့် သန္တာကျောက်တန်းဖြစ်ကြောင်း သိရသည်။

**ခိုင်းဆက်**

# ဟတ်ထိသမျှ စပ်မိစပ်ရာ (၇)

## နွေရာသီစေတနာညကျောင်းနှင့် ဥပေါသထကလေးများ၊ ဥပေါသထလူကြီးများ

ဒီနှစ်နွေရာသီမှာ သတင်းစာတွေမှာပါတဲ့သတင်းတွေကို ဖတ်ကြည့်ရတော့ တစ်ချိန်ကအဖြစ်အပျက်ကလေးတွေကို ပြန်လည်ပြီး သတိရအောက်မေ့တာသနေရတယ်ဗျာ။

ကျောင်းကြီးတွေပိတ်ထားတဲ့ ဒီနွေရာသီကာလမှာ လူငယ်မောင်မယ်တွေအတွက် အကျိုးရှိရာရှိကြောင်း သတင်းကောင်းတွေကို အမြဲမပြတ် ဖတ်နေရတယ်။ "ယဉ်ကျေးလိမ္မာသင်တန်း"တဲ့။ "လူငယ်အဘိဓမ္မာသင်တန်း"တဲ့။ "နွေရာသီပန်းချီသင်တန်း"တဲ့။ "နွေရာသီအခြေခံ အားကစားသင်တန်း"တဲ့။

ကျောင်းသား၊ ကျောင်းသူတွေအတွက် ကျောင်းပိတ်ရက်ရှည်တွေကို အလဟဿအကျိုးမဲ့ အချည်းနှီးမဖြစ်စေဘဲ တစ်စုံတစ်ခုသော အကျိုးရလဒ်ရရှိအောင် စွမ်းဆောင်ဖန်တီးစီမံပေးကြတဲ့ အလွှာအသီးသီးက ပုဂ္ဂိုလ်တွေကို အလွန်အင်မတန်ကျေးဇူးတင်ရပါတယ်ခင်ဗျာ။ အဲဒီလိုကျေးဇူးတင်ရင်း ကျွန်တော်တို့တုန်းက လုပ်ခဲ့ကြတဲ့ အကြောင်းအရာအဖြစ်အပျက်ကလေးတစ်ခုကိုလဲ အမှတ်ထင်ထင် ရင်မှာတမ်းတ သတိရမိတယ်ဗျာ။

အဲဒါကတော့ 'နွေရာသီ စေတနာညကျောင်းကလေး'ပါပဲ။

နွေရာသီ ရက်ရှည်ကျောင်းပိတ်ရက်နှစ်လမှာ ကလေးတွေအတွက် ရည်ရွယ်ပြီး ညကျောင်းကလေးတစ်ကျောင်း ဖွင့်လှစ်လို့ စာသင်ပေးတာပါပဲ။ တစ်တန်းဖြေထားတဲ့ ကလေးကို နှစ်တန်းစာ၊ နှစ်တန်းဖြေထားတဲ့ကလေးကို သုံးတန်းစာ စသဖြင့် ရှစ်တန်းဖြေထားတဲ့ကလေးကို ကိုးတန်းစာ ကြိုသင်ပေးတဲ့စနစ်နဲ့ ညကျောင်းကလေးဖွင့်ကြတာပါ။ ရပ်ကွက်ထဲမှာရှိတဲ့ စိတ်တူ၊ ကိုယ်တူ မနောဖြူတဲ့ သူငယ်ချင်းတွေ စုပေါင်းပြီး ညနေကနေ ညဦးပိုင်းထိ စာပေသင်ကြားပေးကြတယ်။

အဲဒီတုန်းက လမ်းစဉ်ပါတီခေတ်ဆိုတော့ကား သက်ဆိုင်ရာပါတီယူနစ်နဲ့ မြို့နယ်ကောင်စီကို အသိပေးအကြောင်းကြားပြီး လူငယ်တွေစုပေါင်းလို့ ကျောင်းဖွင့်ကြတယ်။ ရပ်ကွက်ထဲရှိတဲ့ အစိုးရအလယ်တန်းကျောင်းက ကျောင်းအုပ်ကြီးနဲ့ သက်ဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်တွေကို နှီးနှောတိုင်ပင်မေတ္တာရပ်ခံပြီး ညကျောင်းကလေး စဖွင့်ဖြစ်တယ်။ 'စေတနာ ညကျောင်း'ပီသစွာ ဘာအဖိုးအခမှလဲ မယူပါဘူး။ စက္ကူဖိုး၊ မြေဖြူဖိုး၊ မီတာခ စသဖြင့် အားလုံးအိတ်စိုက်။

အောင်မြင်လိုက်တာဗျာ။ မိဘတွေကလဲ ကိုယ့်သားသမီး ကျောင်းပိတ်ရက်ရှည်မှာ စိတ်မလေ ထင်ရာမသွားဘဲ ကိုယ့်အနားကကျောင်းမှာသာ စာသင်ကြရမှာဆိုတော့ စိတ်ပါလက်ပါ လာရောက်အပ်နှံကြတာ အများကြီးပါပဲ။ ကျောင်းသားအရေအတွက် စစ်လိုက်ရင် နေ့ကျောင်းကြီးတက်တဲ့ ပမာဏထက်တောင် များနေသေးဗျာ။ များမှာပေါ့ ကိုယ့်ရပ်ကွက်ထဲက ကလေးတွေတင်မက အခြားရပ်ကွက်က ကလေးတွေပါ အင်တိုက်အားတိုက် လာတက်ကြတာကိုး။

ကျောင်းလာတက်တဲ့ ကျောင်းသား၊ ကျောင်းသူတွေက အလွှာစုံသလို လုပ်အားပေးပြီး စာလာသင်ပေးတဲ့ ဆရာ၊ ဆရာမတွေကလဲ အလွှာစုံပါပဲ။ ဘွဲ့ရပြီးတဲ့သူတွေ၊ တက္ကသိုလ်တက်နေဆဲသူတွေ၊ ရုံးအနိုင်ယူကျော်လွှားနိုင်ခဲ့ကြပါတယ်။

ပထမတော့ ကိုယ့်ရပ်ကွက်ထဲက အစိုးရအလယ်တန်းကျောင်း (အလက)မှာစဖွင့်တာ နှစ်နှစ်ဆက်တိုက်ပဲ။ အောင်မြင်လာတာကို မျက်ဝါးထင်ထင် တွေ့မြင်လာရတဲ့အခါကျတော့ ကိုယ့်ရပ်ကွက်အနားမှာရှိတဲ့ အခြားရပ်ကွက်က အစိုးရအထက်တန်းကျောင်း (အထက)မှာ ပြောင်းဖွင့်တယ်။ ဝက်ဝက်ကွဲအောင်မြင်တာပါပဲ။ နေ့ကျောင်းကြီးမှာ တက်ရောက်သူဦးရေ ၁၀၀၀ လောက်ရှိမယ်ဆိုရင် ကျွန်တော်တို့ စေတနာညကျောင်းမှာ လာတက်တာ ၁၅၀၀ ကျော်လောက်တောင်ရှိတယ်ဗျာ။ မူလစာသင်ခန်းတွေမလောက်တော့လို့ လိုအပ်သလို ထပ်ပြီးချဲ့ရတာမျိုးတွေလုပ်ရတယ်။

> ❖ ကျောင်းလာတက်တဲ့ ကျောင်းသား၊ ကျောင်းသူတွေက အလွှာစုံသလို လုပ်အားပေးပြီး စာလာသင်ပေးတဲ့ ဆရာ၊ ဆရာမတွေကလဲ အလွှာစုံပါပဲ။ ဘွဲ့ရပြီးတဲ့သူတွေ၊ တက္ကသိုလ်တက်နေဆဲသူတွေ၊ ရုံးဝန်ထမ်းတွေ၊ ကျူရှင်ဆရာတွေ စသဖြင့် လူစုံတက်စုံပါပဲ။ လုပ်အားပေး ဆရာ၊ ဆရာမတွေဟာ လူစုံပြည့်ပြွမ်းပြီး လုပ်ငန်းတွေမတူကြပေမဲ့ တူညီတာတစ်ခုတော့ရှိကြတယ်။ အဲဒါကတော့ 'စေတနာ'ပါပဲ။ စေတနာ ဖြူဖြူနဲ့ မနောတူကြတဲ့ဆရာ၊ ဆရာမတွေဟာ ကလေးတွေကျောင်းပိတ်ရက် နှစ်လတာမှာ မေတ္တာစေတနာအပြည့်နဲ့ စာသင်ပေးကြတယ်ဗျာ။ ❖

ဝန်ထမ်းတွေ၊ ကျူရှင်ဆရာတွေ စသဖြင့် လူစုံတက်စုံပါပဲ။ လုပ်အားပေးဆရာ၊ ဆရာမတွေဟာ လူစုံပြည့်ပြွမ်းပြီး လုပ်ငန်းတွေမတူကြပေမဲ့ တူညီတာတစ်ခုတော့ရှိကြတယ်။ အဲဒါကတော့ 'စေတနာ'ပါပဲ။ စေတနာဖြူဖြူနဲ့ မနောတူကြတဲ့ ဆရာ၊ ဆရာမတွေဟာ ကလေးတွေကျောင်းပိတ်ရက် နှစ်လတာမှာ မေတ္တာစေတနာအပြည့်နဲ့ စာသင်ပေးကြတယ်ဗျာ။

ကလေးတွေကို စာသင်ပေးတာ ကောင်းတဲ့အလုပ်ပါ။ ဒါပေမဲ့ မကောင်းမြင်ပြီး အနှောင့်အယှက်ပေးတဲ့သူတွေလဲ ရှိခဲ့ဖူးပါတယ်။ ညဘက်စာသင်နေတုန်း သွပ်ပြားအမိုးပေါ်ကို ခဲနဲ့ပစ်ပေါက်ပြီး ထွက်ပြေးသွားတာမျိုး၊ စာသင်ခန်း တစ်ခန်းနဲ့တစ်ခန်းသွယ်တန်းထားတဲ့ မီးကြိုးတွေကို ညပိုင်းလူမရှိချိန်မှာ လာဖြတ်ပြီး လွှင့်ပစ်ခဲ့တာမျိုးတွေ ကြုံခဲ့ဖူးတယ်ဗျာ။ ဒါပေမဲ့ ကိစ္စမရှိပါဘူး။ ဒီလောက်ကတော့ မဖြုံရေးချမဖြုံ မတုန်မလှုပ်ဘဲ ခံနိုင်ရည်ရှိရှိ သတ္တိဗျတ္တိထိထိမိမိနဲ့

စာသင်ချိန်နှစ်လတာမှာ စာမေးပွဲနှစ်ခါစစ်ပြီး အောင်မြင်တဲ့ကလေးတွေကို ကိုယ့်စရိတ်နဲ့ကိုယ်ပဲ ဆုတွေပေး ချီးမြှင့်ကြသေးတယ်။ သက်ဆိုင်ရာ ဘာသာရပ်အလိုက် ထူးချွန်သူတွေကို ဆုပေးသလို ဘာသာရပ်အားလုံးပေါင်းပြီး ပထမ၊ ဒုတိယ၊ တတိယရတဲ့ကလေးတွေကိုလဲ ဆုပေးကြတယ်။ အဲဒီခေတ်ကာလတုန်းက ကျောင်းသုံးပစ္စည်းတွေက သိပ်ရှားပါးသေးတာမဟုတ်တော့ ဆုရတဲ့ အချို့ကလေးတွေဟာ ဆုရတဲ့ ဗလာစာအုပ်၊ ကွန်ပါဘူး၊ စာရေးကိရိယာပစ္စည်းတွေကို တစ်ယောက်တည်းမနိုင်လို့ အိမ်ကမိဘတွေကိုပါ အကူခေါ်ပြီး သယ်ရတယ်ဗျာ။

ကျောင်းပိတ်လို့ ဆုပေးပွဲလုပ်တော့ သာမန်အခမ်းအနားမျိုးတောင်မဟုတ်။ အငြိမ့်ပွဲလုပ်ပြီး ခမ်းခမ်းနားနားဆုပေးတာ။ အငြိမ့်မင်းသမီးက ကျောင်းလာတက်တဲ့ကလေးတွေထဲကရွေးပြီး ကခိုင်းတယ်။ လူရွှင်တော်ကျတော့ လုပ်အားပေးဆရာတွေထဲက လုပ်တာ။ ဒါလဲ အောင်မြင်တာပါပဲ။ အနီးအနားက လာကြည့်ကြတဲ့ ပွဲကြည့်ပရိသတ်တွေက နည်းနည်းနောနောမဟုတ်။ ဒီကြားထဲ ပွဲကနေတဲ့ အငြိမ့်မင်းသမီးလေးဝတ်ထားတဲ့ ဗလာထဘီ ဆွတ်ခနဲစုတ်ပြဲသွားတော့ အို့...ရယ်လိုက်ကြတာ မနည်းကို ပတ်တုတ်ယူရတယ်။

"ဆန္ဒဝတော ကိုနာမ ကမ္မံ နသိဇ္ဈတိ"ဆိုပြီး ဘုရားဟောရှိတယ်။ ပြင်းပြထက်သန်သော ဆန္ဒရှိသူအား မည်မျှကြီးကျယ်ခက်ခဲသော ကိစ္စပင်ဖြစ်စေကာမူ မုချအောင်မြင်ပြီးမြောက်အောင် ဆောင်ရွက်နိုင်တယ်တဲ့။ ဒါ ကျွန်တော်တို့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတဲ့ လက်တွေ့အမှန်တရားပါပဲ။ ကလေးတွေ ကျောင်းပိတ်ရက်နှစ်လတာမှာ စေတနာပါပါနဲ့ ဘာအဖိုးအခမှမယူဘဲ စာကိုသာသင်ပေးချင်ကြတဲ့ လုပ်အားပေးဆရာ၊ ဆရာမတွေရဲ့ ထက်သန်ပြင်းပြတဲ့ဆန္ဒဟာ အောင်မြင်မှုရဲ့အနှစ် ရေသောက်မြစ်ပါပဲ။

ဒီနွေရာသီ စေတနာညကျောင်းကနေတက်ပြီးတော့ ကျောင်းဖွင့်လို့ ကျောင်းကြီးပြန်ရောက်သွားတဲ့ ကလေးတွေဟာ အခြေခံကောင်းကောင်းရပြီး စာတော်တဲ့ကလေးတွေ ဖြစ်ကုန်ကြတာများပါတယ်။ ကျောင်းစာသင်ရင်း ကျင့်ဝတ်နီတိတွေကိုပါ လိုအပ်သလို ကြားညှပ်ပြီးသင်ပေးခဲ့တာကြောင့် ကျောင်းကြီးမှာ စာရိတ္တကောင်း၊ အကျင့်ကောင်းတဲ့ ကလေးတွေဖြစ်ကုန်ကြတာ ဝမ်းသာစရာပါ။

ပါဠိကဆင်းသက်လာတဲ့ ပါဠိသက်ဝေါဟာရ "ဥပေါသထ"ဆိုတာရှိတယ်။ ဥပ=အကျင့်ကောင်း၊ သထ=နေခြင်းတဲ့။ အကျင့်ကောင်း၊ အကျင့်မြတ်တွေနဲ့ နေခြင်းပေါ့။ ကျောင်းပိတ်ရက် နှစ်လတာမှာ နွေရာသီစေတနာညကျောင်းတက်ထားပြီး ကျောင်းကြီးမှာ အကျင့်ကောင်းကောင်းနဲ့ စာတော်တဲ့ "ဥပေါသထ ကလေးတွေ"ဖြစ်လာကြတာ တကယ်တော့ မဆန်းပါဘူးနော်။

ကလေးတွေတင်မဟုတ် မေတ္တာစေတနာအပြည့်နဲ့ ကလေးတွေကို စာလဲသင်၊ ဆုလဲပေးပြီး လိုအပ်သလို ကျွေးမွေးရတဲ့ လုပ်အားပေးစေတနာ ဆရာ၊ ဆရာမတွေဟာလဲ တော်တော်များများဟာ အခုအချိန်မှာ ရာထူးရာခံကြီးကြီးမားမားနဲ့ အရာထမ်းကြီးတွေ၊ တပည့်တွေရဲ့ ချစ်ခင်လေးစားမှုရရှိနေတဲ့ ဆရာ၊ဆရာမတွေဖြစ်နေကြတာ ဝမ်းမြောက်ဝမ်းသာ သာဓုအနုမောဒနာခေါ်စရာပါ။ သူတို့ကိုလဲ "ဥပေါသထလူကြီးတွေ"လို့ခေါ်ရင် ကန့်ကွက်သူမရှိလောက်ပါဘူးနော်။

**မင်းယဉ်စု**

# မိုးမိတ်မြို့နယ် ဒေါင့်ကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**မိုးမိတ် ဧပြီ ၁၉**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေဖြင့် ဒေါင့်ကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ဧပြီ ၁၈ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်နှင့် တာဝန်ရှိသူများက မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ ဒေါင့်ကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူး ဦးနိုင်ထက်အောင်က လမ်းရေရှည်တည်တံ့အောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ဒေါင့်ကြီးကျေးရွာ၌ အရှည်ပေ ၈၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၁၅ ဒသမ ၃ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၅ သန်း စုစုပေါင်းငွေကျပ် ၁၈ ဒသမ ၈ သန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများက နည်းပညာပံ့ပိုးပြီး အနီးကပ်ကြီးကြပ်ကာ ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ယခုနှစ် ဖေဖော်ဝါရီလ တတိယပတ်က စတင်အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။




အဆိုပါ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နိုင်မှုကြောင့် ဒေါင့်ကြီးကျေးရွာနေ ပြည်သူများအတွက် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်၍ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း မိုးမိတ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဖြိုးထက်အောင်(မျော်ဘွယ်)**

0 w Kw d @

# နာမည်တစ်လုံး၏ အသက်ဝင်ခြင်း

ငြိမ်းချမ်းအောင် (နတ်တလင်း)




(၁)

လမ်းထိပ်ကကုန်စုံဆိုင်တွင် ဈေးဝယ်ရခြင်းကို ကိုထွန်းဦး စိတ်ပျက်မိသည်။ မြို့ဈေးကိုသွားရန်လည်း အချိန်မရတော့သောကြောင့် မလွှဲသာမရှောင်သာ ဝင်ဝယ်မိသည့် ကိုယ့်ကိုယ်ကိုယ်သာ အပြစ်တင်မိလေသည်။ ယခင်ကလည်း လိုအပ်သည့်ပစ္စည်းလေးများကို သည်ဆိုင်တွင် ကိုထွန်းဦး ဝင်ဝယ်ဖူးပါ၏။ တစ်ခါ ဆက်ဆံဆယ်ခါလန်ဆိုသလို ပိုက်ဆံပေးဝယ်ယူရသော်လည်း အပြောအဆိုဆက်ဆံရေးမကောင်းသောကြောင့် သည်ဆိုင်တွင် မဝယ်ဖြစ်သည်မှာကြာပြီဖြစ်၏။ ပစ္စည်းဈေးနှုန်းမေးလျှင် တစ်ခါထက်နှစ်ခါပိုမဖြေချင်သော ဆိုင်ပိုင်ရှင်၏မျက်နှာထားကြောင့် မမေးရဲတော့ဘဲ ငြိမ်နေခဲ့ရသည့်အဖြစ်။ ထို့ကြောင့် ရပ်ကွက်ထဲက လူများ သည်ဆိုင်တွင် သိပ်မဝယ်ကြတာပဲဟု ကိုထွန်းဦး တွေးမိလေသည်။ လက်လုပ်လက်စားတွေများသော သည်ရပ်ကွက်ထဲတွင် ဈေးဆိုင်ဟူ၍ များများစားစားမရှိပေ။ ရှိနေသည့် ဆိုင်ကလည်း ဆက်ဆံရေးမကောင်းသောကြောင့် ထိုဆိုင်ကိုကျော်၍ အခြားဈေးဆိုင်များတွင်သာ ဝယ်သူ များကြလေသည်။

"ဘာထပ်ယူအုံးမှာလဲ အစ်ကို၊ လိုအပ်တာကို ပြောပါနော်"

"တော်ပြီ ညီမလေးရေ၊ ပိုက်ဆံရှင်းတော့မယ် ဘယ်လောက်ကျလဲ"

အပြုံးလေးဖြင့် ချိုသာစွာမေးလာသော ဆိုင်အလုပ်သမားလေး၏စကားကို ကိုထွန်းဦးပြန်ဖြေရင်း ဈေးဆိုင်အတွင်းဘက်တွင် ထိုင်နေသော ဈေးဆိုင်ပိုင်ရှင်ကို လှမ်းကြည့်လိုက်မိလေသည်။ သုန်မှုန်နေသော မျက်နှာထားဖြင့် ပိုက်ဆံများရေတွက်နေသည့် ဈေးဆိုင်ပိုင်ရှင်ကို အမြင်ကတ်စွာကြည့်ရင်း ဆိုင်ထဲမှ ထွက်လာခဲ့တော့သည်။

(၂)

"အစ်ကို အောင်မြင့်ရေ၊ နိုင်တီတူးနဲ့ နှစ်ရာဖိုးလောက် မြန်မြန်လေးလုပ်ပေးပါဗျ"

"ဘာတွေများအရေးကြီးနေလို့လဲ ညီရာ။ ခဏစောင့်ပေးပါအုံး။ ရှေ့ကလူကို အရင်ပေးရအုံးမယ်"

လမ်းထိပ်တွင် ကွမ်းယာဆိုင်လေးဖွင့်ထားသော ကိုအောင်မြင့်ဆိုင်သည် လူမပြတ်လှ။ အပြောအဆိုလည်းချိုသာသောကြောင့် အခြားဆိုင်များနှင့်ယှဉ်လိုက်လျှင် ကိုအောင်မြင့်၏ ကွမ်းယာဆိုင်လေးက ရောင်းအား ပိုတက်လေသည်။ ကွမ်းယာအပြင် မုန့်မျိုးစုံလည်း ရှိသောကြောင့် မုန့်လာဝယ်သော ကလေးများလည်း အများသား။ လက်ထဲက ပစ္စည်းထုပ်လေးကို ကိုအောင်မြင့်၏ ဆိုင်ရှေ့က ခုံတန်းလေးပေါ်တင်ရင်း ကိုထွန်းဦး အမောပြေခဏထိုင်နေလိုက်သည်။ ကွမ်းမှာရန် ပြင်လိုက်သော်လည်း ရှေ့ကဝယ်သူများရှိနေသောကြောင့် မမှာဖြစ်သေး။

"ညီလေး မင်းကြည့်ရတာ တစ်မျိုးပါလားကွ။ နေမကောင်းဘူးလား"

"မဟုတ်ပါဘူး အစ်ကိုအောင်မြင့်ရာ။ နေပူထဲ အပြင်ထွက်လာရတော့ ချွေးထွက်ပြီး ပင်ပန်းလို့ပါ" ဟု ကိုထွန်းဦးပြန်ဖြေလိုက်သည်။

ကိုအောင်မြင့် ကွမ်းယာနေသည်ကိုစောင့်ယူရင်း လမ်းတစ်ဖက်ခြမ်းက ကုန်စုံဆိုင်လေးရှိရာသို့ ကိုထွန်းဦး ငေးကြည့်နေသည်။ အချိန်အတော်ကြာကြည့်နေသော်လည်း ဈေးဝယ်သူများရောက်မလာခဲ့။ မုန့်မျိုးစုံတင်ရောင်းနေသော်လည်း ထိုဆိုင်ကိုကျော်ပြီး ကလေးများက ကိုအောင်မြင့်ဆိုင်တွင်သာ လာဝယ်ကြလေသည်။ မုန့်လာဝယ်သောကလေးများကို ကိုအောင်မြင့်က ချိုသာစွာပြောရင်း မုန့်ထုပ်များဖြတ်ပေးလိုက်၏။ ကိုအောင်မြင့်၏ စကားပြောဆိုပုံကိုသဘောကျသော ကလေးများက ရှိသေစွာပြန်ဖြေရင်း နှုတ်ဆက်၍ ပြန်သွားလေသည်။ ကလေးဖြစ်ဖြစ်၊ လူကြီးဖြစ်ဖြစ် ရင်းနှီးစွာစကားပြောဆိုဆက်ဆံနေသော ကိုအောင်မြင့်ကိုကြည့်၍ ကိုထွန်းဦး စိတ်ထဲလေးစားအားကျမိသည်။

(၃)

လမ်းထိပ်ရောက်တိုင်း ကိုအောင်မြင့်ကွမ်းယာဆိုင်လေးတွင် ကိုထွန်းဦး အမြဲဝယ်ဖြစ်လေသည်။ ကိုထွန်းဦး ဘာဆေးနှင့်ကွမ်းစားသည်ကို ကိုအောင်မြင့်က သိနေသောကြောင့် မှာနေစရာပင်မလိုတော့။ ရှေ့က ဝယ်သူမရှိဘူးဆိုလျှင် ကိုထွန်းဦးအတွက် ကွမ်းယာထုပ်က အဆင်သင့်ပင်။

"အစ်ကိုအောင်မြင့်ရေ၊ ကျွန်တော် ညနေအလုပ်ပြန်မှ ပေးမယ်နော်"

"ရပါတယ် ညီလေးရာ။ တခြားသူတွေမှ မဟုတ်ဘဲ ကြုံမှဝင်ပေးပါ။ အစ်ကို လိုက်မတောင်းပါဘူးကွ"

ကိုအောင်မြင့် ပြန်ပြောလိုက်သော စကားကြောင့် အနားရှိနေသူများကပါ သဘောကျစွာဖြင့် ဝိုင်းရယ်လိုက်ကြသည်။ ကိုထွန်းဦးဆီမှာ ကွမ်းဖိုးရစရာမည်မျှပင်ရှိရှိ ကိုအောင်မြင့် အတင်းမတောင်း။ ကိုထွန်းဦးဆီမှာတင်မဟုတ်ဘဲ အခြားသူများကိုလည်း ထိုနည်းအတိုင်းပင်။ ထို့ကြောင့် ကွမ်းဝယ်သူဖြစ်ဖြစ်၊ မုန့်ဝယ်သူဖြစ်ဖြစ် ကိုအောင်မြင့်ဆိုင်တွင်သာ အားပေးဝယ်ယူကြလေသည်။ ကိုအောင်မြင့်က ဆက်ဆံရေးပြေပြစ်သောကြောင့် ရစရာရှိသောအကြွေးများလည်း

❖ သည်လမ်းထိပ်တွင် ကိုအောင်မြင့် ဆိုင်ဖွင့်ခဲ့သည်မှာကြာပြီဖြစ်သော်လည်း ဆိုင်နာမည်ပေးမထားခဲ့ပေ။ ခင်မင်သူတချို့ကလည်း ကိုအောင်မြင့်ဆိုင်ဟုသာ ခေါ်ခဲ့ကြသည်မဟုတ်လား။ ဆိုင်နာမည်က ကိုအောင်မြင့်၏ မိန်းမနာမည်နှင့်လည်း တစ်လုံးမျှမတူ။ ကိုအောင်မြင့်၏ မိန်းမနာမည်ကို မမြကြည်ဟူ၍သာ တစ်ရပ်ကွက်လုံးက ခေါ်ကြလေသည်။ ဆိုင်နာမည်ပေးထားပုံကို စဉ်းစားမရတော့သည့်အဆုံး ကိုထွန်းဦးက- "အစ်ကိုအောင်မြင့် ဆိုင်နာမည်ပေးထားပုံက ဆန်းတယ်နော်။ အစ်ကို့နာမည်လဲမပါဘူး။ အစ်ကို့ မိန်းမနာမည်လဲ မဟုတ်ပါလားဗျ။ ဘာလို့ ဒီနာမည်ကို ပေးထားတာလဲ" ❖

ဆုံးမသွားခဲ့။ တောင်းစရာမလိုဘဲ ရခဲ့လေ၏။ အပြုံးချိုချိုဖြင့် ခင်မင်ဖော်ရွေသည့် စိတ်ထားလေးရှိသောကြောင့်လည်း ကိုအောင်မြင့်ဆိုလျှင် ကလေး၊ လူကြီးမရွေး ချစ်ခင်ကြလေသည်။

(၄)

"အရင်ရက်က နေမကောင်းဘူးဆို ညီလေး၊ ဘာဖြစ်တာလဲကွ"

"ဗိုက်အောင့်လို့ အစ်ကိုအောင်မြင့်ရေ၊ ဒီလိုခဏခဏ ဖြစ်နေတာကြာပြီဗျ။ ပျောက်သွားလိုက် ပြန်ဖြစ်လိုက်နဲ့"

"ဗိုက်အောင့်တာ ခဏခဏဖြစ်နေရင် ကွမ်းတွေ သိပ်မစားနဲ့ ညီလေးရေ၊ တော်ကြာ ကျောက်တည်နေမယ်"

ကွမ်းယာဝယ်သူနှင့်ပြောနေသော ကိုအောင်မြင့် စကားကို ကိုထွန်းဦးကြားရသော်လည်း ဘာမျှဝင်မပြော။ လူတစ်ဖက်သားအပေါ် စာနာစိတ်လေးရှိသော ကိုအောင်မြင့်ကို လေးစားစွာဖြင့် ငေးကြည့်နေခဲ့သည်။ စီးပွားရေးအတွက်မို့ ကွမ်းယာဆိုင်လေး ဖွင့်ထားသော်လည်း ကိုအောင်မြင့် ကွမ်းမစား။ ကွမ်းစားခြင်း၏ ဆိုးကျိုးများအကြောင်းကို တစ်ခါတစ်ရံ ကွမ်းဝယ်သူများကိုလည်း ပြောပြတတ်၏။ ကိုထွန်းဦး ဆိုင်ရှေ့က ခုံတန်းလေးပေါ်ထိုင်ရင်း ကိုအောင်မြင့် အလုပ်အားရင် စကားပြောရန် စောင့်နေမိသည်။ အခြားပြောစရာထွေထွေထူးထူး မရှိသော်လည်း ကိုအောင်မြင့်ဆိုင်ရှေ့တွင် ချိတ်ဆွဲထားသည့် ခင်လေးဟူသော ဆိုင်နာမည် ဆိုင်းဘုတ်လေးအကြောင်းကို သိချင်၍ ဖြစ်လေသည်။

သည်လမ်းထိပ်တွင် ကိုအောင်မြင့် ဆိုင်ဖွင့်ခဲ့သည်မှာကြာပြီဖြစ်သော်လည်း ဆိုင်နာမည်ပေးမထားခဲ့ပေ။ ခင်မင်သူတချို့ကလည်း ကိုအောင်မြင့်ဆိုင်ဟုသာ ခေါ်ခဲ့ကြသည်မဟုတ်လား။ ဆိုင်နာမည်က ကိုအောင်မြင့်၏ မိန်းမနာမည်နှင့်လည်း တစ်လုံးမျှမတူ။ ကိုအောင်မြင့်၏ မိန်းမနာမည်ကို မမြကြည်ဟူ၍သာ တစ်ရပ်ကွက်လုံးကခေါ်ကြလေသည်။ ဆိုင်နာမည်ပေးထားပုံကို စဉ်းစားမရတော့သည့်အဆုံး ကိုထွန်းဦးက-


"အစ်ကိုအောင်မြင့် ဆိုင်နာမည်ပေးထားပုံက ဆန်းတယ်နော်။ အစ်ကို့နာမည်လဲမပါဘူး။ အစ်ကို့ မိန်းမနာမည်လဲ မဟုတ်ပါလားဗျ။ ဘာလို့ ဒီနာမည်ကိုပေးထားတာလဲ"

"ညီလေးက သိချင်တော့လဲ ပြောပြရတာပေါ့ကွာ။ လူတိုင်းကို ခင်မင်လေးစားစိတ်နဲ့ အစ်ကို ဆက်ဆံပြောဆိုနေတာ ညီလေးအမြင်ပါ။ အစ်ကိုက ဒီလိုပြောဆိုဆက်ဆံတော့ သူတို့ကလဲ ခင်မင်လေးစားစွာပြန်ပြီး ဆက်ဆံပြောဆိုကြတယ်လေကွာ။ ခင်မင်လေးစားခြင်းဆိုတဲ့အဓိပ္ပာယ်ကြောင့် နှစ်ဦးနှစ်ဖက် အကျိုးရှိတာပေါ့ကွာ။ ဒါကြောင့်မို့ အခြားနာမည်မပေးတော့ဘဲ ခင်လေးဆိုတဲ့နာမည်ကို ဒီဆိုင်အတွက်ပေးထားတာ ညီလေးရ"

ကိုအောင်မြင့်ရှင်းပြနေသော ဆိုင်နာမည်လေးအကြောင်းကို ယခုမှပဲ ကိုထွန်းဦး နားလည်သဘောပေါက်သွားလေ၏။ နှစ်ဦးနှစ်ဖက် အကျိုးရှိသောနာမည်လေးမို့လည်း သဘောကျမဆုံးပေ။ အဓိပ္ပာယ်များစွာရှိ၍ အသက်ဝင်နေသော ဆိုင်နာမည်လေးကို နှစ်သက်စွာဖြင့် စိတ်ထဲကရေရွတ်ရင်း မုန့်ဝယ်ရန် လမ်းတစ်ဖက်က အပြေးလာသော ကလေးငယ်လေးများကို ကြည်နူးစွာ ငေးကြည့်နေခဲ့လေတော့သည်။

# နောက်တိုးတရားခံထည့်သွင်းခြင်းကို တရားခံပြေးအမှုတွင် ကျင့်သုံးခွင့်မရှိ

**စိန်လှိုင်ပိုလ်**



ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၃၅၁(၁)သည် ရာဇဝတ်မှုများတွင် နောက်တိုးတရားခံထည့်သွင်းခြင်းနှင့် သက်ဆိုင်သောပုဒ်မဖြစ်သည်။ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၄၂၀ တရားခံပြေးအမှုတစ်ခုတွင် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၁၂ အရ အမှုမှ တရားလိုပြသက်သေများကို စစ်ဆေးပြီးနောက် သက်သေတစ်ဦးကို ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၃၅၁(၁) အရ အမှုတွင် တရားခံတစ်ဦးအဖြစ် ထည့်သွင်းအရေးယူရန် တရားရုံးက အမိန့်ချမှတ်ခဲ့သည်။ ထိုသို့နောက်တိုးတရားခံထည့်သွင်းခြင်းကို တရားခံပြေးအမှုတွင် ကျင့်သုံးခွင့်ရှိ၊ မရှိနှင့်ပတ်သက်၍ ဥပဒေပြဿနာတစ်ရပ်ပေါ်ပေါက်ခဲ့ဖူးရာ လမ်းညွှန်စီရင်ထုံးတစ်ခုကို ကိုးကား၍ ရေးသားတင်ပြပါဦးမည်။

**အမှုဖြစ်စဉ်အကျဉ်း**

အမှုမှာ တရားရုံးချုပ်ရှေ့နေ ဦး. . . သည် တရားရုံးချုပ်တရားမပြင်ဆင်မှုအမှတ်-၁၅၂/၉၉ နှင့် ၁၅၃/၉၉ တို့နှင့်စပ်လျဉ်း၍ အမှုလိုက်ပါဆောင်ရွက်ခနှင့် စရိတ်များအပြင် အမှုအနိုင်ရရှိရေးအတွက် တာဝန်ရှိသူများကို ပေးရန်ဟုအကြောင်းပြပြီး ငွေများအကြိမ်ကြိမ်တောင်းခံရယူခဲ့သည်ဟုဆိုကာ ဦး. . . အပေါ် ဥပဒေအရ အရေးယူပေးရန် ဒေါ်ယဉ်မင်းအေးက ကျောက်တံတားရဲစခန်းတွင် တရားလိုပြုလုပ်၍ အမှုဖွင့်တိုင်ကြားခဲ့သည်။

ဦး. . . သည် ထွက်ပြေးတိမ်းရှောင်နေသဖြင့် ရာဇသတ်ကြီးဥပဒေပုဒ်မ-၄၂၀ ရာဇသတ်ကျင့်ထုံးဥပဒေပုဒ်မ-၅၁၂ အရ အရေးယူတရားစွဲတင်ပို့ခဲ့ရာ ကျောက်တံတားမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ်-၁၆၁/၂၀၀၀ ဖြစ်သည်။ အမှုမှ သက်သေများကို စစ်ဆေးပြီးနောက် ထွက်ပြေးတရားခံအပေါ် ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၈၇ နှင့် ၈၈ အရ ဆောင်ရွက်ရန် အမိန့်ချမှတ်ခဲ့ပြီး တရားလိုပြသက်သေတစ်ဦးဖြစ်သည့် ဦးအေးကိုကိုအား ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၃၅၁(၁)အရ အမှုတွင် တရားခံတစ်ဦးအဖြစ် ထည့်သွင်းအရေးယူရန် အမိန့်ချမှတ်၍ ပြစ်မှုဆိုင်ရာအမှုကြီး ဖွင့်လှစ်ဆောင်ရွက်ရန် ညွှန်ကြားသည့် အမိန့်တစ်ရပ်ချမှတ်ခဲ့သည်။

အဆိုပါအမိန့်ကို ဦးအေးကိုကိုက မကျေနပ်သဖြင့် ရန်ကုန်တိုင်းတရားရုံးသို့ ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၆၄၆/၂၀၀၁ ဖြင့် တင်သွင်းလျှောက်ထားရာ ပလပ်ခံရသည်။ တရားရုံးချုပ်သို့ ဆက်လက်၍ ပြင်ဆင်မှုလျှောက်ထားတင်သွင်းလာခဲ့သည်။

**တရားရုံးချုပ်၏ စိစစ်သုံးသပ်ဆုံးဖြတ်ချက်**

လျှောက်ထားသူ၏ရှေ့နေက ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ-၅၁၂(၁)အရ သက်သေခံရယူခြင်း၏ ရည်ရွယ်ချက်သည် တရားခံအား ဖမ်းဆီးရမိသည့်အခါ ၎င်းအပေါ် အသုံးပြုရခြင်းဖြစ်ကြောင်း၊ လျှောက်ထားသူကို တရားခံပြေးအပေါ် ရယူသည့် သက်သေခံချက်ဖြင့် နောက်တိုးတရားခံအဖြစ် ထည့်သွင်းအရေးယူခြင်းသည် ဥပဒေအရ မှားယွင်းနေပါသဖြင့် မြို့နယ်ရုံးအမိန့်နှင့် ၎င်းအမိန့်ကို အတည်ပြုခဲ့သည့် တိုင်းရုံးအမိန့်များကို ပယ်ဖျက်ပေးပါရန်ဖြစ်ကြောင်း တင်ပြခဲ့သည်။

ရှေ့နေချုပ်ရုံးလက်ထောက်ညွှန်ကြားရေးမှူးက တရားခံပြေး ဒေါ်ယဉ်မင်းအေးထံမှ ငွေများရယူသည့်ကိစ္စတွင် လျှောက်ထားသူပါဝင်ကြောင်း အမှုတွင်ပေါ်ပေါက်ခြင်းမရှိကြောင်း၊ ဒေါ်ယဉ်မင်းအေးက အမှုဖွင့်တိုင်ကြားရာတွင် လျှောက်ထားသူကို ထည့်သွင်းတိုင်ကြားခြင်းမရှိသကဲ့သို့ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာနက စုံစမ်းဖော်ထုတ်တရားစွဲဆိုရာတွင် လျှောက်ထားသူကို ထည့်သွင်းတိုင်ကြားခဲ့ခြင်းမရှိကြောင်း၊ လျှောက်ထားသူ၏ ပြင်ဆင်မှုအပေါ် သင့်မြတ်သည့်အမိန့်ချမှတ်ရန်ဖြစ်ကြောင်း တင်ပြခဲ့သည်။

ထွက်ပြေးတရားခံသည် တရားရုံးချုပ်ရှေ့နေတစ်ဦးဖြစ်သည်။ လျှောက်ထားသူသည် ၎င်း၏ တပည့်ရှေ့နေတစ်ဦးဖြစ်သည်။ တရားရုံးချုပ်(မန္တလေး)သို့ လျှောက်ထားခံရသူ ဒေါ်ယဉ်မင်းအေး၏ အဘွား ဒေါ်လှရင်တင်သွင်းသည့် တရားမပြင်ဆင်မှုအမှတ်-၁၅၂/၉၉ နှင့် ၁၅၃/၉၉ တွင် ဒေါ်လှရင်၏ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်သည်။ အဆိုပါတရားမပြင်ဆင်မှုများတွင် ဒေါ်ယဉ်မင်းအေး၏ မိခင်သည် လျှောက်ထားခံရသူအဖြစ်ပါဝင်ပြီး လျှောက်ထားသူ ဦးအေးကိုကိုသည် ဒေါ်အေးအေး၏ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်သည်။

အဆိုပါအမှုများတွင် ထွက်ပြေးတရားခံသည် ရှေ့နေခ ငွေကျပ်နှစ်သိန်းဖြင့် လိုက်ပါဆောင်ရွက်ခြင်းဖြစ်သည်။ လျှောက်ထားသူသည် ထွက်ပြေးတရားခံအတွက် ရှေ့နေခ ငွေကျပ်နှစ်သိန်းအနက် ငွေကျပ်တစ်သိန်းကို ထွက်ပြေးတရားခံ၏ရုံးခန်းတွင် ထွက်ပြေးတရားခံမရှိ၍ လက်ခံရယူဖူးသည်ဟုဆိုသည်။ အဆိုပါတရားမပြင်ဆင်မှုများ အောင်မြင်ရေးအတွက် တာဝန်ရှိသူများကို ပေးရန်ဟု အကြောင်းပြ၍ ထွက်ပြေးတရားခံက လျှောက်ထားခံရသူ ဒေါ်ယဉ်မင်းအေးထံမှ ငါးကြိမ်အလီလီ စုစုပေါင်းငွေကျပ် ၁၆၄၀၀၀၀ ကို လက်ခံရယူခဲ့သည် စသည့်သက်သေခံချက်များ ပေါ်ပေါက်ကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့ပါသည်။

ထွက်ပြေးတရားခံသည် ဒေါ်ယဉ်မင်းအေးထံမှ ငွေကျပ် ၁၆၄၀၀၀၀ ရယူသည့်ကိစ္စတွင် လျှောက်ထားသူမပါဝင်ကြောင်း၊ လျှောက်ထားခံရသူ ဒေါ်ယဉ်မင်းအေးက စွပ်စွဲတိုင်ကြားရာတွင်လည်း ထွက်ပြေးတရားခံတစ်ဦးတည်းအပေါ်တွင်သာ စွပ်စွဲတိုင်ကြားပြီး လျှောက်ထားသူကို စွပ်စွဲတိုင်ကြားခြင်းမရှိကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

လျှောက်ထားသူသည် ထွက်ပြေးတရားခံ၏ တပည့်တစ်ဦးဖြစ်ပြီး တရားရုံးချုပ်(မန္တလေး)တရားမပြင်ဆင်မှုအမှတ်-၁၅၂/၉၉ နှင့် ၁၅၃/၉၉ တွင် လျှောက်ထားခံရသူ ဒေါ်အေးအေး၏ ရှေ့နေအဖြစ် လိုက်ပါဆောင်ရွက်ရုံမျှဖြင့် ထွက်ပြေးတရားခံက ဒေါ်ယဉ်မင်းအေးတို့အပေါ် လိမ်လည်မှုကျူးလွန်ရာတွင် ပါဝင်ပူးပေါင်းကျူးလွန်သူတစ်ဦးဖြစ်သည်ဟု ကောက်ယူနိုင်သည့် သက်သေခံချက်ဖြစ်သည်ဟု မဆိုနိုင်ကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

တရားရုံးသည် သက်သေခံချက်များကို ရယူရကြောင်း၊ သို့သော် တရားခံရုံးရှေ့သို့ လာရောက်ခြင်းမှ ဥပဒေအရ ကင်းလွတ်ခွင့်ပြုထားသည့် အမှုများတွင် သက်သေထွက်ချက်ကို ၎င်းတရားခံ၏ ရှေ့နေရှေ့တွင်သာ မှတ်တမ်းတင်ရကြောင်း၊ အမှုမှ ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေးအမှုတွင် ကျင့်ထုံးဥပဒေပုဒ်မ-၅၁၂(၁)က ခွင့်ပြုသည့်အတိုင်း ထိုတရားခံပြေး၏ မျက်ကွယ်တွင် ရယူမှတ်တမ်းတင်ခွင့်ရှိကြောင်း၊ ထိုသို့ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံပြေး၏ မျက်ကွယ်တွင် သက်သေခံချက်ရယူမှတ်တမ်းတင်ခွင့်သည် ကျင့်ထုံးဥပဒေက ခွင့်ပြုထားသည့် သက်သေခံချက်နှင့်သက်ဆိုင်သည့် အထူးနည်းဥပဒေများဖြစ်ကြောင်း တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

တရားခံပြေး၏ မျက်ကွယ်တွင် အစစ်ခံချက်ရယူထားသည့် သက်သေသေဆုံးသွားလျှင်ဖြစ်စေ၊ ၎င်းသက်သေသည် သက်သေခံနိုင်စွမ်းမရှိလျှင်ဖြစ်စေ၊ ထိုသက်သေလာရောက်ရေးအတွက် ကြန့်ကြာ၍ စရိတ်ကုန်ကျမှုနှင့် အဆင်မပြေမှုပေါ်ပေါက်လျှင်ဖြစ်စေ ယခင်ရယူထားသောသက်သေခံချက်ကို တရားခံအား ပြန်လည်ဖမ်းဆီးရမိ၍ တရားစွဲဆိုသည့် စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုတွင် သက်သေခံချက်အဖြစ် အသုံးပြုရန်သာဖြစ်ကြောင်း ကျင့်ထုံးဥပဒေ

**❖ သက်သေခံချက်များအရ တရားရုံးသို့ရောက်ရှိနေသော မည်သူ့ကိုမဆို စုံစမ်းစစ်ဆေးရန် သို့မဟုတ် စစ်ဆေးစီရင်ရန်အလို့ငှာ ထိုသူကို တရားရုံးက အရေးယူဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ၎င်းပြဋ္ဌာန်းချက်အရ နောက်တိုးတရားခံထည့်သွင်းခြင်းကို စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုတွင်သာ သုံးစွဲခွင့်ရှိသည်မှာ မြင်သာကြောင်း၊ တရားခံပြေးအမှုသည် တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုဖြစ်သဖြင့် စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုတွင်သာ ကျင့်သုံးခွင့်ရှိသော ကျင့်ထုံးဥပဒေပုဒ်မ-၃၅၁(၁)အရ နောက်တိုးတရားခံထည့်သွင်းခြင်းကို တရားခံပြေးအမှုတွင် ကျင့်သုံးခွင့်ရှိမည်မဟုတ်ကြောင်း တရားရုံးချုပ်က တိကျခိုင်မာစွာ သုံးသပ်ခဲ့သည်။ ❖**

ပုဒ်မ-၅၁၂(၁)တွင် ပြဋ္ဌာန်းထားသည်ကို တရားရုံးချုပ်က စိစစ်ဖော်ထုတ်ခဲ့သည်။

ကျင့်ထုံးဥပဒေပုဒ်မ-၅၁၂(၁)အရ စစ်ဆေးသော တရားခံပြေးအမှုသည် စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုမဟုတ်။ တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုသာဖြစ်ကြောင်း၊ ထွက်ပြေးတိမ်းရှောင်နေသည့် တရားခံပြေး၏ မျက်ကွယ်တွင် သက်သေခံချက်ရယူခြင်း၏ အဓိကရည်ရွယ်ချက်သည် အနာဂတ်ကာလတွင် တရားခံကို ဖမ်းဆီးရမိပြီး တရားစွဲတင်ပို့လာသည့်အခါ ၎င်းအပေါ် အသုံးပြုနိုင်ရန်အတွက် ရေးမှတ်ယူထားခြင်းမျှသာဖြစ်ကြောင်း U Ba Hla-ing Vs Balabux sodani အတွဲ(၁၄)ရန်ကုန် စာ-၆၃၃ အမှုတွင် ပြဆိုထားသည်ကို တရားရုံးချုပ်က ရည်ညွှန်းကိုးကားခဲ့သည်။

ကျင့်ထုံးဥပဒေပုဒ်မ-၃၅၁ တွင် သက်သေခံချက်များအရ တရားရုံးသို့ ရောက်ရှိနေသော မည်သူ့ကိုမဆို စုံစမ်းစစ်ဆေးရန် သို့မဟုတ် စစ်ဆေးစီရင်ရန် အလို့ငှာ ထိုသူကို တရားရုံးက အရေးယူဆောင်ရွက်နိုင်ကြောင်း ပြဋ္ဌာန်းထားသည်။ ၎င်းပြဋ္ဌာန်းချက်အရ နောက်တိုးတရားခံထည့်သွင်းခြင်းကို စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုတွင်သာ သုံးစွဲခွင့်ရှိသည်မှာ မြင်သာကြောင်း၊ တရားခံပြေးအမှုသည် တရားစီရင်ရေးဆိုင်ရာဆောင်ရွက်မှုဖြစ်သဖြင့် စုံစမ်းစစ်ဆေးမှု သို့မဟုတ် စစ်ဆေးစီရင်မှုတွင်သာ ကျင့်သုံးခွင့်ရှိသော ကျင့်ထုံးဥပဒေပုဒ်မ-၃၅၁(၁)အရ နောက်တိုးတရားခံထည့်သွင်းခြင်းကို တရားခံပြေးအမှုတွင် ကျင့်သုံးခွင့်ရှိမည်မဟုတ်ကြောင်း တရားရုံးချုပ်က တိကျခိုင်မာစွာ သုံးသပ်ခဲ့သည်။

အထက်ဖော်ပြပါသုံးသပ်ချက်များအရ ထွက်ပြေးတိမ်းရှောင်နေသော တရားခံပြေးအပေါ် အရေးယူဆောင်ရွက်သည့် ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ်-၁၆၁/၂၀၀၀ တွင် လျှောက်ထားသူ ဦးအေးကိုကိုအား တရားခံအဖြစ် ထည့်သွင်းအရေးယူရန် ချမှတ်ခဲ့သည့် ကျောက်တံတားမြို့နယ် တရားရုံး၏အမိန့်သည် ဥပဒေအရ မှန်ကန်ခြင်းမရှိကြောင်း တရားရုံးချုပ်က ဆင်ခြင်သုံးသပ်ခဲ့သည်။

ထို့ကြောင့် ဤပြင်ဆင်မှုကို ခွင့်ပြုပြီး ကျောက်တံတားမြို့နယ်တရားရုံး ပြစ်မှုဆိုင်ရာအထွေထွေမှုအမှတ်-၁၆၁/၂၀၀၀ တွင် လျှောက်ထားသူ ဦးအေးကိုကို အား နောက်တိုးတရားခံအဖြစ် ထည့်သွင်းအရေးယူရန်နှင့် ပြစ်မှုဆိုင်ရာအမှုကြီး ဖွင့်လှစ်ဆောင်ရွက်ရန် ချမှတ်သည့်အမိန့်နှင့် ၎င်းအမိန့်ကိုအတည်ပြုသည့် ရန်ကုန်တိုင်းတရားရုံး၏အမိန့်များကို ပယ်ဖျက်လိုက်ပြီး ဦးအေးကိုကိုအား အမှုမှ လွှတ်လိုက်သည်။

တရားရုံးတရားခွင်နယ်ပယ်တွင် ရာဇဝတ်မှု၊ တရားမမှုများ လိုက်ပါဆောင်ရွက်နေကြသည့် ရှေ့နေများ သတိပြုဆင်ခြင်ဖွယ်ရာဖြစ်ကြောင်းနှင့် ကျင့်ထုံးဥပဒေပုဒ်မ-၃၅၁(၁)၏ ပြဋ္ဌာန်းချက်ကို ဦးအေးကိုကိုနှင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ပါ-၂/၂၀၀၁ ခုနှစ် ပြစ်မှုဆိုင်ရာပြင်ဆင်မှုအမှတ်-၃၈၆(ခ)စီရင်ထုံးကို ရည်ညွှန်းကိုးကားရေးသားတင်ပြလိုက်ရပါသည်။

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အထွေထွေကုန်စည်တင်သင်္ဘော ၃၂၅ စီး ဝင်ရောက်ဆိုက်ကပ်ပြီး ပို့ကုန်၊ သွင်းကုန်အထွေထွေကုန်စည်တန်ချိန် ၃ ဒသမ ၂၅၈ သန်း ဆောင်ရွက်ပေးခဲ့




**ရန်ကုန် ဧပြီ ၁၉**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် အထွေထွေကုန်စည်တင် သင်္ဘော ၃၂၅ စီး ဝင်ရောက်ဆိုက်ကပ်ခဲ့ပြီး ပို့ကုန်၊ သွင်းကုန် အထွေထွေကုန်စည်တန်ချိန် ၃ ဒသမ ၂၅၈ သန်း ဆောင်ရွက်ပေးခဲ့ကြောင်း မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၏ သတင်းများအရ သိရသည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ကုန်သေတ္တာတင် သင်္ဘော ၆၅၄ စီး၊ စက်သုံးဆီတင် သင်္ဘော ၃၁၁ စီး၊ စားသုံးဆီတင် သင်္ဘောအစီးရေ ၁၀၀ နှင့် အထွေထွေကုန်စည်တင်သင်္ဘော ၃၂၅ စီး ဝင်ရောက်ဆိုက်ကပ်ကာ ပို့ကုန်၊ သွင်းကုန်လုပ်ငန်းများကို ဆောင်ရွက်ပေးခဲ့သည်။

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ ဆိပ်ကမ်းများသို့ ဆိုက်ရောက်လာသည့် အထွေထွေကုန်စည်တင်သင်္ဘောကြီး ၃၂၅ စီးမှ ပို့ကုန်၊ သွင်းကုန်တန်ချိန် စုစုပေါင်း ၃ ဒသမ ၂၅၈ သန်းကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ ထိုသို့ ဆောင်ရွက်ပေးရာတွင် ပို့ကုန်တန်ချိန် ၁ ဒသမ ၄၈၄ သန်းနှင့် သွင်းကုန်တန်ချိန် ၁ ဒသမ ၇၇၄ သန်း စုစုပေါင်းတန်ချိန် ၃ ဒသမ ၂၅၈ သန်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ပေးခဲ့ရာတွင် ၂၀၂၂ ခုနှစ် ဧပြီလတွင် အထွေထွေကုန်စည်တင် သင်္ဘော ၄၂ စီး မေလတွင် အထွေထွေကုန်စည် တင်သင်္ဘော ၂၈ စီး၊ ဇွန်လတွင် အထွေထွေကုန်စည်တင် သင်္ဘော ၂၇ စီး၊ ဇူလိုင်လတွင် အထွေထွေကုန်စည်တင်သင်္ဘော ၂၆ စီး၊ ဩဂုတ်လတွင် အထွေထွေကုန်စည် တင် သင်္ဘော ၁၆ စီး၊ စက်တင်ဘာလတွင် အထွေထွေကုန်စည် တင်သင်္ဘော ၁၅ စီး၊ အောက်တိုဘာလတွင် အထွေထွေကုန်စည် တင် သင်္ဘော ၂၉ စီး၊ နိုဝင်ဘာလတွင် အထွေထွေကုန်စည်တင် သင်္ဘော ၃၅ စီး၊ ဒီဇင်ဘာလတွင် အထွေထွေကုန်စည်တင်သင်္ဘော ၂၈ စီး၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် အထွေထွေကုန်စည်တင်သင်္ဘော ၂၇ စီး၊ ဖေဖော်ဝါရီလတွင် အထွေထွေကုန်စည်တင်သင်္ဘော ၂၃ စီး၊ မတ်လတွင် အထွေထွေကုန်စည် တင်သင်္ဘော ၂၉ စီး စုစုပေါင်း အထွေထွေကုန်စည်တင်သင်္ဘော ၃၂၅ စီးမှသွင်းကုန်တန်ချိန် ၁ ဒသမ ၇၇၄ သန်း၊ ပို့ကုန်တန်ချိန် ၁ ဒသမ ၄၈၄ သန်း စုစုပေါင်းကုန်တန်ချိန် ၃ ဒသမ ၂၅၈ သန်း ဆောင် ရွက်ပေးခဲ့ကြောင်း သိရသည်။ (၃၃၆)

# လဲချားမြို့နယ် ကျေးရွာနှစ်ရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း စစ်ဆေး

**လဲချား ဧပြီ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် လဲချားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေများဖြင့် လဲချားမြို့နယ် ကျေးရွာနှစ်ရွာ၌ စီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာ လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်၊ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိန်းခွဲ့ဦး၊ မြို့နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများသည် နောင်ပန်ကျေးရွာတွင် အရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ် သိန်း ၄၁၀ ဖြင့် အသင်းသား၊ အသင်းသူ ၇၈ ဦးက စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့် ရောင်းဝယ်ရေးလုပ်ငန်းများလုပ်ကိုင်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ဆက်လက်၍ ခရိုင်ဦးစီးမှူးနှင့်တာဝန်ရှိသူများသည် မတ်လန်းကျေးရွာတွင် စီမံကိန်းရန်ပုံငွေကျပ်သိန်း ၄၇၀ ဖြင့် အသင်းသား၊ အသင်းသူ ၇၅ ဦးက စိုက်ပျိုးရေးလုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများက အဆိုပါကျေးရွာနှစ်ရွာရှိ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်း အဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လအလိုက်ဖြည့်သွင်းရမည့် ငွေစာရင်းပုံစံများ ပြည့်စုံမှု ရှိ၊ မရှိ စစ်ဆေးခဲ့ကြောင်း သိရသည်။

နောင်ပန်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းကို ၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ်တွင် လည်းကောင်း၊ မတ်လန်းကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်တွင် လည်းကောင်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ အဆိုပါကျေးရွာနှစ်ရွာရှိ အသင်းသား၊ အသင်းသူ ၁၅၃ ဦးကို ရန်ပုံငွေကျပ် သိန်း ၈၈၀ ထိထုတ်ချေးနိုင်ခဲ့ပြီး စီမံကိန်းလုပ်ငန်းများ လည်ပတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း လွိုင်လင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန်းနိုင်ထံမှ သိရသည်။ **ရှိုးသန်းညွန့်**

# ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ဧပြီ ၁ ရက်မှ ၁၅ ရက်ထိ ၂၄ ပြည်ဝင် ဆန်နှင့်ဆန်ကွဲအိတ်ရေ ၁၅၄၅၀၀ တင်ပို့ရောင်းချထားရ

**ပုသိမ် ဧပြီ ၁၉**

ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ဧပြီ ၁ ရက်မှ ၁၅ ရက်ထိ ၂၄ ပြည်ဝင် ဆန်နှင့် ဆန်ကွဲ အိတ်ရေ ၁၅၄၅၀၀ ထိ တင်ပို့ ရောင်းချထားရကြောင်း ပုသိမ်မြို့ဆန်၊ စပါး ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်စုစုလှိုင်က ပြောပြ၍ သိရသည်။

ဧရာဝတီတိုင်းဒေသကြီးမှ ဆန်စပါး ရောင်းဝယ်ရေးလုပ်ငန်းရှင်များသည် ဒေသထွက်စပါးများကို ဝယ်ယူကြိတ်ခွဲပြီး ဆန်နှင့်ဆန်ကွဲအဖြစ် ရန်ကုန်ဈေးကွက်သို့တင်ပို့ရောင်းချလျက်ရှိကြောင်း၊ ပြီးခဲ့သည့် မတ် ၁ ရက်မှ ၁၅ ရက်ထိ ၂၄ ပြည်ဝင် ဆန်နှင့်ဆန်ကွဲ အိတ်ရေစုစုပေါင်း ၁၀၄၅၀၀ ထိသာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး လက်ရှိ ဧပြီ ၁ ရက်မှ ၁၅ ရက်ထိ ၂၄ ပြည်ဝင် ဆန်အိတ်ရေ ၁၀၀၀၀၀ နှင့် ၂၄ ပြည်ဝင် ဆန်ကွဲအိတ်ရေ ၅၄၅၀၀ စုစုပေါင်း ၁၅၄၅၀၀ တင်ပို့ရောင်းချထားရကြောင်း သိရသည်။

"ဧပြီ ၁ ရက်ကနေ ၁၅ ရက်ထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ကနေ ရန်ကုန်မြို့ကို ဆန်အိတ်နဲ့ ဆန်ကွဲအိတ်တွေကို ပြီးခဲ့တဲ့လ ၁၅ ရက်အတွင်းကထက် ပိုမိုတင်ပို့ရောင်းချထားရပါတယ်။ ဆန်နဲ့ ဆန်ကွဲအိတ်ရေ စုစုပေါင်း ၁၅၀၀၀၀ ကျော်ထိ တင်ပို့ရောင်းချထားရပြီဖြစ်ပါတယ်။ ရန်ကုန်မြို့ကိုတင်ပို့ရောင်းချနေရတဲ့ ဆန်အမျိုးအစားတွေက ဖျာပုံပေါ်ဆန်းမွှေး၊ ညို့မထ၊ ရက် ၉၀၊ မနောသုခ၊ သီးထပ်ရင် စတဲ့ ဆန်အမျိုးအစားတွေပါ"ဟု ဒေါ်စုစုလှိုင်က ပြောပြသည်။



ဧရာဝတီတိုင်းဒေသကြီးမှ ရန်ကုန်ဈေးကွက်သို့ ပြီးခဲ့သည့် မတ် ၁ ရက်မှ ၁၅ ရက်ထိတင်ပို့ရောင်းချခဲ့ရသည့် ဆန်အမျိုးအစားများ၏ဈေးနှုန်းများသည် ဧပြီ ၁ ရက်မှ ယနေ့ထိ ဖျာပုံပေါ်ဆန်းမွှေး တစ်အိတ်လျှင် ငွေကျပ် ၇၂၀၀၀၊ ညို့မထတစ်အိတ်လျှင် ငွေကျပ် ၅၇၅၀၀၊ ရက် ၉၀ တစ်အိတ်လျှင် ငွေကျပ် ၆၀၀၀၀၊ မနောသုခတစ်အိတ်လျှင် ငွေကျပ် ၅၅၀၀၀ စသည်ဖြင့် ဈေးပေါက်နေကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးကြိုပဲတီစိမ်း ၁၇၇၄၉ ဧက စိုက်ပျိုးပြီးစီး

**မုံရွာ ဧပြီ ၁၉**

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးကြိုပဲတီစိမ်း ၁၇၇၄၉ ဧကစိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြ၍ သိရသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးကြိုပဲတီစိမ်းဧက ၈၂၂၀၀ စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မတ်လမှ စတင်စိုက်ပျိုးခဲ့ကြရာ ယနေ့ထိ ၁၇၇၄၉ ဧက စိုက်ပျိုးပြီးစီးနေပြီဖြစ်သည်။

"ဒီနှစ် စစ်ကိုင်းတိုင်းဒေသကြီးမှာ မိုးကြိုပဲတီစိမ်းဧက ၈၀၀၀၀ ကျော် စိုက်ပျိုးဖို့လျာထားတယ်။ ဒီနေ့ထိ ဧက ၁၀၀၀၀ ကျော် စိုက်ပျိုးပြီးနေပြီ။ ပဲတီစိမ်းစိုက်ပျိုးမှုနဲ့ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးဖို့ ပညာပေးတာတွေရှိမယ်။ အထွက်နှုန်းကောင်းမွန်ဖို့အတွက် မျိုးကောင်းမျိုးသန့်တွေသုံးစွဲဖို့ ပညာပေးတာတွေရှိတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးကြိုပဲတီစိမ်းဧကစိုက်ပျိုးပြီးစီးမှုအနေဖြင့် ခင်ဦးမြို့နယ်တွင် ဧက ၉၅၀၀၊ ရွှေဘိုမြို့နယ်တွင် ၂၄၄၄ ဧက၊ ချောင်းဦးမြို့နယ်တွင် ၅၈၀၅ ဧကတို့ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးကြိုပဲတီစိမ်းစိုက်ပျိုးရန် လျာထားမှုအနေဖြင့် စစ်ကိုင်းခရိုင်တွင် ၇၄၇၅ ဧက၊ မုံရွာခရိုင်တွင် ၁၈၀၃၁ ဧက၊ ယင်းမာပင်ခရိုင်တွင် ၁၄၆၉ ဧက၊ ရွှေဘိုခရိုင်တွင် ၃၃၇၈၆ ဧက၊ ရေဦးခရိုင်တွင် ဧက ၁၄၇၅၀၊ ကန့်ဘလူခရိုင်တွင် ၆၆၁၄ ဧက၊ ကလေးခရိုင်တွင် ၉၅ ဧက စုစုပေါင်း ဧက ၈၂၂၀၀ တို့ ဖြစ်ကြောင်း သိရသည်။

ယခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးတွင် မိုးကြိုပဲတီစိမ်းစိုက်ပျိုးမည့် တောင်သူများကို သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်း၊ မျိုးသန့်ရရှိရေး၊ စိုက်နည်းစနစ်မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှုကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေး၊ အထွက်နှုန်းကောင်းမွန်ရေးတို့ကို အသိပညာပေး ဆောင်ရွက်လျက်ရှိကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

(၂၀၆)

# မြဝတီမြို့နယ် မင်းလက်ပံကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**မြဝတီ ဧပြီ ၁၉**

ကရင်ပြည်နယ် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက မြဝတီမြို့နယ် မင်းလက်ပံကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြဝတီခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးကျော်သူရနှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက ကျေးရွာလမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးစိုးနိုင်ဝင်းက လုပ်ငန်းရေရှည်တည်တံ့စေရေး ပိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မင်းလက်ပံကျေးရွာ၌ အရှည် သုည ဒသမ ၇၃ ဖာလုံ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်အစိုးရ ခွင့်ပြုရန်ပုံငွေကျပ် ၁၄ ဒသမ ၉၆ သန်းဖြင့် တင်ဒါအောင်မြင်သော ရတနာငွေကြွယ်ကုမ္ပဏီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ပထမပတ်က စတင်တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။ **ကိုသက်**

# မိတ်ကောင်းဆွေကောင်းရှာဖွေပေါင်းပါ

**ကိုယဉ်ချစ်(မန္တလေး)**

လူဆိုတာ တစ်ယောက်တည်း ထီးတည်းနေလို့မရ။ သက်မဲ့မိတ်ဆွေလို့ဆိုနိုင်တဲ့ ကံ၊ ဉာဏ်၊ ဝီရိယတွေ၊ သက်ရှိအဖြစ်နဲ့ မိမိအကျိုးစီးပွားကိုအကျိုးပြုမဲ့ မိသားစု၊ မိတ်ဆွေ၊ သူငယ်ချင်း၊ ရောင်းရင်း၊ အဖော်၊ ရဲဘော်ရဲဘက်ဆိုတာတွေနဲ့ နေ့စဉ်အမြဲမပြတ်ထိတွေ့ ဆက်ဆံနေကြရတယ်။

သက်မဲ့ဖြစ်တဲ့မိတ်ဆွေတွေကတော့ ကံ၊ ဉာဏ်နဲ့ ဝီရိယတို့ဖြစ်ပါတယ်။ ကံဆိုတာကိုယ်၊ နှုတ်၊ စိတ်တစ်ခုခု ဖြင့်ပြုလုပ်အပ်သောအမှု၊ ကောင်းကျိုး၊ မကောင်းကျိုး ကိုဖြစ်စေသောအကြောင်းလို့ဆိုပါတယ်။ ကံဆိုတာ အလုပ်လို့လဲ ပြောကြပါတယ်။ မိမိလုပ်လိုက်တဲ့အလုပ် က မှန်တယ်၊ ကောင်းတယ်ဆိုရင် ကံကောင်းတယ်လို့ ဆိုကြတယ်။ ဉာဏ်ဆိုတာက သိမြင်တတ်သောတရား၊ အသိတရား၊ ပညာလို့ဆိုပါတယ်။ ဝီရိယဆိုတာကတော့ ကြိုးစားအားထုတ်မှုဖြစ်ပါတယ်။ ဒီကံ၊ ဉာဏ်၊ ဝီရိယ တွေနဲ့ အကျိုးရှိအောင်ပေါင်းသင်းနိုင်သူတွေဟာ မိတ်ဆွေကောင်းတွေနဲ့ ပေါင်းသင်းရသလိုဖြစ်တာမို့ ကြီးပွားတိုးတက်သူတွေဖြစ်လာတတ်ပါတယ်။

သက်ရှိအနေနဲ့ ထိတွေ့ပြောဆိုဆက်ဆံနေရတဲ့ ပတ်ဝန်းကျင်တွေရဲ့ အဓိပ္ပာယ်ကတူသယောင်နဲ့ အနည်းငယ်စီကွဲပြားပါတယ်။ မိတ်ဆွေ=ခင်မင်တဲ့သူ၊ သူငယ်ချင်း=ငယ်စဉ်ကပင် အဖော်အပေါင်းပြုခဲ့သူ၊ ရောင်းရင်း=ငယ်သူငယ်ချင်း၊ အဖော်=အတူတကွရှိနေသူ၊ မိတ်ဆွေအပေါင်းအဖော်၊ အဖော်အဖက်၊ အဖော်အလျော်၊ ရဲဘော်ရဲဘက်=လုပ်ဖော်ကိုင်ဖက်လို့ မြန်မာ အဘိဓာန်မှာဖော်ပြထားပါတယ်။

မဖြစ်မနေဆက်ဆံပေါင်းသင်းနေရတဲ့ပတ်ဝန်းကျင် တွေထဲက မိတ်ကောင်းဆွေကောင်းတွေနဲ့ပေါင်းသင်း ဆက်ဆံနိုင်ဖို့ရာ အလွန်အရေးကြီးပါတယ်။ ပတ်ဝန်း ကျင်ကောင်းရင် ကိုယ့်ဘဝကောင်းကျိုးတွေကို အများကြီးအကူအညီအထောက်အပံ့ ရနိုင်သလို မကောင်းတဲ့ပတ်ဝန်းကျင်နဲ့တွေ့ပြီဆိုရင်လဲ ကိုယ့် အကျိုးစီးပွားတွေမတိုးတက်တဲ့အပြင် ရှိနေပြီးသား အကျိုးတွေကိုပါ ထိခိုက်ဆုံးရှုံးသွားတတ်ပါတယ်။

ပတ်သက်ဆက်ဆံနေရတဲ့ပတ်ဝန်းကျင်ဆိုတာက လဲ ကောင်းတဲ့သူတွေရှိသလို မကောင်းတဲ့သူတွေလဲ ရှိနေတယ်။ လူတစ်ယောက်ချင်းစီက ကိုယ့်အတ္တအကျိုး စီးပွားကို အခြေခံတည်ဆောက်နေကြတာဖြစ်လို့ ပရအကျိုးစီးပွားဆိုတာ ဒုတိယအဆင့်မှာပဲထားပြီး ဆက်ဆံပေါင်းသင်းတတ်ကြပါတယ်။ လူအထွေထွေ စိတ်အမျိုးမျိုးဆိုတဲ့စကားလိုပဲ လူတန်းစားအစုံ၊ အယူအဆမျိုးစုံ၊ အခြေခံစိတ်ဓာတ်အစုံနဲ့ဆိုတော့ စိတ်တူကိုယ်တူ ပတ်ဝန်းကျင်ဆိုတာရှိတော့ရှိတယ် ရှားတယ်လို့ဆိုနိုင်ပါတယ်။ ဒီတော့ မိတ်ကောင်း ဆွေကောင်းတွေနဲ့ ထိတွေ့ဆက်ဆံနိုင်ဖို့ဆိုရင် နှစ်ဦး နှစ်ဖက်ဆက်ဆံရေးဟာ အဓိကကျလာပါတယ်။

ကိုယ်နဲ့ဆက်ဆံနေတဲ့ပတ်ဝန်းကျင်တွေဟာ ကိုယ့် မိတ်ဆွေတွေဖြစ်သလို ကိုယ်ကိုယ်တိုင်ကလဲ ပတ်ဝန်း ကျင်တွေရဲ့မိတ်ဆွေဖြစ်နေတယ်။ ဒါကြောင့် မိမိ ကိုယ်တိုင်ကလဲ မိတ်ကောင်းဆွေကောင်းတစ်ယောက် ဖြစ်အောင် ကျင့်ကြံနေထိုင်ကြရမှာဖြစ်တယ်။ မိတ် ကောင်းဆွေကောင်းတစ်ယောက်ဖြစ်ဖို့ လိုက်နာ အားထုတ်ရမဲ့အကြောင်းတွေ အများကြီးရှိပါတယ်။

**စကားပြောဆိုရာ လိမ္မာယဉ်ကျေးပါ**

သာမန်လူတစ်ယောက် နေ့စဉ်လုပ်ငန်းဆောင်ရွက် ရာမှာ စာရေးခြင်းက ကိုးရာခိုင်နှုန်း၊ စာဖတ်ခြင်းက ၁၆ ရာခိုင်နှုန်း၊ စကားပြောခြင်းက ၃၀ ရာခိုင်နှုန်းနဲ့ နားထောင်ခြင်းက ၄၅ ရာခိုင်နှုန်းဖြစ်တယ်လို့ မှတ် သားဖူးပါတယ်။ ဒီအထဲမှာ ဒုတိယအများဆုံးလုပ် ဆောင်ချက်ဖြစ်တဲ့စကားပြောခြင်းဟာ ပတ်ဝန်းကျင်နဲ့ ထိတွေ့ဆက်ဆံရာမှာ အရေးပါနေတာကိုသိနိုင်ပါ တယ်။ စကားတစ်ခွန်းကြောင့် ကြီးမားတဲ့ပြဿနာ အခက်အခဲတစ်ခုပြေလည်သွားနိုင်သလို အသေး အမွှားကိစ္စလေးကလဲ ပြဿနာအကြီးကြီးဖြစ်သွားနိုင် ပါတယ်။ မိမိကပြောဆိုနိုင်ခွင့်ရှိတဲ့အချိန်မှာ တစ်ဖက် သားအပေါ် အထက်စီးနဲ့မပြောဘဲ ကိုယ်ပြောတဲ့စကား အပေါ် အပြောခံရသူဘက်က လိုလိုလားလားနဲ့လုပ်ချင် ကိုင်ချင်လာအောင်ပြောဆိုတတ်ဖို့လိုပါတယ်။ အလုပ် အပေါ်မှာလဲ အကျိုးသက်ရောက်မှုပိုမိုရရှိနိုင်ပါတယ်။ ကိုယ်ကပြောပိုင်ခွင့်ရှိတယ်။ ကိုယ်ပြောတဲ့အတိုင်း သူတို့လုပ်ရမှာပဲဆိုပြီး မောက်မာရင့်သီးတဲ့စကားတွေ ကိုပြောလိုက်ရင် တစ်ဖက်က မတတ်သာလို့လုပ်ပေး ချင် လုပ်ပေးပါလိမ့်မယ်။ ဒါပေမဲ့ စေတနာမပါတဲ့ တုံ့ပြန်မှုမျိုးသာရပါလိမ့်မယ်။

တစ်ယောက်နဲ့တစ်ယောက် ဆက်ဆံကြတဲ့အခါ မိသားစုဆက်ဆံရေးကအစ နိုင်ငံတကာဆက်ဆံရေး ထိ သူ့နေရာနဲ့သူ၊ သူ့အဆင့်နဲ့သူ့အံဝင်ခွင်ကျပြောဆို တတ်ဖို့လိုပါတယ်။ ကိုယ်ပြောတဲ့စကားဟာ စေတနာ ပါရမယ်။ လိုလားချက်ကိုရှင်းလင်းတိကျအောင်ပြော ရမယ်။ မထီမဲ့မြင်အမူအရာနဲ့ မပြောသင့်ဘူး၊ မကျေနပ်သံ၊ ဒေါသသံနဲ့ စော်ကားပုတ်ခတ်၊ ထေ့

❖ အဖိုးတန်ရတနာတွေကို မြေထဲကတူးဖော်မှရသလို ကိုယ့်ရဲ့ ကံ၊ ဉာဏ်၊ ဝီရိယတွေကို တည့်မတ်စွာအသုံးချရင်းသင်္ဂဟတရား လေးပါးနဲ့အညီ ကျင့်ကြံလိုက်နာကြရင်း မိတ်ကောင်းဆွေကောင်းတွေကို ရှာဖွေကြရပါမယ်။ ထကြွလုံ့လနှင့်ပြည့်စုံခြင်း၊ ရရှိပြီးပစ္စည်းဥစ္စာကို မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိမိအင်အားနှင့်မျှတစွာ သုံးစွဲခြင်း၊ မိတ်ကောင်းဆွေကောင်းများနှင့်ပေါင်းဖော်ခြင်းဆိုတဲ့ ကြီးပွား ချမ်းသာကြောင်းတရားလေးပါးနဲ့အညီ အားထုတ်ကြရပါမယ်။ ❖

ငေါ့တဲ့ စကားတွေရှောင်ရှားရမယ်။ ကိုယ်ဖြစ်ချင်တာ တစ်ခုတည်းကိုသာမကြည့်ဘဲ ကာလဒေသပရောဂ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်တဲ့စကားမျိုးကို ပြောသင့်တယ်။ တစ်ဖက်က တုံ့ပြန်လာမဲ့စကားကို ပြန်ပြီးရှင်းလင်းပြောနိုင်ရမယ်။ ကိုယ်ပြောချင်တာ တွေချည်း ကရားရေလွှတ်တရစပ်ပြောတာမျိုးထက် တစ်ဖက်ကပြောလာတဲ့စကားတွေကို သေသေချာချာ နားထောင်တတ်အောင်လဲ အလေ့အကျင့် လုပ်ထားရမယ်။

စကားပြောတဲ့အလုပ်ကို နေ့တိုင်းလုပ်နေတာပဲ ဘာအရေးပါလို့လဲလို့မေးရင် စကားပြောခြင်းဟာ လူမှုဆက်ဆံရေးနယ်ပယ်မှာ အများကြီးအရေးပါပါ တယ်လို့ပြောရပါမယ်။ စကားတစ်ခွန်းကြောင့် ကောင်းကျိုးတွေရလာနိုင်သလို ဆိုးကျိုးတွေလဲဖြစ် ပေါ်နိုင်ပါတယ်။ ဒါ့ပြင် ကောင်းကျိုးနဲ့ဆိုးကျိုး ရောပြွမ်းပြီးလဲဖြစ်နိုင်ပါတယ်။

ပုဂံမင်းဆက် ၅၃ ဆက်မြောက်ဘုရင်ဖြစ်သူ နရသီဟပတေ့မင်းဟာ အစဉ်အလာအရ မင်းဖြစ် လာတာမဟုတ်ဘဲ အမတ်ကြီး ရာဇသင်္ကြံဦးဆောင်တဲ့ မှူးမတ်ဗိုလ်ပါတို့အစီအစဉ်နဲ့ နောင်တော်သီဟသူကို ကျော်ပြီး မင်းဖြစ်လာတယ်။ နရသီဟပတေ့ဟာ မင်းအဖြစ်ကိုရောက်ခဲ့တာကြာပြီဖြစ်ပေမဲ့ သူ့ကိုမင်း ဖြစ်အောင်ဖန်တီးပေးခဲ့တဲ့အမတ်ကြီး ရာဇသင်္ကြံကို မေ့လျော့နေခဲ့ပါတယ်။ တစ်နေ့မှာ အမတ်ကြီး ရာဇသင်္ကြံက ဘုရင့်ထံပန်းကပ်ပွဲကို ယူဆောင်ပြီး အခစားဝင်တယ်။ ဘုရင်ကပန်းကပ်သစ်ကို ကိုင်ပါလား၊ ဘာဖြစ်လို့အပဲ့ကိုကိုင်နေတာလဲလို့ ပြောတော့ရာဇသင်္ကြံက ပန်းကပ်လုပ်တဲ့ပန်းပွတ် သည်တွေ ကောင်းစားနေလို့ပန်းပွတ်လုပ်မဲ့သူမရှိပါ လို့ပြန်ဖြေလိုက်တယ်။ ဘုရင်နရသီဟပတေ့ရဲ့ မိခင် ဟာ ပန်းပွတ်သည်ရဲ့သမီးဖြစ်ပြီး နရသီဟပတေ့မင်း ဟာ ပန်းပွတ်သည်ရဲ့မြေးဖြစ်နေတော့ ဘုရင်က ဒေါသထွက်တာပေါ့။

ဒီတော့နရသီဟပတေ့မင်းက ရာဇသင်္ကြံအမတ် ကြီးကို ဘုရားထီးတင်ပြီးရင်ငြမ်းကိုဘယ်လိုလုပ်ရပါ သလဲလို့မေးတော့ အမတ်ကြီးက ထီးတော်တင့်တယ် အောင်ငြမ်းကိုဖျက်ရပါတယ်လို့ပြန်ဖြေတယ်။ ဘုရင် က မှန်ပါတယ်အမတ်ကြီး၊ အမတ်ကြီးက ငြမ်းနဲ့ တူတယ်။ ကျွန်ုပ်က ထီးနဲ့တူတယ်။ ငြမ်းနဲ့တူတဲ့ အမတ်ကြီးမရှိမှ ထီးနဲ့တူတဲ့ကျွန်ုပ်တင့်တယ်မယ်လို့ ပြောပြီး ရာဇသင်္ကြံအမတ်ကြီးကို ရာထူးစည်းစိမ် အဆောင်အယောင်တွေရုပ်သိမ်းပြီး ဒလကိုနယ်နှင် ဒဏ်ပေးခဲ့ပါတယ်။ ပညာရှိသတိဖြစ်ခဲဆိုသလိုစကား တစ်ခွန်းကို သတိလက်လွှတ်ပြောဆိုမိခြင်းရဲ့ဆိုးကျိုး ကို ရာဇသင်္ကြံအမတ်ကြီးခံစားသွားခဲ့ရပါတယ်။

ကြမ်းကျွံရင်နှုတ်လို့ရတယ် စကားလွန်သွားရင် နှုတ်လို့မရဘူးဆိုတဲ့အသိစိတ်နဲ့ မပြောခင်ကတည်းက ကြိုစဉ်းစားထား၊ ပြောနေဆဲမှာ အခြေအနေနဲ့ လိုက်လျောညီထွေဖြစ်အောင် ဆင်ခြင်ချိန်ဆပြီးမှ ပြော၊ ပြောလိုက်တဲ့ကိုယ့်စကားကိုလဲ ကိုယ်တာဝန် ယူ၊ ကိုယ်ပြောလိုက်တာမှားသွားရင်လဲ ရဲရဲဝံ့ဝံ့ဝန်ခံပြီး ချက်ချင်းအမှားပြင်နိုင်ဖို့လိုပါတယ်။

**ကိုယ်ချင်းစာစိတ်၊ သည်းခံစိတ်မွေးပါ**

မိမိအပေါ်ကို တခြားတစ်စုံတစ်ယောက်က လက်ခံနိုင်ဖွယ်မရှိတဲ့ အလုပ်တစ်ခုခုလုပ်ရင် မိမိက မကြိုက်သလိုပဲ သူတစ်ပါးမကြိုက်တဲ့အလုပ်မျိုးကိုလဲ မိမိကမပြုမိပါစေနဲ့။ ကိုယ်ချင်းစာနာစိတ်မွေးမြူပြီး ဆက်ဆံနိုင်ဖို့လိုပါတယ်။ လုပ်ငန်းတွေလုပ်နေကြရင်း စိတ်တိုင်းမကျစရာတွေ၊ စိတ်ပျက်စရာတွေ၊ မနှစ်သက် စရာတွေ၊ ဒေါသထွက်စရာတွေက မဖြစ်မနေ ကြုံလာ တတ်ပါတယ်။ ကြုံလာခဲ့ရင် ကိုယ်ချင်းစာစိတ်၊ သည်း ခံစိတ်တွေနဲ့ နားလည်ခွင့်လွှတ်ဆက်ဆံနိုင်ဖို့ လိုပါ တယ်။ အဆင်မပြေတဲ့အကြောင်းရင်းတွေဟာ ကိုယ်ချင်းစာစိတ်မမွေးနိုင်မှု၊ သည်းမခံနိုင်မှုတွေရဲ့ နောက်ဆက်တွဲဆိုးကျိုးတွေပါပဲ။

**သစ္စာရှိပါ**

သစ္စာဆိုတာ အမှန်တရား၊ မှန်ကန်သောစကား၊ နိုင်ငံ၊ လူမျိုး စသည်ပေါ်တွင်စောင့်သိရိုသေမှုလို့ အဓိပ္ပာယ်ရပါတယ်။ ဘယ်အလုပ်ကိုပဲလုပ်လုပ် သစ္စာ စောင့်သိရိုသေတဲ့သူဟာ အများရဲ့လေးစားချစ်ခင်မှု ကိုခံစားရပါတယ်။ ကိုယ့်မိသားစုအတွင်းမှာတောင် မိသားစုအပေါ် သစ္စာရှိရှိနေထိုင်လုပ်ကိုင်မှ သင့် တော်တာဖြစ်တဲ့အတွက် အများနဲ့ဆက်စပ်တဲ့အလုပ် တွေမှာ၊ အများအပေါ်၊ အဖွဲ့အစည်းအပေါ်၊ လုပ်ငန်း အပေါ်မှာ သစ္စာစောင့်သိရိုသေရပါတယ်။ သစ္စာရှိသူ တွေဟာ အခြေအနေတစ်ခုခုကြောင့် အခက်အခဲနဲ့ ကြုံနေရင်တောင် သူဟာသစ္စာရှိတဲ့သူဆိုတဲ့ဂုဏ် သိက္ခာကြောင့် အများကလေးစားချစ်ခင်ကြပါတယ်။ လူတိုင်းမှာ သမိုင်းကြောင်းဆိုတာရှိပါတယ်။ အဲဒီသမိုင်း ကြောင်းကို ကိုယ်တိုင်ရေးနေကြတာဖြစ်ပါတယ်။ သစ္စာရှိ သူပဲဖြစ်ဖြစ်၊ သစ္စာမဲ့သူပဲဖြစ်ဖြစ် ကိုယ့်သမိုင်းကို ကိုယ် ရေးကြတာဖြစ်လို့ ကောင်းကျိုးဆိုးကျိုးတွေက သားစဉ် မြေးဆက်ထိခံစားရမယ်ဆိုတာ သတိမူရပါမယ်။

**ရိုးသားပါ**


ဆက်ဆံရေးနယ်ပယ်မှာ ရိုးရိုးသားသားနဲ့ဆက်ဆံ ကြသူတွေဟာ ကာလရှည်ကြာအောင်အခင်အမင် မပျက်ပေါင်းသင်းဆက်ဆံနိုင်ကြပါတယ်။ လူတိုင်း၊ အဖွဲ့အစည်းတိုင်းဟာ ကိုယ့်အကျိုးစီးပွားကိုအခြေခံပြီး ဦးတည်လုပ်ကိုင်နေကြတာဖြစ်ပါတယ်။ အဲဒီလို လုပ်ကိုင်ရာမှာ အတ္တအကျိုးစီးပွားကို ရှိသင့်တာထက် လွန်ကဲပြီး လုပ်ဆောင်လာရင် လောဘဆိုတဲ့အကုသိုလ် က ချဉ်းကပ်လာပါတယ်။ လောဘနဲ့အတူဒေါသတွေ၊ မောဟတွေက လောဘနောက်ကကပ်ပါလာတတ်ပါ တယ်။ တစ်ယောက်ချင်းဆက်ဆံမှုမှာ မရိုးသားမှုနဲ့ ဆက်ဆံရင် တစ်ဦးတစ်ယောက်သာ မိတ်ပျက်သွား နိုင်ပေမဲ့ အဖွဲ့အစည်းအတွင်းမှာပဲဖြစ်ဖြစ်၊ အဖွဲ့အစည်း အချင်းချင်းပဲဖြစ်ဖြစ် မရိုးသားရင် အဖွဲ့အစည်းပါ ပျက်သုဉ်းသွားတတ်ပါတယ်။ ရိုးသားမှုဟာ လူ တစ်ယောက်၊ အဖွဲ့အစည်းတစ်ခုရဲ့ ဂုဏ်သိက္ခာဖြစ်လို့ ရိုးသားမှုနဲ့ဆက်ဆံကြရင် အကောင်းဆုံးပါပဲ။

မိတ်ကောင်းဆွေကောင်းတွေနဲ့ ရွေးချယ် ပေါင်းသင်းနိုင်ဖို့ အားထုတ်စရာတွေကတော့ အများ ကြီးပါ။ အလွန်အရေးကြီးတဲ့အကြောင်းကတော့ သင်္ဂဟတရားလေးပါးနဲ့အညီ ဆက်ဆံပေါင်းသင်းနိုင် ကြဖို့ပါ။ သင်္ဂဟဆိုတာ တစ်ပါးသူတို့ကိုချီးမြှင့်ခြင်း ဖြစ်ပါတယ်။ ဒါန=ပေးကမ်းထောက်ပံ့ခြင်းဖြင့်ချီးမြှင့် ခြင်း၊ ပေယျဝဇ္ဇ=ချစ်ဖွယ်စကားပြောဆိုခြင်းဖြင့် ချီးမြှင့်ခြင်း၊ အတ္ထစရိယာ=သူ့အကျိုးပြီးမြောက်အောင် ဆောင်ရွက်ပေးခြင်းဖြင့် ချီးမြှင့်ခြင်း၊ သမာနတ္တတာ= ကိုယ်နှင့်ထပ်တူပြုမှုဆက်ဆံခြင်းအားဖြင့် ချီးမြှင့်ခြင်း ဆိုတဲ့ သင်္ဂဟတရားလေးပါးနဲ့အညီ ကျင့်ကြံကြရင် ကြီးပွားချမ်းသာနိုင်မှာဖြစ်ပါတယ်။ သင်္ဂဟတရားတွေ ထွန်းကားလာရင် လူ့ဘောင်လောကကြီးဟာ ငြိမ်းချမ်း သာယာလာမှာဖြစ်လို့ လူတိုင်းကသင်္ဂဟတရားလေးပါး ကို ကျင့်ကြံအားထုတ်နိုင်ဖို့လဲလိုပါတယ်။

အဖိုးတန်ရတနာတွေကို မြေထဲကတူးဖော်မှ ရသလို ကိုယ့်ရဲ့ကံ၊ ဉာဏ်၊ ဝီရိယတွေကိုတည့်မတ်စွာ အသုံးချရင်း သင်္ဂဟတရားလေးပါးနဲ့အညီ ကျင့်ကြံ လိုက်နာကြရင်း မိတ်ကောင်းဆွေကောင်းတွေကိုရှာဖွေ ကြရပါမယ်။ ထကြွလုံ့လနှင့်ပြည့်စုံခြင်း၊ရရှိပြီးပစ္စည်း ဥစ္စာကိုမပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ မိမိအင်အားနှင့်မျှတစွာသုံးစွဲခြင်း၊ မိတ်ကောင်း ဆွေကောင်းများနှင့် ပေါင်းဖော်ခြင်းဆိုတဲ့ ကြီးပွား ချမ်းသာကြောင်းတရားလေးပါးနဲ့အညီ အားထုတ် ကြရပါမယ်။

မိတ်ကောင်းဆွေကောင်းတွေ ရှာဖွေပေါင်းသင်း နိုင်ဖို့မခက်ခဲပေမဲ့ နည်းလမ်းတွေကိုလိုက်နာဖို့ခက်ခဲ နေတတ်ပါတယ်။ လူဆိုတာဖြစ်ချင်တာကိုမဖြစ်ရင်၊ လုပ်ချင်တာမလုပ်ရရင် ဆင်းရဲလိုက်တာလို့ပြောတတ် ကြပါတယ်။ လုပ်သင့်တာတွေကိုမလုပ်ဘဲ မလုပ်သင့် တာတွေလုပ်နေကြလို့ ဖြစ်ချင်တိုင်းဖြစ်နေတာကိုတော့ သတိမထားမိကြပါဘူး။ လုပ်သင့်တာကိုလုပ်ပြီး မလုပ်သင့်တာတွေမလုပ်တာက လူတစ်ယောက်ချင်း စီရဲ့ အရည်အသွေးဖြစ်ပါတယ်။ လူတိုင်းကကိုယ်တိုင် အရည်အသွေးတိုးတက်အောင်လဲ ကြိုးစား၊ မဖြစ် မနေလုပ်ရမဲ့ မိတ်ကောင်းဆွေကောင်းတွေကိုလဲ ရှာဖွေပေါင်းသင်းပြီး ဘဝကိုတည်ဆောက်ကြမယ် ဆိုရင် တစ်ဦးချင်းစီသာမကပဲ လူ့ဘောင်အဖွဲ့အစည်း တစ်ရပ်လုံးပါ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်လာ မယ်ဆိုတာ ယုံကြည်မိပါကြောင်း ရေးသားလိုက် ရပါတယ်။

## သာဓုကီဠန အဂ္ဂိစျာပနသဘင် ဖိတ်ကြားလွှာ



ဆဌသင်္ဂါယနာ ကာရက၊ ဆဌသင်္ဂါယနာ ဘာဏက

အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိကဓဇ သာသနဓဇ သိရီပဝရ ဓမ္မာစရိယ

မန္တလေးတိုင်း သံဃာ့ဝန်ဆောင် နိုင်ငံတော်သံဃသမ္မုတိရ

အရညဝါသီ၊ လဒ္ဓိပေသလ သိက္ခာကာမ

### ဘဒ္ဒန္တ သုမန မဟာထေရ်

**သက်တော် (၉၃)နှစ် သိက္ခာတော် (၇၃)ဝါ**

မန္တလေးတိုင်းဒေသကြီး၊ ပျော်ဘွယ်မြို့နယ်၊ ထန်းပင်ရွာနေ ခမည်းတော်(ဦးဆိတ်)-မယ်တော်(ဒေါ်ညွန့်)တို့၏သား၊ ထန်းပင်ရွာဦးတိုက်ကျောင်း၊ အောင်ချမ်းသာကျေးရွာတိုက်ကျောင်း တို့၏ ဦးစီးပဓာန မဟာနာယက အဓိပတိဖြစ်တော်မူသော ဆရာတော် **ဘဒ္ဒန္တ သုမန မဟာထေရ် သက်တော်(၉၃)နှစ်၊ သိက္ခာတော်(၇၃)ဝါ** သည် ၁၃၈၄-ခုနှစ်၊ နှောင်းတန်ခူးလပြည့်ကျော် (၁၂)ရက်၊ ၁၆-၄-၂၀၂၃ ရက် တနင်္ဂနွေနေ့ နံနက် ၃း၃၀ နာရီတွင် ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ၁၃၈၅-ခုနှစ်၊ ကဆုန်လဆန်း (၂)ရက်၊ ၂၀-၄-၂၀၂၃ ရက် ကြာသပတေးနေ့တွင် သာဓုကီဠန အဂ္ဂိစျာပနသဘင် အခမ်းအနား ကျင်းပမည်ဖြစ်ပါကြောင်း ဆရာတော်၏ တပည့်ဒါယကာ၊ ဒါယိကာမများအား အသိပေး အကြောင်းကြားအပ်ပါသည်။

**ဆရာတော်၏ တပည့်သံဃာနှင့် ဒါယကာ၊ဒါယိကာမများ**

## လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး
## တင်ဒါခေါ်ယူခြင်း

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ် တိုင်းဒေသကြီးခွင့်ပြု ရန်ပုံငွေဖြင့် လမ်း၊ တံတားလုပ်ငန်းများကို တင်ဒါစနစ်ဖြင့် ဆောင်ရွက်မည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား တိုင်းရင်းသားလုပ်ငန်းရှင်များအား တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်/အချိန် | - (၂၇-၄-၂၀၂၃) နေ့ (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာအရောင်း ပိတ်မည့်ရက်/အချိန် | - (၁၀-၅-၂၀၂၃)နေ့နေ့လယ်(၁၂း၀၀)နာရီ |
| တင်ဒါလျှောက်လွှာတင်သွင်း ရမည့်ရက်/အချိန် | - (၉-၅-၂၀၂၃) မှ (၁၁-၅-၂၀၂၃)အထိ (ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် | - ထပ်မံကြေညာပါမည် |
| တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ | - ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊ လမ်း၃၀၊ ၇၀×၇၁လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့် စိစစ်ရေးအဖွဲ့**

**၀၂-၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**

## လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး
## တင်ဒါခေါ်ယူခြင်း

၁။ လမ်းဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ အထူးအဖွဲ့/ခရိုင်များမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်၊ ပြည်ထောင်စု/တိုင်းဒေသကြီး ခွင့်ပြုရန်ပုံငွေများဖြင့် လမ်းလုပ်ငန်းများဆောင်ရွက်ရန် လိုအပ်သည့် (၆၀/၇၀) နှင့် (၈၀/၁၀၀) အမျိုးအစား ကတ္တရာများကို (မြန်မာကျပ်ငွေ)ဖြင့် ဝယ်ယူလိုပါသဖြင့် အိတ်ဖွင့်တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

| | |
|---|---|
| တင်ဒါလျှောက်လွှာစတင် ရောင်းချမည့်ရက်/အချိန် | - (၂၇-၄-၂၀၂၃) နေ့ (ရုံးချိန်အတွင်း) |
| တင်ဒါလျှောက်လွှာအရောင်း ပိတ်မည့်ရက်/အချိန် | - (၁၀-၅-၂၀၂၃)နေ့နေ့လယ်(၁၂း၀၀)နာရီ |
| တင်ဒါလျှောက်လွှာတင်သွင်း ရမည့်ရက်/အချိန် | - (၁၀-၅-၂၀၂၃) မှ (၁၁-၅-၂၀၂၃)အထိ (ရုံးချိန်အတွင်း) |
| တင်ဒါဖွင့်ပွဲကျင်းပမည့် ရက်/အချိန် | - ထပ်မံကြေညာပါမည် |
| တင်ဒါလျှောက်လွှာ ဝယ်ယူရမည့်နေရာ | - ညွှန်ကြားရေးမှူး (မြို့ပြ)ရုံး၊လမ်းဦးစီးဌာန၊ လမ်း၃၀၊ ၇၀×၇၁လမ်းကြား၊ မန္တလေးတိုင်းဒေသကြီး၊ မန္တလေးမြို့။ |

၂။ တင်ဒါလျှောက်လွှာပုံစံနှင့် စည်းကမ်းချက်များကို အသေးစိတ်သိရှိလိုပါက အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကတ္တရာတင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**

**ဖုန်း- ၀၂-၄၀၃၉၁၈၄၊ ၀၂-၄၀၃၉၁၈၆**




လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ

လိုအပ်သည်ဟု ခံစားနေရပါက

သတင်းအချက်အလက်မျှဝေရာစင်တာသို့

ဆက်သွယ်နိုင်ပါသည်။

ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)၊ကျိုက်ဝိုင်းဘုရားလမ်း၊ မရမ်းကုန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီး

ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၁၉ (ရုံးချိန်အတွင်း)

# ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှုပိုငွေ ကန်ဒေါ်လာ ၃ ဒသမ ၆၃၉ သန်း ရရှိအောင်ဆောင်ရွက်နိုင်ခဲ့




**နေပြည်တော် ဧပြီ ၁၉**

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ကုန်သွယ်မှု ပိုငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၆၃၉ သန်း ရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန သတင်းများအရ သိရသည်။

တမူးနယ်စပ်ကုန်သွယ်ရေးစခန်းသည် အိန္ဒိယနိုင်ငံနှင့် နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်နေသည့် ကုန်သွယ်ရေးစခန်းဖြစ်ပြီး အခြားကုန်သွယ်ရေးစခန်းများအောက် ကုန်သွယ်မှုပမာဏ နည်းပါးသော်လည်း နှစ်စဉ်ကုန်သွယ်မှုပိုငွေ ရရှိအောင်ဆောင်ရွက်နိုင်သည့် ကုန်သွယ်ရေးစခန်းတစ်ခုဖြစ်ကြောင်း သိရသည်။

၂၀၁၈ မိနီဘတ်ဂျက်ကာလတွင် တမူးနယ်စပ်ကုန်သွယ်ရေးစခန်းမှ ပို့ကုန် အမေရိကန်ဒေါ်လာ ၇၅ ဒသမ ၈၂ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၀၇ သန်းဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၇၄ ဒသမ ၆၁၃ သန်း၊ ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၉၅ ဒသမ ၃၈၇ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၂၈ သန်းဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၉၄ ဒသမ ၁၀၇ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၄၀ ဒသမ ၇၃၁ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၄၄၃ သန်းဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃၉ ဒသမ ၂၈၈ သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပို့ကုန် အမေရိကန်ဒေါ်လာ ၃၃ ဒသမ ၅၅၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၁ ဒသမ ၇၀၄ သန်းဖြင့် ကုန်သွယ်မှုပိုငွေ အမေရိကန်ဒေါ်လာ ၃၁ ဒသမ ၈၅၄ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

ထို့အတူ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပို့ကုန်အမေရိကန်ဒေါ်လာ ၁၁ ဒသမ ၇၂၈ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ သုည ဒသမ ၀၆၃ သန်းဖြင့် ကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ ၁၁ ဒသမ ၆၆၅ သန်း၊ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင်လည်း ပို့ကုန်အမေရိကန်ဒေါ်လာ ၁၀ ဒသမ ၀၁၇ သန်း၊ သွင်းကုန်အမေရိကန်ဒေါ်လာ ၆ ဒသမ ၃၇၈ သန်းဖြင့် ကုန်သွယ်မှုပိုငွေအမေရိကန်ဒေါ်လာ ၃ ဒသမ ၆၃၉ သန်းရရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြောင်း သိရသည်။

SKL

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။


❖ ဒေသနှင့်တိုင်းပြည်၏ ရေရှည်အကျိုးကို ကြည့်၍ မိမိ၏ တာဝန်များကို ကျေပွန်အောင် တိတိကျကျဖြင့် အမှန်ခံပြောဆိုဆောင်ရွက်သွားကြရန်လို...

❖ ဥပဒေမဲ့ဆောင်ရွက်နေမှုများအား ပြောဆိုသတိပေးရမည်များကို ဆောင်ရွက်ရန် ပျက်ကွက်ခဲ့ပါက နောင်တစ်ချိန်တွင် ဒေသနှင့် တိုင်းပြည်၏ အကျိုးစီးပွားကို ကြီးမားစွာ သက်ရောက်ထိခိုက်စေနိုင်မည်ကို တာဝန်ရှိသည့် အုပ်ချုပ်သူတာဝန်ရှိသူများအနေဖြင့် သတိပြုဆောင်ရွက်ကြစေလို...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၂၀ ရက်တွင် ပြုလုပ်သော ရခိုင်ပြည်နယ် သံတွဲမြို့အတွင်းရှိ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးမှုမှ ကောက်နုတ်ချက်)**

**ရွှေတိဂုံစေတီတော်မြတ်ကြီးအား သံဃာအပါး ၁၁၁၁၁ ပါးတို့ဖြင့် ပုဒ္ဓါဘိသေကအနေကဇာတင်မင်္ဂလာအခမ်းအနားနှင့် စုပေါင်းဆွမ်းဆန်စိမ်းလောင်းလှူပွဲအောင်မြင်စွာကျင်းပနိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ** စာမျက်နှာ - ၁၆

# ၂၀၂၄ အမျိုးသမီးအာရှယူ-၂၀ ပြိုင်ပွဲ နောက်ဆုံးအဆင့်ခြေစစ်ပွဲ အုပ်စု(ခ)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိ




ရန်ကုန် ဧပြီ ၁၉

၂၀၂၄ အမျိုးသမီး အာရှယူ-၂၀ ပြိုင်ပွဲ နောက်ဆုံးအဆင့်ခြေစစ်ပွဲစဉ် မြန်မာယူ-၂၀အမျိုးသမီးအသင်း ပါဝင်ယှဉ်ပြိုင်မည့် အုပ်စု(ခ)ပွဲစဉ်များကို မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပခွင့်ရရှိခဲ့ကြောင်း သိရသည်။

မြန်မာ့လက်ရွေးစင် ယူ-၂၀ အမျိုးသမီးအသင်းသည် ၂၀၂၄ အမျိုးသမီး အာရှယူ-၂၀ ပြိုင်ပွဲ နောက်ဆုံးအဆင့် အုပ်စု(ခ)တွင် တရုတ်အမျိုးသမီးအသင်း၊ တရုတ်(တိုင်ပေ) အမျိုးသမီးအသင်း၊ နီပေါအမျိုးသမီးအသင်းတို့နှင့် အတူ တစ်အုပ်စုတည်းကျရောက်လျက်ရှိသည်။

၂၀၂၄ အမျိုးသမီး အာရှယူ-၂၀ ပြိုင်ပွဲ ခြေစစ်ပွဲနောက်ဆုံးအဆင့်တွင် အုပ်စုနှစ်ခုမှ ပထမနေရာနှင့် ဒုတိယနေရာတို့၌ ရပ်တည်နိုင်မည့်

စာမျက်နှာ ၂၁ ကော်လံ ၄ ☆

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့်ပြည်သူကို သတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

Central Hotel
YANGON
အမှတ် - (၃၃၃ ~ ၃၃၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၀ ~ ၈၂၄၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျှက်ရှိပါသည်..